

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







"တောက် ... မိုက်ရိုင်းလိုက်တာကွာ၊ လုပ်လိုက်ကြပြန်ပြီ"

ဖတ်လက်စဝတ္ထုစာအုပ်ကို အခန်းထောင့်ဆီမှ လှမ်းပစ်ပေါက်ရင်း လူပျိုကြီး ကိုကိုချစ်က စိတ်ဆိုးမာန်ဆိုး အော်ဟစ်ပေါက်ကွဲနေသည်။

အဆောင်သားအားလုံးက အချင်းချင်းလက်တို့ကာ၊ မျက်လုံးချင်းကြည့်ကာ သတင်းပို့ကြရင်း ပြုံးစိစိ ဖြစ်နေကြသည်။

လူပျိုကြီး ကိုကိုချစ်တို့ စာဖတ်ဝါသနာပါတာမို့ (စာကြီးပေကြီး၊ သုတစာပေ၊ တရားစာပေတို့တော့မဟုတ်) ထွက်သမျှ ကာတွန်း၊ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်း အကုန်ဖတ်သည်။ ပြီးလျှင် အနီကဲ့သို့ ဒေါ်မနုသသတွေပွားကာ အော်လားဟစ်လား၊ စာအုပ်ကို ဟိုပစ်လား၊ ဒီပေါက်လား လုပ်ရသည့်အကြိမ်ပေါင်းက မနည်း။

www.burmeseclassic.com



လူပျိုကြီး ကိုကိုချစ် ဘယ်လိုမှ သည်းမခံနိုင်ရသည့် အကြောင်းက သူဖတ်သည့် ဝတ္ထုစာတ်လမ်းတွေထဲမှာ လူပျိုကြီးတွေကို ဟာသစာတ်ကောင်တွေအဖြစ် ထည့်ရေးထားတာပဲ။

"ကြည့်ပါဦးဗျာ၊ အကြောင်းအမျိုးမျိုးကြောင့် ယောကျ်ား တချို့ဟာ အိမ်ထောင်မပြုကြဘူး၊ ဒါကို လူတွေက ဟိုပြောဒီပြော ဟိုလှောင် ဒီလှောင်နဲ့ လူပျိုကြီးဖြစ်ရင်ပဲ ကြောင်တောင်တောင် ဖြစ်နေပြီလိုလို၊ မိန်းမတစ်ယောက် ရအောင် မယူနိုင်ရင်ပဲ အသုံးမကျတဲ့ကောင် ဖြစ်ပြီလိုလို၊ ဘာလဲဗျ ... မိန်းမရတယ် မရဘူးဆိုတာ လူတစ်ယောက်ရဲ့ အရည်အချင်းကို တိုင်းတာစရာပေတံလား၊ ကျွန်တော်တို့မြို့က စံထွားဆိုတဲ့ကောင် ဆင်းရဲလိုက်တာလဲပြောကျ၊ ညံ့လိုက်တာလဲရှာပါ၊ ဒါတောင် အသက်ဆယ့်ရှစ်နှစ်မှာ အိမ်ထောင်ကျလိုက်သေးတယ်၊ အဲဒီကောင်မျိုးကို တော်တယ်လို့ သတ်မှတ်ရမလား၊ ပြီးတော့ဗျာ အိမ်ထောင်မရှိဘဲနဲ့ အောင်မြင်နေတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ လုပ်ငန်းရှင်ကြီးတွေ၊ သိပ္ပံပညာရှင်တွေ၊ အားကစားသမားတွေ၊ အနုပညာရှင်တွေ၊ သူတို့ကျတော့ရော လူညံ့တွေ ဖြစ်ကုန်ရောလား"





ဒါက လူပျိုကြီး ကိုကိုချစ် ပြောနေကျ လက်သုံးစကား။ သူ မကျေနပ်သည့် စာတ်လမ်းတစ်ခုခု ဖတ်လိုက်ရပြီဆိုတာနဲ့ ကိုကိုချစ်က အထက်ပါစကားစုကို တွေ့သမျှလူ လိုက်ပြောတတ်မြဲ။

"ကြည့်ကြပါဦးဗျာ ..."

အခုလည်း ကိုကိုချစ်တို့ ပုဆိုးကို ဒူးလောက်ရောက်အောင် ဆွဲမ,ကာ ရှူးရှူးရှားရှားကြီး ဖြစ်နေရင်း ဘယ်သူ့ကို ရည်ရွယ်မှန်း မသိသည့်စကားကို စ,ပြန်သည်။

ကိုကိုချစ်က သို့ကလို ဆိုလိုက်တာနှင့် သူ့အနီးအနားမှာရှိနေသည့် လူတွေအားလုံးဟာ အလိုလိုရှဲကုန်ကြရော။ တန်ခိုးသြဇာ ကြီးမားတယ်ပဲ ဆိုရမှာပေါ့။ ကိုကိုချစ်ရဲ့စကားဆိုရင် အားနာပါးနာလေးတောင် နားထောင်ပေးချင်တဲ့လူ မရှိတာ။

သူကလည်း သူပဲလေ။ ကိုယ့်စကားကို အလကား သက်သက်မဲ့ နားထောင်ပေးနေရပါလားလို့ အားနာရကောင်းမှန်းမှ မသိတတ်တာ။ တော်ရုံသင့်ရုံလောက် ပြောပြီး စကားဖြတ်လိုက်တယ်ဆိုရင်တောင် ရေရှည်မိတ်မပျက်သေး။ အခုကတော့ သားကောင်တစ်ကောင်ကို ကြောင်တောင်တောင်နဲ့ အမိဖမ်းလိုက်နိုင်ပြီဆိုတာနဲ့ နှစ်နာရီ သုံးနာရီလောက် သူ့အဆိုအမိန့်တွေ၊ ထင်မြင်ယူဆချက်တွေကို ဆက်တိုက်ပြောတော့တာ။ ကြာတော့

www.burmeseclassic.com



အစက ငအူတွေရော၊ အားနာပါးနာသမားတွေရော၊ သူ့ဆီက အကျိုးလိုလို့ ကြိတ်မှိတ်သည်းခံနေကြသူတွေရော တဖြည်းဖြည်း သူ့အနားက ရှဲကုန်သည်။ အကျိုးလိုလားသူ (သူ့လက်ဖက်ရည် ကပ်သောက်နေကျ ကြွေးယူနေကျ၊ အဝတ်အစား ငှားဝတ်နေကျ သူ)တွေတောင်မှ သူ့ဆီက ဘာအကူအညီမှ မရရင် နေပစေ နား ငြီးတာတော့ မခံနိုင်ဆိုပြီး ရှောင်ကြတာ။ ကျန်သည့်လူတွေဆို လျှင် ပြောမနေနဲ့တော့။ ကိုကိုချစ် ပါးစပ်ဟ,လိုက်တာနဲ့ အလု အယက် ပြေးကြ ရှောင်ကြတာများ ပွဲခင်းထဲ သူပုန်ဝင်စီးလို့ ထွက်ပြေးကြတာနဲ့တောင်တူသည်။

"သြော် ... လူတွေများ တယ်ညံ့ဖျင်းကြပါလား၊ တန်ဖိုး ရှိတဲ့စကား၊ အကျိုးရှိမယ့်စကားဆို နားထောင်ဖို့ ဝန်လေး လိုက်ကြတာ၊ အလကား အကျိုးမရှိ ကလေကလွင့် ထိုင် ပြောဖို့ဆိုရင်တော့ နေ့လုံးပေါက် ညလုံးပေါက်လည်းရ တယ်၊ ဒါကြောင့် လူငယ်တွေ မတိုးတက်တာ"

ကိုယ့်အကြံမအောင်တော့ ကိုကိုချစ် ပါးစပ်က တတွတ်တွတ်နဲ့ မကျေမချမ်း ရေရွတ်သံတွေပဲ ဆက်ထွက်လာ သည်။ သူ ဘယ်လောက်ပဲ စိတ်ဆိုးဆိုး နားငြီးတာထက်တော့ ကောင်းသေးတာမို့ အားလုံးက အခုမှ ဟင်းချနိုင်တော့လေသည်။

❤ ❤ ❤





"ဟော့ ... လူပျိုကြီး ... လာဗျို့၊ ဒီနေ့ တယ်စောပါလားဗျ"

မနက်စောစော လမ်းလျှောက်ထွက်ပြီး သောက်နေ ကျ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်တော့ ထွက်လာသည့် နှုတ်ဆက် သံတစ်ခုကြောင့် ကိုကိုချစ် မျက်နှာကြီး ရှုံ့မဲ့သွားသည်။

လူတွေများ အလကားနေရင်း ပါးစပ်အရသာခံပြီး သူတစ်ပါးကို နှိမ်ချင်တာ။ ကိုကိုချစ် လာဗျို့လို့ နာမည်ရင်းခေါ် ပြီး ပြောလည်း ရသားနဲ့ "လူပျိုကြီး"ဆိုတဲ့ နာမဝိသေသနကို သုံးလိုက်တာဟာ ဆိုင်ထဲက သူ့အကြောင်း သိပြီးသားလူတွေ ကို လှောင်စရာအဖြစ် သတိရအောင် လုပ်ပေးလိုက်သလို အကြောင်း မသိသေးတဲ့ လူတွေကိုလည်း သိအောင် တမင်လုပ်ပစ်တာ။

အို ...။ ဘာဖြစ်သေးလဲ။ လူပျိုကြီးလို့ အခေါ်ခံ ရတာကို ငါက နာလို့ခံခက် ဖြစ်နေရအောင် "လူပျိုကြီး"ဆိုတဲ့ စကားလုံးမှာ ဘာများနစ်နာစရာ ပါသွားလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ရဲ့စိတ်ကိုက လူပျိုကြီးဆိုတာ ဂုဏ်ငယ်တယ် ထင်မိလို့ အခုလို မခံမရပ်နိုင် ဖြစ်နေမိတာ။ ဘာဖြစ်သေးလဲ။ လူအိုကြီး ဖြစ်တော့ရော ဘာများ ဂုဏ်ရှိလို့လဲ။ ပြောကြဖြေကြဆိုရင် ပျိုတာနဲ့ အိုတာ ဘယ်ဟာက ပိုကောင်းတယ်လို့များ ထင်ကြသလဲ။ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ အသုံးအဆောင်ပစ္စည်းပဲဖြစ်ဖြစ်၊ အပင်ပဲဖြစ်ဖြစ် ပျိုမှသာ အသုံးကျတာ။ အိုသွားရင် သုံးမရတော့လို့ ဘယ်သူကမှ မလိုချင်ကြတဲ့ဟာ။

ကိုကိုချစ်က ကိုယ့်စိတ်ကိုယ် တင်းပစ်လိုက်ရင်း သူ့ကို လှမ်းနှုတ်ဆက်သည့် ရုံးအုပ်ကြီး ကိုသန်းဝေနား သွားထိုင်လိုက်ကာ ...

"ဟုတ်ပါ့ လူအိုကြီးရေ၊ ဒါပေမဲ့ ကျွန်တော် ဘယ်လောက်ပဲစောစော ခင်ဗျားကိုတော့ မမီနိုင်သေးပါလားဗျ လူအိုကြီးရ"

အခေါ်အဝေါ်ဆန်းဆန်းကြောင့် ကိုသန်းဝေ မျက်လုံးပြူးကာ တအံ့တဩ ဖြစ်သွားသည်။ နောက်တော့မှ သူ့ကို လူပျိုကြီး ခေါ်မိလို့ မိန်းမနဲ့ ကလေးငါးယောက်ရှိသော သူ့ကို လူအိုကြီး ပြန်ခေါ်လိုက်တာပဲလို့ သဘောပေါက်သွားကာ ရယ်ချင်ချင်ဖြစ်သွားရသည်။

"လူပျိုကြီးဆိုတာ ခင်ဗျားကို ချစ်စနိုးနဲ့ ဂုဏ်ပြုပြီးခေါ်တဲ့ သဘောပါဗျ"





"အင်းလေ ... ဒါကြောင့် ကျွန်တော်ကလည်း ခင်ဗျားလို ကလေးငါးယောက်အဖေကို လူအိုကြီးလို့ ပြန်ဂုဏ်ပြုတာပေါ့၊ ရုပ်ရှင်မင်းသား မင်းသမီးတွေလိုသာဆို ငါးထပ်ကွမ်းလူအိုကြီးလို့တောင်မှ ဂုဏ်ပြုခေါ်ဆိုထိုက်သေးတယ်"

"ဟီး ... ဟီး ... ဟီး"

ကိုသန်းဝေက သွားကြီးဖြဲကာ တဟီးဟီး ရယ်နေသည်။ ကိုယ်အလှည့်တုန်းက စိတ်ဆိုးခဲ့ရပြီး သူ့အလှည့်ကျတော့ တဟီးဟီး ရယ်နေနိုင်တာဟာ သိပ်တော့ မဖြစ်သင့်။ ကိုယ်ကပဲ ခံနိုင်ရည်နည်းတာလား၊ ဒါမှမဟုတ် လူအိုကြီးဆိုတဲ့ အခေါ်အဝေါ်က နာချင်စရာ မကောင်းဘဲ လူပျိုကြီးဆိုတဲ့ အခေါ်အဝေါ်ကမှ နာချင်စရာ ကောင်းနေတာလား။

"မင်းဟလည်းကွာ၊ ငါးထပ်ကွမ်း လူအိုကြီးဆိုတော့ ငါက အိမ်ထောင်ငါးခါကျထားသလို ဖြစ်သွားတာပေါ့ကွ၊ ကိုစံရှိန်လို လူမျိုးကို နှစ်ထပ်ကွမ်းလူအိုကြီးလို့ သွားခေါ်တာကမှ ဟုတ်သေး"

သူ ပြောတာလည်း ဟုတ်တုတ်တုတ်။ ကဲ ... ထားတော့။ သူတို့လို အိမ်မှာဆို မိန်းမက ဆူပူ၊ သားသမီးတွေက ကျီကျနဲ့ နေပျော်ထိုင်ပျော် မရှိဘဲ လက်ဖက်ရည်ဆိုင်တို့၊ ဘီယာဘားတို့၊ ဘိလိယက်ခုံတို့မှာသာ ငြိမ်းချမ်းရာကို လာရှာနေရသည့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေကတော့ ဒီလိုပါပဲ။ ဘာပြောပြော နာတယ်ရယ်လို့ကို သိပ်မရှိတော့။ သူ့အိမ်မှာ ခံရတဲ့ နားဒုက္ခထက် ကြီးတာလည်း လောကကြီးမှာ ရှိမှမရှိဘဲ။

ကိုကိုချစ်တို့လို လူပျိုလူလွတ်တွေကတော့ အနှောင်အဖွဲ့ကင်းသည်။ စိတ်လွတ်လပ် ပေါ့ပါးသည်။ နားချမ်းသာသည်။ ကိုယ့်အိမ်မှာပဲနေနေ၊ အလုပ်မှာပဲနေနေ၊ အဆောင်မှာပဲနေနေ အားလုံးအတူတူ။ ဒီတော့ စိတ်နေစိတ်ထားကလည်း အမြဲတမ်း တညီတညွတ်တည်း အပြောင်းအလဲမရှိ တည်ငြိမ်နေနိုင်သည်။

ကဲလေ ...။ ဒါကကျတော့ လူပျိုကြီးတွေရဲ့ အားသာချက်မဟုတ်ပေဘူးလား။ သောက အနှောင်အဖွဲ့ကင်းတဲ့ သူ့ရဲ့မျက်နှာဟာ အမြဲတမ်း ကြည်လင်နေပြီး အနှောင်အဖွဲ့တွေနဲ့ နောက်ကြောင်းမအေးသူတွေရဲ့ မျက်နှာကတော့ ရှုပ်ထွေးနောက်ကျိနေလေမှာ။

ကိုကိုချစ်က တစ်ထိုင်တည်းမှာတင် လူပျိုကြီးနဲ့ လူအိုကြီးတို့ရဲ့ အားနည်းချက်၊ အားသာချက် (လူပျိုကြီးတွေဘက်က အမြဲတမ်း အားသာလျက် လူအိုကြီးတွေဘက်က အမြဲတမ်း အားနည်းနေသည်)တွေကို ဆက်စပ်စဉ်းစားရင်း ကိုယ့်ဘာသာ အတွင်းကျိတ်ပြီး ပြုံးချင်နေသည်။

"ညက ဘောလုံးပွဲ ကြည့်လိုက်သေးလားဗျ"



စကားဝိုင်းဖွဲ့ဖို့အတွက် ကိုကိုချစ်က စကားအစ ထုတ်လိုက်တာပင်။ သူက တစ်နေကုန် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ဘောလုံးပွဲအကြောင်း၊ နိုင်ငံခြားရုပ်ရှင်ကားတွေအကြောင်း၊ (သူ့ဆီမှာ ဘယ်တုန်းကမှမရှိခဲ့ဖူးသော) မော်ဒယ်သစ်ကားတွေ အကြောင်း၊ ခုခေတ် ကောင်မလေးတွေရဲ့ ဖက်ရှင်အကြောင်း စသည်ဖြင့် စကားစပ်မိစပ်ရာတွေ ပြောမည်။ သူ့ဝိုင်းမှာ ထိုင်နေသူတစ်ယောက် ထ,သွားလျှင် နောက်ထပ် ဝင်ထိုင်သော တစ်ယောက်ကို ဆက်ပြောမည်။ အဲဒီတစ်ယောက်ယောက်၊ ထသွားတော့ ရော ပူစရာမလိုပါ၊ မျက်မှန်းတန်းမိသူတစ်ယောက် ဒါမှမဟုတ်ရင် အဖွဲ့တစ်ဖွဲ့ရှိမည့်ဝိုင်းဘက်ကို သောက်လက်စ ရေနွေးကြမ်းခွက်နဲ့ ဆေးပေါ့လိပ်လေးကိုင်ကာ ရွှေ့သွားလိုက်ရုံပဲပေါ့။

နောက်ဆုံး တစ်ဆိုင်လုံးကလူတွေ ကုန်သွားတော့ရော ဘာအရေးလဲ။ ဆိုင်မှာ ဘယ်တော့မှ ထွက်ပြေးလို့မရသည့် သူတွေ ကျန်နေသေးတာပဲ။ ဆိုင်ရှင်နဲ့ စားပွဲထိုးအလုပ်သမားလေးတွေလေ။ သူတို့တွေကတော့ ဆိုင်မီးမှောင်တော့မှပဲ ဆိုင်က ခွာရမယ့်သူတွေ။ သပိတ်ဝင် အိတ်ဝင်တွေပေါ့။

"မကြည့်ဖြစ်ပါဘူးဗျာ၊ မီးပျက်တော့ အင်ဗာတာထွန်းပြီး ကြည့်ရတာ၊ ခုတလော မီးလာချိန်ကလည်း နည်းတော့

www.burmeseclassic.com

www.burmeseclassic.com



အင်တာဘာ အားသွင်းဖို့ အချိန်မရတာ၊ ဆိုင်သွားကြည့်ဖို့ ကျတော့လည်း ညဉ့်နက်သန်းခေါင်ကြီး အိမ်ကုမိန်းမနဲ့ ကလေးတပြုံကြီး ထားခဲ့ရတာ အဆင်မပြေပါဘူးဗျာ"

ဩော် ... အရေးထဲ ဘောလုံးပွဲအကြောင်း ပြောချင်ကာမှ ဘောလုံးပွဲမကြည့်ဖြစ်တဲ့သူနဲ့ တိုးနေပါရောလား။

ဒါပေမဲ့ ကိုကိုချစ်ပဲလေ။ စကားကို ဒီဘက်လမ်းကြောင်းက မပြောရလျှင် ဟိုဘက်လမ်းကြောင်းကဲ ပြောင်းပြောရုံပေါ့။

"ခင်ဗျား ကြည့်မိသင့်တယ် ကိုသန်းဝေရ၊ မက်စီ တစ်ယောက်တည်း ခြေစွမ်းပြ ထိုးဖောက်ပြီး လေးဂိုးသွင်းချသွားတာ အာဆင်နယ်ကလူတွေဆိုတာ ငုတ်တုတ်မေ့တာပဲ၊ ဘာဆို ဘာမှ မလုပ်နိုင်ဘူး"

"အေးဗျာ ... ကျွန်တော်လည်း အခြေအနေကောင်းရင် ကြည့်ချင်လိုက်တာ၊ ပွဲက ပွဲကောင်းဗျ"

"သိပ်ကောင်းတဲ့ပွဲပဲပေါ့ဗျာ၊ ဒီနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွေထဲမှာတော့ ချယ်ဆီး–အင်တာပွဲ ပြီးရင် ဒီပွဲက အကောင်းဆုံးပဲ၊ ရာဇဝင်ကြွေးရှိထားတဲ့ အသင်းတွေဆိုတော့ ယှဉ်ပြိုင်မှုက ပြင်းထန်တာပေါ့၊ နောက်ပြီး ဘာကာဆိုတာက



လည်း ဥရောပမှာ အကောင်းဆုံးကလပ်အသင်း ဖြစ်နေတာ မဟုတ်လား၊ မက်ဆီကလည်း လောလောဆယ် အကောင်းဆုံးဆု ရထားတာဆိုတော့ သူ့ခြေစွမ်းကို ကြည့်ရတာ တန်သဗျို့၊ အာဆင်နယ် နောက်တန်းတွေကို လိမ်ခေါက်ပြေးလာပြီး ဂိုးထဲကို အဝေးက ကန်သွင်းပစ်လိုက်တာများ ဒိုင်းခနဲ တန်းနေတာပဲ"

ကိုကိုချစ်က အာပေါင်အာရင်းသန်သန် ပြောနေသမျှကို သန်းဝေ မျက်နှာကြီးက နောက်သို့ယိုင်ယိုင်သွားကာ ရှုံ့မဲ့သည်ထက် ရှုံ့မဲ့လာသည်။

"လက်ဖက်ရည်သောက်ဦးလေဗျာ၊ ကျွန်တော် ပြောတာတွေနားထောင်ပြီး ခင်ဗျား မျောသွားတယ်ထင်တယ်၊ လက်ဖက်ရည်သောက်ဖို့တောင် မေ့နေရတယ်လို့"

"မေ့တာမဟုတ်ဘူးဗျ၊ ခင်ဗျားပါးစပ်က စကားတစ်ခွန်းထွက်လာတိုင်း တံတွေးတွေ ဖွားခနဲ ဖွားခနဲ ဆောင့်ဆောင့်ပြီး ထွက်လာတာ ကျွန်တော့်ပန်းကန်ထဲ ဒါရိုက်ဟစ်ပဲဗျ၊ ခင်ဗျား ပြောင်းမလာခင်တုန်းက ကျွန်တော် သောက်ထားတာ ပန်းကန်က တစ်ဝက်ကျိုးနေပြီ၊ အခုကြည့်လေ၊ ပြည့်လာနီး လက်တစ်လုံးအလိုလောက်တောင် ပြန်ရောက်

www.burmeseclassic.com



နေတယ်ဆိုတော့ ခင်ဗျားတံတွေးတွေနဲ့ ပြန်ပြည့်သွားတာပေါ့"

"ဟာဗျာ ... ခင်ဗျားကလည်း"

ကိုသန်းဝေက ရွှဲ့ပြီး ပိုပိုမိုမို ပြောလိုက်တာ ဖြစ်ပေမယ့် ပြောပုံကြီးက ရွှံစရာ၊ အန်ချင်စရာကြီး ဖြစ်နေတာမို့ ကာယကံရှင် ကိုကိုချစ်တောင်မှ မျက်နှာကြီး မအီမလည်ဖြစ်သွားရသည်။

"ကျွန်တော့်ကြောင့် ခင်ဗျား လက်ဖက်ရည် ပျက်စီးသွားတယ်ဆိုလည်း နောက်တစ်ခွက် ထပ်မှာဗျာ၊ ကျွန်တော် တိုက်မယ်"

ပိုဆိုးတာပေါ့။ သူ့တံတွေးဝင်နေသည့် လက်ဖက်ရည်ကို ရွံရွံရှာရှာနဲ့ ကြိတ်မှိတ်သောက်လိုက်တာကမှ တော်ဦးမည်။ သူတိုက်သည့် လက်ဖက်ရည်ကိုသာ သောက်မိလို့ကတော့ သူ့ကျေးဇူးခံ ကျေးဇူးစားဘဝနဲ့ သူ ပြောသမျှ နားထောင်နေရတော့မှာ။

"တော်ပါပြီဗျာ၊ ကျွန်တော်ရောက်နေတာလည်း ကြာပြီဆိုတော့ ပြန်ပဲပြန်လိုက်ပါတော့မယ်၊ လက်ဖက်ရည်က နေ့ခင်းကျလည်း တစ်ခွက်တော့ သောက်ဦးမှာပဲဟာ"



"နေ့ခင်းကျ ခင်ဗျား ဒီဆိုင်ကို လာဦးမှာလား"

"လာမှာ ... အဲ ... ဒီဆိုင်တော့ လာချင်မှ လာတော့မယ်၊ ဈေးထိပ်က ဗလကြီးဆိုင်မှာ ကျွန်တော် ရစရာအကြွေးရှိသေးတယ်၊ အဲဒီဆိုင်ပဲ သွားသောက်တော့မယ်"

"ဟုတ်လား၊ ဈေးထိပ်က ဗလကြီးဆိုင်လား"

"အာ ... မဟုတ်သေးဘူး၊ မိန်းမက ဆံပင်ညှပ်ဆိုင်သွားမှာ အပြန်ဝင်ကြိုဖို့ မှာထားသေးတော့ ဆံပင်ညှပ်ဆိုင်ဘေးက ဆိုင်မှာပဲ မိန်းမကိုစောင့်ရင်း ထိုင်သောက်ဖြစ်ချင်သောက်ဖြစ်မယ်"

ဒီလူဟာ တော်တော်တော့ လွန်ပြီ။ သူ့ကို ကိုကိုချစ်လိုက်စကားမပြောနိုင်အောင် လက်ဖက်ရည်သောက်မယ့် နေရာကို သုံးလေးခု ရွှေ့ပြောနေလိုက်တာများ။

ဘာဖြစ်သေးလဲ။ ဒီရပ်ကွက်ထဲမှာ အားအားယားယား ယောကျ်ားသားတွေများတော့ လက်ဖက်ရည်ဆိုင်ဆိုတာကလည်း များမှများ။ ကြိုက်တဲ့ဆိုင် ဝင်ထိုင်လိုက်၊ ကိုယ့်စိတ်ကြိုက် စကားပြောခွင့်ရမယ့် အဖော်တော့ တွေ့မှာပဲ။

မှတ်သာထား။ လူဆိုတာ ကိုယ်ကပြောချင်တာလေးတွေရှိတဲ့ အချိန်လည်း ရှိဦးမှာပဲ။ အဲဒီလိုအချိန်မျိုးကျရင်သာ ခင်ဗျား ရွေးချယ်တဲ့သူဟာ ကျုပ်မဖြစ်စေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုချစ်က စိတ်ထဲကနေ ကြုံးဝါးပစ်လိုက်သည်။ လောလောဆယ် အောင့်သည်းအောင့်သက်နဲ့ ကျန်ခဲ့ရသည့် ဝေဒနာတော့ အနည်းဆုံး သက်သာသွားတာပေါ့။

"ရှင်းမယ်ယော့"

ကိုသန်းဝေ ပိုက်ဆံရှင်းပြီး ထွက်သွားချိန်မှာ ကိုကိုချစ်ကတော့ နောက်ထပ် သူ့စကားကို နားထောင်ဖို့ ဘယ်သူများရောက်လာလေမလဲလို့ စောင့်မျှော်ရင်း ကျန်ရစ်ခဲ့လေသည်။

❤ ❤





အဆောင်လမ်းထိပ်က ဘတ်(စ်)ကားဂိတ်မှာ ကိုကိုချစ် ရပ်စောင့်နေတာ တော်တော်ကြာသွားပြီ။

ကားဂိတ်မှာ ရပ်နေတာဖြစ်ပေမယ့် မြို့တွင်းမြို့ပြင်သွား ကားလိုင်းနံပါတ်စုံ၊ အမျိုးအစားစုံ အားလုံးရပ်ပြီး ပြန်ထွက်သွားကြပေမယ့် ကိုကိုချစ်က လိုက်မသွား။ အဲ ... ဘယ်လိုက်သွားပါမလဲ။ သူက ကားနဲ့လိုက်ပို့ စောင့်နေတာမှ မဟုတ်တာ။ ကားနဲ့ပါလာမည့် သူတစ်ယောက်ကို စောင့်ကြိုနေတာပဲ။

ထုံးစံအတိုင်း ကိုကိုချစ် တစ်ယောက် တစ်နေရာတည်းမှာ အကြာကြီး ရပ်နေပြီဆိုလျှင် ပတ်ဝန်းကျင်က စပ်စုကြပြီ။ မေးကြမြန်းကြပြီ။ ဟိုနေရာ ဒီနေရာက "လူပျိုကြီး ဘာလုပ်နေတာလဲ"၊ "လူပျိုကြီး ဘာစောင့်နေတာလဲဗျ"၊ "လူပျိုကြီး ကိုကိုချစ်ပါလား၊ ဘယ်သူ့ကို မျှော်နေတာလဲရှင့်" ဆိုသည့် အသံတွေ ထွက်ထွက်လာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဲပျက်ပါရဲ့။ ဘယ်သူ့စောင့်နေတာလဲ၊ ဘာမျှော်နေတာလဲ စသည့်မေးခွန်းတွေ မေးတာက အကြောင်းမဟုတ်။ မေးခွန်းတွေ အားလုံးရဲ့ရှေ့မှာ လူပျိုကြီး ... လူပျိုကြီး ဆိုသည့် နာမဝိသေသနကြီး ထည့်ထည့်ပြီး ခေါ်နေတာကို မခံနိုင်တာ။ တစ်ယောက်က လူပျိုကြီး ခေါ်သွားလိုက်၊ နောက်တစ်ယောက် ကလာပြီး လူပျိုကြီး ခေါ်သွားလိုက်နဲ့ ပြပွဲကြီးလုပ်သလိုတောင် ဖြစ်နေသည်။

စောင့်နေရတဲ့ လူကလည်း ကြာလိုက်တာဗျာ။ လူတစ်ယောက်ကို ဒီလိုသာ အချိန်တွေပေးပြီး စောင့်နေရမယ်ဆိုရင် ဘယ်မှာလာပြီး အလုပ်ဖြစ်တော့မှာလဲ။

အင်း ...။ လမ်းများမှားနေပြီလား။ ကောင်မလေးက အညာကနေ ရန်ကုန်ကို ရောက်လာမှာဆိုတော့ မသွားတတ် မလာတတ်နဲ့ လမ်းမှားတာလည်း ဖြစ်နိုင်တာပဲ။ ငါ့နယ်နော် ဘူတာရုံမှာကတည်းက သွားစောင့်ကြိုလာလိုက်လည်း ပြီးရော။ နည်းနည်းလေး အပျင်းနိုချင်တာနဲ့ အဆောင်လမ်းထိပ်ကို ညွှန်းပြီး လမ်းထိပ်ကပဲ ထွက်စောင့်နေမိတော့ အခုလို ဘယ်အချိန်လာမှန်းမသိ၊ လမ်းမှာ ဘာတွေဖြစ်မှန်းမသိ စိတ်ပူပြီး တမျှော်မျှော် လုပ်နေရတဲ့အဖြစ်ကို ရောက်ကရောပေါ့။





စောင့်နေရတာလည်း တစ်နာရီမကတော့ပြီ။ ဘူတာရုံရောက်တုန်းက ကောင်မလေးနဲ့အတူပါလာသည့် အသိ အန်တီကြီးက ရန်ကုန်ရောက်ပြီလို့ ဖုန်းဆက်သေးသည်။ ကောင်မလေးကို လိုင်းကားနဲ့ တင်လွှတ်လိုက်ပြီတဲ့။ ကိုကိုချစ်ကလည်း အချိန်ကိုတွက်ချက်ပြီး ကားဆိုက်မည့်အချိန်လောက်မှန်းကာ လာစောင့်နေလိုက်တာ။ ဘူတာကြီးနဲ့ သူနေသည့် သယ်န်းကျွန်းကို ဘယ်လောက်ပဲ တယောထိုးကောင်းသည့် လိုင်းကားဖြစ်ပါစေ တစ်နာရီခွဲတော့ မကြာ။

ကိုကိုချစ်က ပုဆိုးကို ပြင်ဝတ်လိုက်သည်။ ရှပ်အကျႌလက်ကိုပင့်တင်၏။ တစ်ခုခု လုပ်တော့မလို မောင်းတင်ပြင်ဆင်ပြီးတော့မှ အကြောင်းကြောင်းနဲ့ ပြန်ငြိမ်သွားသည်။ ဘယ်လိုက်လို့ လိုက်ရမှာလဲ။ ကောင်မလေးကဖြင့် ဘယ်ကိုသွားမှန်းမသိဘဲ သူက စွတ်ရွတ်လိုက်တော့ရော အလုပ်ဖြစ်မှာမှ မဟုတ်တာ။

ဆက်ပဲစောင့်ရနိုး၊ လိုက်ပဲရှာရနိုး၊ အိမ်ပဲပြန်အိပ်ရနိုးနဲ့ တစ်ယောက်တည်း ယောင်ချာချာ၊ ချီတုံချတုံ ဖြစ်နေသည့် ကိုကိုချစ်ရှေ့သို့ မာ့ခ်တူးအငှားကား ဖြူဖြူလုံးလုံးကြီးတစ်စင်း ထိုးဆိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကားကြီးက ကိုယ်နဲ့ဆိုင်တယ် မထင် မိ။ ကားထဲက ခါးပတ်နဲ့ ရှပ်ပုံခါးရှည် အကွက်ဆင်အင်္ကျီ၊ သရီး ကွာတား ဘောင်းဘီတိုနဲ့ ရှူးဖိနပ်အပါးစားလေး စီးထားသည့် ဒီနိုင်းလန်လန်နဲ့ ကောင်မလေးတစ်ယောက် ဆင်းလာသည်အထိ လည်း ငေးသာငေးကြည့်မိလျက် စိတ်ထဲက ဘယ်လိုမှ မနေသေး။

ကောင်မလေးက ကားထဲက ဝန်စည်စလယ်တွေကို တစ်ခုပြီးတစ်ခု ချနေသည်။ အနီရောင်ကွက်ကျား ခရီးဆောင် အိတ်ကြီးက နှစ်လုံး၊ အနက်ရောင်အိတ်ပျော့ကြီးက တစ်လုံး၊ မိုးကာသား ဒိုရေမွန်ပုံ အိတ်ခပ်လတ်လတ်က နှစ်လုံး၊ ပလတ် စတစ်ခြင်းတောင်းကြီး တစ်လုံးနဲ့ ကြိမ်ခြင်းတောင်းကြီးတစ်လုံး၊ ပြီးတော့ ကတ်ထူသား ဘူးရှည်ကြီးကနှစ်ခု။

မာ့စ်တူးကားကြီးရဲ့ နောက်ခန်းနဲ့ နောက်ဖုံးတစ်ခု လုံး ထည့်လို့ရသမျှ နေရာအကုန် သွပ်ထည့်လာခဲ့ပုံရသည့် ပစ္စည်းတွေဟာ ဆွဲချလို့ကို မကုန်နိုင်။ မျက်လှည့်ဆရာဦးထုပ် ထဲက ပစ္စည်းတွေ မကုန်နိုင် မခန်းနိုင် တစ်ခုပြီးတစ်ခု ထုတ်ထုတ် ပြသလိုမျိုး ပစ္စည်းတွေဟာ လမ်းမပေါ်မှာ စုပုံနေပြီ။

ကောင်မလေးက ကားဆရာကို ကျသင့်ငွေ ရှင်းပေး လိုက်ပြီးမှ ကိုကိုချစ်ဘက် လှည့်လာကာ ...



"ဟော့လူကြီး ... ဟော့လူကြီး၊ ခင်ဗျား ဦးကိုကိုချစ် မဟုတ် လား"

ကိုကိုချစ် မျက်လုံးတွေပြူးကျယ်သွားရသည်။ သူ တစ်ခါမှ မတွေ့ဘူးသော ကောင်မလေးတစ်ယောက်က သူ့ကို သိနေတယ် ဆိုပါလား။

ဟုတ်တော့ ဟုတ်နေပါပြီ။ ဒီကောင်မလေးဟာ နယ်ကနေ ရောက်လာမည်ဆိုလို့ သူ စောင့်ကြိုနေရသော မူယာ ကြော့ဆိုသည့် ကောင်မလေးပဲ ဖြစ်ရမှာပေါ့။

လုံးဝကို ထင်မထားသည့် အဖြစ်ပါလား။ သူ မျှော်လင့်ထားတာက အညာသူပီပီ အသားညိုညို၊ ကုပ်ချိချိလေး နဲ့ တရုတ်ပွင့်ရိုက် ဒါမှမဟုတ် ပါတိတ်ဝမ်းဆက်ကလေးဝတ်လို့ ကတ္တီပါခြေညှပ်ဖိနပ်လေးနဲ့ ဆံပင်ရှည်ရှည်ကို ကျစ်ဆံမြီးကျစ် လျှင်ကျစ်၊ ဒါမှမဟုတ် ခလုတ်ကလစ်နဲ့ ရိုးရိုးလေး ညှပ်ထားမည့် ပုံစံမျိုး။ အဲဒီကောင်မလေးမျိုးဟာ ခရီးဆောင်အိတ် ပုံတုံးတုံးနဲ့ လွယ်အိတ်လေးတစ်လုံးလွယ်ကာ လိုင်းကားပေါ်ကနေ ကုပ်ကုပ် လေး ဆင်းလာမယ် ထင်ထားတာ။ ပြီးတော့ ဘတ်စ်ကားဂိတ် နဲ့ အနီးတစ်ဝိုက်ကို ကျိုးကြည့် ကြောင်ကြည့် လှည့်ပတ်ကြည့်ကာ ကိုကိုချစ်ကို ရှာဖွေလိမ့်မည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဟုတ်ပါရိုးလား။ အံ,တီးအ,တ အညာသူပုံ လုံးဝမထွက်သည့်အပြင် ခုခေတ်ရန်ကုန်သူတချို့ကတောင် အစ်မ ခေါ်ရလောက်သော အလှန်စားပုံစံနဲ့။ ပစ္စည်းတွေကလည်း တော်ရုံ တန်ရုံမိသားစု အိမ်ပြောင်းသလောက် တစ်ပုံတစ်ပင်နဲ့ တမ္ဘာယ့် အပျံစားအခန့်စား ကောင်မလေးတစ်ယောက် ဖြစ်နေကာ ကိုကိုချစ် ကိုလည်း သူမကပဲ စ,သိနေတဲ့ပုံနဲ့။ အပိုင်အနိုင်ကြီး။

ကောင်မလေးကို ကိုယ့်ကိုအားကိုးနေရမည့် ခပ်ကုပ် ကုပ်ကလေး ထင်မှတ်ထားမိသော ကိုကိုချစ်မှာ ကိုယ်ကပဲ ခပ် ကုပ်ကုပ်၊ ခပ်ငုပ်ငုပ်ကလေး ဖြစ်သွားရကာ ကောင်မလေးရှေ့သို့ ရိုရိုကျိုးကျိုးကလေး ရောက်သွားရလေသည်။

"ကျွန်မက မူယာကြော့ပဲ၊ ဦးကိုကိုချစ် ကျွန်မကို လာ စောင့်နေတာ မဟုတ်လား"

အောင်မယ်။ လေသံက အပိုင်အနိုင်ကြီးနဲ့။ မဟုတ် ဘူးဟေ့ ငါ့ဘာသာ ကားဂိတ်မှာ လေညင်းလာခံနေတာလို့ ပြော ပစ်လိုက်ရ အကောင်းသား။

သို့သော် ကိုကိုချစ်တို့ စိတ်တိုင်းကျပြောခွင့်မသာ လိုက်ပါ။ ကောင်မလေးက သူ့ပစ္စည်းပုံကြီးကို လက်ညှိုးထိုးလျက်–

"အဲဒါတွေ သယ်သွားပေး"





"ဗျာ"

"ကြော့ပစ္စည်းတွေလေ၊ ကြော့နေဖို့ ငှားထားပေးတဲ့ အဆောင်ကို သယ်သွားပေးလို့၊ အဆောင်က ဒီလမ်းထဲ မှာပဲ မဟုတ်လား"

"ဒီလမ်းတော့ ဒီလမ်းထဲပဲ၊ အထဲနည်းနည်းဝင်ရမှာ ပစ္စည်း တွေ ဒီလောက်များတာ နှစ်ယောက်တည်း ဘယ်လိုလုပ် သယ်မလဲ"

"ဒါဆို ဦးကိုကိုချစ်ပဲ သယ်လိုက်လေ၊ နိုင်သလောက်ကို ပထမတစ်ခေါက်သယ်ပေါ့၊ ကျန်တာတွေ ကြော့စောင့်နေ လိုက်မယ်၊ နောက်တစ်ခေါက်ကျမှ ကြော့လည်း ကူသယ် ပြီး အတူတူ သွားကြမယ်လေ"

မိန်းမများ အစီအစဉ်ကတော့ သွက်လက်ချက်ချာကာ အံဝင်ခွင်ကျ ဖြစ်လိုက်ပါ။ ပြီးတော့ စီစဉ်လိုက်သမျှ သူတို့ ခံရတာရယ်လို့ ဘာမှမရှိ။ အဘက်ဘက်က အသာစီးရယူပြီးသား။

"ကဲပါ ... စဉ်းစားမနေနဲ့ နေပူတယ်။ ဒီအကွက်သေတ္တာ တစ်လုံးရယ်၊ အနက်ရောင်အိတ်ရယ်၊ ဒိုရေမွှန်ပုံအိတ်တစ် လုံးရယ်လောက်ကတော့ တစ်ခါတည်း နိုင်တယ်၊ အဲဒါ အရင်ယူသွားလိုက်၊ အဆောင်မှာ ပစ္စည်းတွေ ခဏထားခဲ့ ဖို့ စိတ်ချရတဲ့သူကိုလည်း အပ်ထားခဲ့ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောသည့်အတိုင်း အကွက်သေတ္တာကြီးကို တစ်ဖက်ကဆွဲ၊ အနက်ရောင်အိတ်ကြီးကိုလွယ်၊ မိုးကာသားနီရေစွန်ပုံအိတ်ကို ကျန်လက်တစ်ဖက်ကဆွဲပြီး ထွက်ခဲ့ရသည်။

ကောင်မလေးတော့ ဒီပစ္စည်းတွေ ရန်ကုန်ရောက်အောင် ဘယ်လိုသယ်လာသည်မသိ။ ကိုကိုချစ်ကတော့ ခါးတောင်ကျိုးတော့မလား ထင်မိသည်။ စ,ထွက်လာကာစကတော့ ဟုတ်သလိုလို ထင်မိပေမယ့် လမ်းလျှောက်ရင်း လျှောက်ရင်း အလေးချိန်စီးတာက ပိုပိုပြီး သိသာလာသည်။

ဒါတောင် သူ သယ်လာတာက တစ်ဝက်မကျိုးသေး။ ဒုတိယတစ်ခေါက်ကျလျှင်တော့ မရွှေချောက ကူသယ်ပေးမယ်လို့ ကတိပေးထားပေမယ့် ရှိပစ္စည်းကိုတွေကို သူမက တစ်ဝက်ကူသယ်လျှင်တောင် ကျန်သည့်တစ်ဝက်ဟာ ဒီထက်တော့ လေးလံမှာပင်။

လူပေါင်းတော့ မှားပါပြီဗျာ။ နယ်ကအဖေက ဖုန်းဆက်ပြီး သူ့သူငယ်ချင်းသမီးလေး ရန်ကုန်မှာ ကျောင်းလာတက်မယ်၊ မင်းတို့နှစ်ယောက်ကို လူကြီးချင်း ရည်ရွယ်ထားတာမို့ ကောင်မလေးနဲ့ မင်းနဲ့ နီးစပ်ရအောင် မင်းနေတဲ့လမ်းထဲမှာ အဆောင်ငှားပေးလိုက်ပါ၊ အစစ သူလိုသမျှ ကူညီပေးလိုက်ပါလို့





ပြောတုန်းကတော့ ဒီလို ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ။

ကိုကိုချစ်တို့ ကိုယ့်ဘာသာ စိတ်ကူးလေးယဉ်နေမိတာက မလုပ်တတ် မကိုင်တတ်၊ မသွားတတ် မလာတတ် ရိုးရိုးအ,အ ကောင်မလေးကို အနီးကပ်ကူညီဖေးမ စောင့်ရှောက်ရင်း ကောင်မလေးရဲ့ အထင်ကြီး အားကိုးမှုကို ရယူမည်၊ အဲဒီကမှ တစ်ဆင့်တက်ပြီး ... ဟီး ဟီး။

ခုတော့ ဟုတ်ပါရိုးလား။ ကောင်မလေးက ရိုးရိုးအ,အနဲ့ ကိုယ့်အကူအညီကို ယူဖို့နေနေသာသာ ချိန်ခွင်နဲ့ချိန်ပြီး ရောင်းစားမသွားရင်ပဲ ကျေးဇူးတင်ရမယ့် အနေအထားဖြစ်နေပြီ။

"ဟဲ့ ... လူပျိုကြီး ကိုကိုချစ်၊ အထုပ်အပိုးတွေနဲ့ ဘယ်လိုဖြစ်လာတာလဲ၊ ငါ့အဆောင်မှာ ပြောင်းနေတော့မလို့လား"

အဆောင်ရှင် အန်တီကြီး ဒေါ်သင်းသင်းက ရယ်ကာ မော်ကာ နှုတ်ဆက်လိုက်ပေမယ့် ကိုကိုချစ် ခများ စကားပြန်မပြောနိုင်ရှာပါ။ လျှာထွက်မတတ် ဟောဟဲဆိုက်နေသည်။

"အန်တီသင်း ... ဒီမှာ ပစ္စည်းတွေ ခဏထားခဲ့မယ်၊ ကျွန်တော် တစ်ခေါက်ပြန်လာမယ်နော်၊ သေချာကြည့်ထားပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟဲ့ ... စိတ်ချသာသွား၊ ဖြည်းဖြည်းလည်းသွားဦးနော်၊ ခလုတ်တိုက်နေမယ်"

ဒေါ်သင်းသင်းက နောက်ပြောင်လိုက်တာ ဖြစ်သော်လည်း ကိုကိုချစ်မှာတော့ တကယ့်ကို ခြေဒရွတ်ဆွဲကာ ခလုတ်အကြိမ်ကြိမ် တိုက်မိနေတော့တာ။

"ကြာလိုက်တာ၊ ဘယ်တွေများ ဝင်နေသေးလဲ"

လမ်းထိပ်ပြန်ရောက်တော့လည်း မျက်နှာကောင်းမရရှာ။ မချောကလေးက ဆီးပြီး ဆူလားငေါက်လား လုပ်တာကို ခံရပါလေရော။

"ဘယ်မှမဝင်ဘူး၊ အဆောင်က အထဲတော်တော်ဝင်ရတာ နား,နားပြီး သွားရတာပေါ့"

"ဟွန့် ... လေးလုံးခြောက်ဖက် ယောကျ်ားကြီးဖြစ်ပြီးတော့များ ဒီလောက်ကလေးကို မနိုင်ဘူးလားလို့"

ကိုကိုချစ်က ကောင်မလေးနဲ့ ပြိုင်ငြင်းမနေတော့။ ဘေးနားက ဖြတ်သွားသည့် ကုလားလေးမွှန်နှားကိုပဲ လက်ခုပ်တီးကာ လှမ်းခေါ်လိုက်တော့သည်။

"သူက ဘယ်သူလဲ၊ ဘာလုပ်မလို့လဲ"

"ရပ်ကွက်ထဲမှာ ရေထမ်းရောင်းတဲ့ ကောင်လေး၊ သူ့ကို ဒါတွေ ကူသယ်ခိုင်းမလို့"



"အဲလိုခိုင်းရင် သယ်ပေးပါ့မလား"

"မုန့်ဖိုးတော့ ပေးရမှာပေါ့ဟ"

"အို ... မုန့်ဖိုးပေးရမယ် ဆိုရင်တော့ မခိုင်းနဲ့၊ ပစ္စည်းက ဘယ်လောက်ကျန်တော့လို့လဲ၊ ကြော့လည်း ကူသယ်မှာပဲဟာကို၊ သွား ... သွား ... ကောင်လေး၊ ခိုင်းမလို့ မဟုတ်ဘူး"

"ဟာ ... ခိုင်းပါ၊ ခေါ်ပြီးမှတော့"

"ခေါ်တာက ရှင်ခေါ်တာပဲ၊ ကြော့က ခေါ်ခိုင်းတာမှ မဟုတ်တာ၊ သွား ... သွား ... ကိုယ့်ကိစ္စပဲ ကိုယ်လုပ်"

မူယာကြော့က ကုလားလေးကို အတင်းမောင်းထုတ်နေတာမို့ ကောင်လေးခမျာ ကိုကိုချစ်ကို ကြည့်လိုက်၊ မူယာကြော့ကို ကြည့်လိုက်နဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

မူယာကြော့က ဒါကိုပဲ ကုလားလေးကို သူမစကားနားမထောင်ရကောင်းလားလို့ စိတ်တိုသွားကာ ...

"အေးနော် ... ကိုယ့်ဘာသာ ဝင်သယ်ရင် စေတနာနဲ့ဝင်ကူတဲ့သဘောပဲဖြစ်မယ်၊ လုပ်အားခတော့ ပေးမှာမဟုတ်ဘူး"

"အာ ... အစ်မလေး သိပ်ဆိုးတယ်နော်၊ ကျွန်တော်စေတနာတွေ အလဟဿဖြစ်ကုန်ပြီ၊ နေပစေ အစ်မလေး၊ [illegible]

www.burmeseclassic.com



တို့က အသပြာကိုချည်း တမ်းတမ်းစွဲ လိုက်နေတာမဟုတ်ဘူး၊ လျှာပေါ်မြက်ပေါက်ပါစေ လူ့သိက္ခာတော့ အစော်ကားမခံဘူး၊ မွန်နား သွားမယ်"

"အ ... အာ ... ဟောကောင် မွန်နား၊ နေဦးလေကွ၊ မင်းကိုငါကခေါ်ထားတာ၊ ငါပြောပါရစေဦး"

"တော်ပြီ ဆရာကြီး၊ မွန်နားတို့က လူဆင်းရဲပေမယ့် သိက္ခာမဆင်းရဲဘူး၊ ကိုယ့်ကို နင်ပဲဝဆပြောတဲ့ သူအတွက်တော့ မွန်နားရဲ့ချွေးတစ်စက်တောင် မပေးဆပ်နိုင်ဘူး"

"အောင်မယ်လေး ... ကြီးကျယ်လိုက်တာ၊ ကြီးကျယ်လိုက်တာ၊ မပေးဆပ်နိုင်လည်း အမြန်သွားဟဲ့၊ စကားတွေလာများမနေနဲ့၊ ငါ့နှယ်နော်၊ ဒီရပ်ကွက်ထဲ ရောက်မယ်တောင် မကြံသေးဘူး ရန်က ဖြစ်ရပြီ၊ စိတ်ညစ်လိုက်တာ။ ကဲပါဦးကိုကိုချစ်ရယ်၊ ယောက်ျားကြီးတန်မဲ့ ဒီလောက်ကလေးတောင် အပင်ပန်းမခံနိုင်ဘူးဆိုရင် ရှက်စရာ ကောင်းပါတယ်၊ သယ်စရာရှိတာ သယ်စမ်းပါ၊ မိန်းကလေးဖြစ်တဲ့ကြောင့်တောင် သယ်ရမှာပဲဟာ"

သူမက ပြောပြောဆိုဆို ပလစ်စတစ်ခြင်းတောင်းနှင့် ဒိုရေမွန်ပုံအိတ်ကို ကောက်ဆွဲလိုက်သည်။



ပလတ်စတစ်ခြင်းတောင်းထဲမှာ ထမင်းချိုင့်တစ်လုံး၊ အိုဗာတင်းတစ်ဘူး၊ ငါးပိကြော် ငါးခြောက်ကြော်လိုမျိုး အခြောက်အခြမ်း စားစရာတွေ ထည့်ထားပုံရသော ပုလင်းသုံးလေးလုံး၊ ပန်းကန်ပြား ပန်းကန်လုံးတချို့ အစရှိတာတွေပဲပါသည်။ ဒိုရေမွန်အိတ်ကတော့ ခပ်ပေါ့ပေါ့ပဲဖြစ်မှန်း သိသာစွာ ကောင်မလေးလက်ထဲမှာ သက်သောင့်သက်သာ ရှိနေသည်။ ကြည့်ရတာ ခေါင်းအုံးတို့ ခြင်းတောင်းတို့ စောင့်တို့လိုမျိုး နေရာသာယူပြီး ဝန်ပေါ့သည့် ပစ္စည်းမျိုးပဲ ဖြစ်မှာ။

"ဒါတွေအားလုံး တစ်ခေါက်တည်း ဘယ်လိုသယ်ရမလဲဗျ"

"အလွယ်လေး ... အနီကွက်အိတ်ကြီးက လက်တစ်ဖက်ကသယ်၊ ကြိမ်ခြင်းတောင်းက တစ်ဖက်ကသယ်ပေါ့"

ကြိမ်ခြင်းတောင်းကို မ,ကြည့်လိုက်တော့ သူမရဲ့ ပလတ်စတစ်ခြင်းလို မပေါ့ပါးဘဲ အလေးချိန် စီးစီးပိုးပိုး ရှိတာကို တွေ့ရသည်။ အထဲကို ချောင်းကြည့်လိုက်တော့ ဂက်(စ်)မီးဖိုအသေးတစ်လုံး၊ ဿံရေတ်ဆုံတစ်ခု၊ သနပ်ခါးကျောက်ပျဉ်နဲ့ သနပ်ခါးတုံး သုံးတုံး၊ ဓာတ်ဘူးက နှစ်လုံး၊ ပန်ကာအသေးစားတစ်လုံး စတာတွေကို တွေ့ရသည်။

"ခြင်းတောင်းက ဟဲဗီးတွေချည်းပဲ၊ အဲဒါတွေ သယ်ပြီး ဒီကတ်ထူဘူးတွေကျတော့ရော"

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းပေါ်စွက်ပေါ့"

"ဗျာ … ခေါင်းပေါ်စွက်ရမယ်၊ ဘယ်လိုလုပ် ဖြစ်မလဲဗျာ၊ လက်နှစ်ဖက်စလုံး မအားတာ အဲဒါကြီးတွေ ခေါင်းပေါ် တင်ပြီး ပြုတ်မကျအောင် ဘယ်လိုထိန်းမလဲ"

"ရှင်ဟာလေ ယောကျာ်းဖြစ်ပြီး အတော်ပျော့တဲ့လူ၊ ဒီလောက် ပစ္စည်းလေး သယ်ရတာကိုများ တဖျစ်တောက်တောက် ပြောနေလိုက်တာ၊ ခေါင်းပေါ် ပစ္စည်းစွက်တာများ အမျိုးသမီး ဈေးသည်တွေတောင် စွက်နိုင်သေးတာ"

သူမကတော့ ကိုကိုချစ်ကို ရောက်ကတည်းက လူပျော့ လူညံ့၊ အသုံးမကျတဲ့ကောင်ကြီး ဖြစ်အောင် တဖွဖွကို ပြောနေတော့တာပဲ။ ငါ့ကိုများ သူနဲ့လက်ထပ်ရမယ့် သတို့သားလောင်းအဖြစ်နဲ့ စောင့်ကြည့်အမှတ်ပေးနေမယ် ဆိုရင်တော့ ခုထက်ထိ အမှတ်တစ်မှတ်မှ မရသေးဘဲ အနုတ်လက္ခဏာတွေချည်း ဖြစ်နေတော့မှာပဲ။

မခံချင်စိတ်နဲ့ ကိုကိုချစ်က ကတ်ထူစက္ကူဘူးကြီးတွေကို ခေါင်းပေါ်တင်လိုက်ပါသည်။ သို့သော် ရှည်လျားလျား ဘူးကြီးတွေက ခေါင်းပေါ်မှာ ငြိမ်နေအောင် ထိန်းထားဖို့ မလွယ်ကူချေ။ လက်တစ်ဖက်က အားနေလျှင်တော့ ဖမ်းထိန်းထားလို့





ရသော်လည်း လက်နှစ်ဖက်စလုံးမှာ လေးလေးပင်ပင် အိတ်ကြီးတွေကို ကိုင်ထားရသေးတာမို့ ခေါင်းပေါ်အထိ လက်ကိုမမြှောက်နိုင်။

"ဒီလောက် လွယ်တာလေးကိုများ ခက်ခဲနေလိုက်တာ"

လွယ်ရင် နင်သယ်ပါလားဟ …။

ကိုကိုချစ်က စိတ်ထဲကနေ ပြောနေမိသော်လည်း ပါးစပ်ကတော့ ထုတ်မပြောဖြစ်ပါ။ လူပျိုကြီးဘဝနဲ့ နေလာခဲ့တာ သက်တမ်းလည်း ကြာပြီမို့ ဘယ်လောက်ပဲ မမှုသလို တင်းခံထားထား လူပျိုကြီးဘဝကတော့ ကျွတ်ချင်မိပြီ။ ကိုယ်စွမ်းကိုယ်စနဲ့ ခုအချိန်မှာ ထ,ရှာလို့လည်း မလွယ်မည့်အတူတူ မိဘတွေက အလိုက်သိစွာ ချက်ပြုတ်ခူးခပ်ပြီး ထမင်းပွဲကို ကိုယ့်ရှေ့အရောက် ပို့ပေးတာလေးကိုပဲ ဝမ်းသာအားရ ယူစားရမှာ။ ကိုယ့်ဘက်က ပြဿနာရှာကာ အဆင်မပြေအောင် လုပ်လိုက်မိလျှင် ကိုယ်ပဲ နစ်နာမှာ။

ဒီတော့ သည်းခံတကာကြီး … သည်းခံ။

ကိုကိုချစ်က စက္ကူဘူးနှစ်လုံးကို ကောင်မလေးပြောသလို ချိုင်းကြားမှာညှပ်ကာ အိတ်ကိုင်ထားသည့် လက်နဲ့ပဲဖြစ်သလို ပြန်ထိန်းထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ကိုင်ရတာ ပိုင်ပိုင်နိုင်နိုင် မရှိတော့ စိတ်ရှိတိုင်း ခရီးကမတွင်။ လေးငါးလှမ်းလောက် လှမ်းလိုက်၊ လက်ထဲကပစ္စည်းတွေကို နေရာပြန်ပြင်လိုက်နဲ့ လုပ်နေရသည်။

"ကြာလိုက်တာ ... နေ့ပူနေပြီ၊ အကြာကြီး လျှောက်နေရရင် အသားတွေတော့ မည်းကုန်တော့မှာပဲ၊ မြန်မြန်လျှောက်စမ်းပါ ဦးကိုကိုချစ်ရဲ့"

ကိုကိုချစ်မှာ ရန်တောင်ပြန်မတွေ့နိုင်။ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်ကာ ဖတ်ဖတ်သီအောင် အမောပဲ ဆို့နေရသည်။

❤ ❦ ❤



တော်ပါသေးရဲ့။ အဆောင်က မိန်းကလေးသီးသန့်အဆောင်ဆိုတော့ သူစိမ်းယောကျာ်းတစ်ယောက်အနေနဲ့ အဆောင်ခန်းထဲအထိ ဝင်လိုက်ခွင့် မရှိပေလို့။ မူယာကြော့ရဲ့ သယ်ယူလို့မကုန်ခန်းနိုင်သော ဝန်စည်စလယ်တွေကို အဆောင်သူတချို့နဲ့ အဆောင်က အလုပ်သမားမိန်းမကြီးတို့သာ ဝိုင်းသယ်ယူသွားကြရသည်။

ကိုကိုချစ်မှာတော့ လက်မောင်းတွေတောင့်၊ ကျောတွေအောင့်ကာ လူက အမောဆို့ချင်သလိုလို ဖြစ်နေတာမို့ ညှော်ခန်းက ခုံမှာသာ ခြေပစ်လက်ပစ်။

"လူပျိုကြီးက ဖွံ့တော့မယ်နဲ့တူတယ်၊ ကောင်မလေးက ချောလိုက်တာနော်၊ မင်းသမီးတွေတောင် အရှုံးပေးရလောက်တယ်၊ လက်လွှတ်မခံနဲ့၊ အပိုင်သာဆွဲထား သိလား"

"တော်ပါပြီဗျာ၊ သူ သယ်လာတဲ့ပစ္စည်းတွေကိုကြည့်ပြီး လန့်များတောင် လန့်မိပါရဲ့"

www.burmeseclassic.com



"မိန်းကလေးပဲကွယ်"

"ဒီလောက်တော့ ရှိမှာပေါ့လို့တော့ မပြောနဲ့ အန်တီသင်း၊ အန်တီသင်း အဆောင်က တခြားကောင်မလေးတွေမှာ သူ့လောက် ပစ္စည်းပစ္စယ များများစားစားပါလာတာ ဘယ်နှယောက် ရှိသလဲ"

"ဟုတ်တော့ ဟုတ်သား၊ သူ့လောက် အထုပ်အပိုးများများ ပါလာတဲ့ အဆောင်သူဆိုလို့ မတွေ့ဖူးဘူး"

"အဲဒါပဲ၊ အညာသူသာဆိုတယ် ရန်ကုန်ပါးတော့ ဝ,နေတဲ့ ပုံဗျ၊ ကိုယ့်မျက်နှာ တစ်ရွာထင်မယ့် ခပ်ထုံထုံ ခပ်အအ တော့ ဟုတ်မှာမဟုတ်ဘူး"

"မထုံမအ,တော့လည်း တစ်မျိုးကောင်းတာပါပဲကွယ်၊ ကိုယ့် မိန်းမက ပါးရည်နပ်ရည်ရှိပြီး သွက်လက်ထက်မြက်နေတော့ ကိုယ် သက်သာတာပေါ့။ နေရာတကာ လိုက်ပြော လိုက် လုပ်ပေးနေစရာ မလိုတော့ဘူးပေါ့"

ထင်သလားလို့။ ကောင်မလေး ကြည့်ရတာ ရိုးအ,ပြီး မလုပ်တတ် မကိုင်တတ်လို့ ကိုယ့်ကိုနိုင်တာမျိုး မဟုတ်ဘဲ လူလည်ကျပြီး ကိုယ့်ကို အနိုင်ကျင့် အမြတ်ထုတ်ပြီး ခိုင်းတာမျိုး ပဲလုပ်မှာ။ ပိုတောင်အခံရခက်သေး။





ကိုကိုချစ်က ကောင်မလေးအကြောင်း စိတ်နာနာနဲ့ ဖိတွေးနေစဉ်မှာ မရွှေချောက ပြည့်ပြည့်ဝဝကြီး အိမ်သာတက်လာ ရသည့် လူတစ်ယောက်ရဲ့ ပေါ့ပါးလန်းဆန်းသွားသော ပုံစံမျိုးနဲ့ ညှော်ခန်းဘက် ပြန်ထွက်လာသည်။

"အားလုံး နေရာချပြီးသွားပြီ၊ ကျေးဇူးပါပဲ အန်တီသင်း"

"အောင်မယ် ... အန်တီသင်းကိုပဲ ကွက်ပြီးကျေးဇူးတင်နေ တယ်၊ ကျုပ်ကိုရော"

"ဦးကိုကိုချစ်ကလည်း သဘောထား သေးလိုက်တာ၊ အန်တီသင်းက ကြော့ကို မသိဘဲနဲ့ ကူညီတာ၊ ကျေးဇူး တင်သင့်တာပေါ့"

"ဒါဖြင့် ကျုပ်ကကျတော့ မင်းနဲ့ ငယ်ပေါင်းကြီးဖော်တွေ ပေါ့"

"အဲဒီလိုတော့ မဟုတ်ဘူးလေ၊ ဦးကိုကိုချစ်ကျတော့ မိဘ တွေက ကြော့ကို ကူညီဖို့ တာဝန်ပေးထားခံရတဲ့သူ မဟုတ် လား၊ အခုလို ကူညီတာ တာဝန်ကို ထမ်းဆောင်တဲ့သဘော ဖြစ်နေတာပေါ့"

သေစမ်း။ သေစမ်း။ ကိုကိုချစ်တို့များ ကျောကွဲပြီး ခါးရိုးကျိုးကာ လက်မောင်းပါ ပြုတ်လောက်အောင် လုပ်ပေးရ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ကျေးရူးတင်ခံရဖို့ ဓာတ်ာပါမလာ။ တာဝန်ရှိလို့ လုပ်ရတာတဲ့။

"အေးပါ ... အေးပါ၊ ဒါနဲ့ အန်တီသင်း၊ အန်တီသင်းကို တစ်ခု မေးရဦးမယ်၊ ဒဏ်ကြေဆေးမှာ ဘယ်တံဆိပ် အကောင်းဆုံးလဲ"

"အို ... ခုခေတ်ပေါ်တဲ့ ဒဏ်ကြေဆေးတွေကတော့ အားလုံး ကောင်းကြတာပါပဲ၊ ထွန်းရွှေဝါ၊ ဦးနိုင်း၊ ဒေါ်နု၊ မိဟုန်ယှူ မိဂသီ ကြိုက်တာလိမ်း၊ အားလုံး ကောင်းတယ်၊ ဒါနဲ့ ကိုကိုချစ်က ဘာလုပ်ဖို့လဲ"

"ညကျ ကိုယ်တွေလက်တွေ ကိုက်တော့မှာဆိုတော့ အရေ ကြုံရင် သုံးရအောင်လို့လေ"

"ဟင်း ... ဟင်း ... ဘာလဲ ... ပစ္စည်းတွေ သယ်ရလို့လား"

"ဒါပေါ့ ... မင်းတော့ အံ့ဩပါရဲ့၊ ဒီလောက် ကားတ တန် ရထားတစ်တန် ခရီးကို ဒီလောက်ပစ္စည်းတွေ အများ ကြီး ဘယ်လိုလုပ် သယ်လာတာလဲဆိုတာ"

"အိမ်က သယ်လာတုန်းက ပစ္စည်းက ဒီဒိုရေမွှန်အိတ် နှစ်လုံးရယ်၊ ခြင်းတောင်းနှစ်လုံးရယ်ပဲ ပါတာ"

"ဒါဖြင့် ဒါတွေက ..."





"ဒါတွေက ဘူတာက ထွက်လာပြီးမှ ရူပါမားကက်ဝင်ပြီး လိုချင်တာတွေ ဝယ်လိုက်တာလေ"

"အောင်မယ်လေးဗျာ၊ ဒီအိတ်ကြီးသုံးလုံးနဲ့ ကတ်ထူဘူး နှစ်ဘူးက ရန်ကုန်ရောက်မှ ဝယ်တာပေါ့"

"အင်းလေ ... အဖေတို့က ရန်ကုန်ရောက်ရင် အသုံးလိုမှာ ဆိုပြီး ငွေဆယ်သိန်း ထည့်ပေးလိုက်တာ၊ အဲဒါမလောက် တာနဲ့ ဟန်းချိန်းလေးတစ်ကုံးတောင် နီးရာရွှေဆိုင်မှာ သွားရောင်းခဲ့ရသေးတယ်"

ကိုကိုချစ်တင်မက ဒေါ်သင်းသင်းပါ မူယာကြော့ကို ငေးထွက်သွားရသည်။ မရွှေချော့လေးကတော့ မျက်နှာထားခပ် တည်တည်ခင်ဗျ။ သူ့ကိုယ်သူ ကိုရာဇန်အကွဲနိုလို့ပဲ ထင်လေ သလား၊ လေဒီဒိုင်ယာနာလို့များ ထင်လေသလား။ ကောလင်း ရွှန်းနီများ ထင်လေသလား မပြောတတ်ပေါင်။

အဖေတို့ အမေတို့ရယ်။ သားအတွက် အိမ်ထောင် ဖက်ရှာမယ့် ရှာပေးတော့လည်း ဘယ်လိုပုံစံလေး ရှာလာပါလိမ့် နော်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုကိုချစ် ... ဒါက ဘယ်သွားမလို့လဲ"

"ကားဂိတ်ကိုလေ၊ မြို့ထဲမှာ သင်တန်းကိစ္စ သွားစုံစမ်းမယ်ဆို"

"ကားဂိတ် ဘာသွားလုပ်ရမှာလဲ၊ တက္ကစီလေး ဘာလေး ငှားစမ်းပါ"

"ဒီကားဂိတ်က အဆင်ပြေပါတယ်၊ လူအဆင်းများတော့ ထိုင်ခုံနေရာလည်း ရတယ်၊ မြို့ထဲဆိုလည်း တစ်တန်တည်းနဲ့ ရောက်တယ်၊ သိပ်မပင်ပန်းပါဘူး"

"အို ... ဘာပဲဖြစ်ဖြစ် တစ်ခါတလေလေး အပြင်ထွက်တာ လိုင်းကားတော့ တိုးမစီးနိုင်ပါဘူး၊ ဦးကိုကိုချစ်က ဘာလဲ၊ ကြော့ကို ပုံစံပေးတာလား"

"ဟာ ... မဟုတ်ရပါလား ကြော့ရယ်၊ နောက်ကျတော့ ကြော့လည်း မြို့ထဲကို သင်တန်းကိစ္စနဲ့ နေ့တိုင်းလို ထွက်





ရတော့မှာဆိုတော့ သွားတတ် လာတတ် ဖြစ်သွားအောင် ပြရင်း အကျင့်လုပ်ပေးမလို့ပါ"

"မလိုပါဘူး၊ ကြော့သွားတဲ့အခါတိုင်း တက္ကစီစီးမှာပေါ့၊ ဒီနေရာက ကားငှားလို့လည်း လွယ်သားပဲဟာ၊ နောက် အချိန်ပုံမှန်ဆိုရင် ကားကို လပေးငှားပြီး အချိန်ကိုက်လာ ကြိုနိုင်းလို့တောင် ရသေး"

"ကားငှားခနဲ့တင် ထောင်းရောပေါ့ ကြော့ရယ်၊ တက္ကစီ မစီးတာတောင် အပြင်တစ်ခါထွက်ရင် ဘယ်လောက် ကုန်တယ် မှတ်သလဲ၊ သွားတိုင်းသာ ကားငှားစီးရရင် တော့ အိမ်ဗရာမိုဗစ်ချ်တောင် လူမွဲစာရင်း ခံယူသွားရဦး မယ်"

"မရဘူး ... မရဘူး၊ ကြော့ ရန်ကုန်ဆင်းလာမယ် ဆိုက တည်းက ကားတစ်စီးတော့ ဝယ်ပေးလို့ အဖေနဲ့အမေကို ပြောထားတာ၊ သူတို့က ဝယ်မှမပေးတာ၊ ကိုယ်ပိုင်ကား မစီးရမှတော့ လိုင်းကားနဲ့ မသွားနိုင်ပါဘူး၊ တက္ကစီနဲ့ပဲ သွားမှာပဲ"

ကလေးတစ်ယောက်လို လုပ်ချင်ရာ တစ်ခွခွထိုး လုပ်တတ်လွန်းသည့် ကောင်မလေးပါလား။

www.burmeseclassic.com



ကိန်းကြီးခန်းကြီးကလည်းနိုင်ချင်၊ ဘဝင်ကလည်းမြင့်။ အကောင်းကလည်း ကြိုက်တတ်၊ ကိုယ့်အတွက်ကလွဲပြီး ဘယ်သူ့အတွက်မှလဲ မကြည့်တတ်သည့် ဒီလိုကောင်မလေးမျိုးကို မိန်းမတော်ရလို့ကတော့ ကိုကိုချစ်တို့ ကားကြိတ်ခံထားရသည့် ဖားသေကောင်လို ပြားပြားဝပ်နေမှာပဲ။

"ဒါပဲနော် ဦးကိုကိုချစ်၊ ကတ်စေးနည်းမနေနဲ့၊ ကြော့နဲ့ အတူသွားရတဲ့အခါတိုင်း အငှားကားနဲ့ပဲ သွားရမှာ။

ကိုကိုချစ် ခေါင်းကို တဗျင်းဗျင်းကုတ်မိပြီ။ ဒီကောင်မလေးကဖြင့် တကယ်မလွယ်။ သူ့မိဘဆွေမျိုးတွေအပေါ် အနိုင်ကျင့် ဗိုလ်ကျလို့ရတိုင်း ကိုယ့်ကိုပါလိုက်ပြီး ဗိုလ်ကျတော့မှာ ထင်သည်။ သေစမ်း ... သေစမ်း ကိုကိုချစ်ရေ။ မိန်းမတစ်ယောက်ကို ကိုယ့်အစွမ်းအစနဲ့ မပိုးပန်းနိုင်လို့ မိဘအကူအညီကို ယူရပါတယ်ဆိုမှ ဘယ်လိုမိန်းကလေးမျိုးနဲ့များ လာကြုံနေရပါလိမ့်။

"ကိုယ်က ကိုယ့်လခ ကိုယ်သုံးနေရတာ၊ သွားတိုင်းတော့ အငှားကား မစီးနိုင်တာ အမှန်ပဲ၊ ဒါတောင် အိမ်ကိုပိုက်ဆံပြန်ထောက်စရာ မလိုသေးဘူး၊ အိမ်သာပြန်ပို့ရမယ်ဆိုရင် အစားအသောက် အဝတ်အစားကအစ ချွေတာရတော့မှာ"





မူယာကြော့က နှာခေါင်းရှုံ့ကာ ...

"ဟွန့် ... အဝတ်အစားက ဒါလား မချွေတာတဲ့ပုံ၊ ဦးကိုကိုချစ်ကို တွေ့လိုက်တိုင်း ဒီအပြာကွမ်းရိုးစင်းနဲ့ ပုဆိုးကွက်တုံးနဲ့ပဲ၊ လူပျိုဟိုင်းကြီးမှန်း သိပ်သိသာတယ်"

"အာ ... မဆီမဆိုင် ဘာတွေ လာပြောနေတာလဲ"

လူပျိုဟိုင်းကြီးဆိုတဲ့ အသုံးအနှုန်းက ကိုကိုချစ်ကို ဟတ်ထိသွားစေသည်။ သူနဲ့ ရည်ရွယ်ထားသည့် ဇနီးလောင်းက သူ့ကို ထုံအ၊ အပေါကြောင်ကြောင် လူပျိုကြီးစာရင်းထဲ သွင်းလိုက်တာကို မခံချိ မခံသာ ဖြစ်သွားရသည်။

"မဟုတ်လို့လား၊ ဦးကိုကိုချစ် အသက်သုံးဆယ့်ရှစ်နှစ်ဆို၊ တချို့တွေ ဒီအရွယ်မှာ သားသမီးတွေ လူပျိုအပျိုပေါက် ရောက်ရုံတင်မကဘူး မြေးဦးတောင် ရချင်ရနေတတ်ပြီ"

"ဒါတွေက သဘာဝလွန် ဖြစ်ရပ်တွေပါကွာ၊ ဆိုရိုးစကားရှိသားပဲ၊ လေးဆယ်ကျော်မှ ကံပေါ်တယ်တို့ ဘဝဆိုတာ လေးဆယ်မှ စတာတို့"

"အောင်မယ်လေး ... ဒီလို ဒုံးပျံ ဂြိုဟ်တု၊ ကျည်ဆန်ရထား ခေတ်ကြီးမှာ လေးဆယ်မှ ဘဝသွားစရင် ခေလိုက်ဖို့ဝ ရှိတော့တယ်၊ ကိုရီးယားကားတွေ မကြည့်ဖူးဘူးလား

www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ့်ခုနစ် ရှစ်လောက်ဆိုရင် ဦးလေးကြီး အခေါ်ခံရတာ၊ အခု ရှင်ကြီး အသက်က သုံးဆယ့်ရှစ်ဆို တော့ ဦးလေးကြီး ဆယ်ထပ်ကွမ်း ဖြစ်နေပြီ”

စိတ်ကြီးရယ် .. ညစ်ရပါလား။ ငါ့အပေါ် နှိပ်ကွပ် မယ်ဆိုလည်း တခြားခေါင်းစဉ်နဲ့ နှိပ်ကွပ်တာကို ခံနိုင်သေးရဲ့။ အသက်ကိစ္စကြီးကိုထည့်ပြီး နှိပ်ကွပ်တာမျိုးကတော့ လုံးဝမခံနိုင် ချင်စရာ။

ပြောနေပုံကလည်း ခပ်တည်တည် အပိုင်အနိုင်ကြီး ဆိုတော့ ကိုကိုချစ်မှာ ဆန့်ကျင်ငြင်းခုန်ဖို့ရာလည်း ခပ်ခက်ခက်။

“မင်းအသက်ကရော ဘယ်လောက်လဲ”

“နှစ်ဆယ့်နှစ်”

“အင်း .. ဒါဆို မင်းပြောတဲ့ နှစ်ဆယ့်ခုနစ် ရောက်ဖို့ ငါးနှစ်ပဲ လိုတော့တာပေါ့၊ ဟား ဟား ဟား ... ကိုရီး ယားကားထဲမှာတော့ ဘာတဲ့ အဒေါ်ကြီးလို့ ခေါ်ကြတယ် ထင်ပါ့”

မျက်စောင်းကြီးတစ်လုံးက မြွေဟောက်ပါးပြင်း ထောင်သလို ဝုန်းခနဲ ဝင်လာသည်။ ကိုကိုချစ်က မသိဟန်ဆောင် ကာ မျက်နှာကို ခပ်တည်တည် လုပ်ထားလိုက်သည်။



“ရှင်ကြီးကလေ ယောက်ျားကြီးတန်မဲ့ သိပ်ပြီးစကားကပ် ပြောတတ်တာပဲ”

သူ့ကျတော့ စကားကပ်မပြောတတ်တာကျလို့။ အဲ မှားလို့ မှားလို့။ သူမက ကပ်ပြောတာမဟုတ်။ ခွာပြောတာ။ လူ တစ်ယောက်ကို သူနဲ့ မတူမတန်သလို၊ မနှိုင်းယှဉ်သာသလို အထက်စီးက ပြောတတ်တာ။

“ဒါနဲ့ ဒီနေ့သင်တန်းကိစ္စ စုံစမ်းပြီးရင် တစ်ခါတည်းတက် လိုက်တော့မှာ မဟုတ်လား၊ သင်တန်းတက်ဖို့ ပစ္စည်းတွေ ရော ပါရဲ့လား”

“သင်တန်းက စုံစမ်းရုံပဲ စုံစမ်းတာ၊ တက်သင့် မတက် သင့်က ဖြည်းဖြည်းစဉ်းစားမှာပေါ့”

“ဒါဆိုလည်း အရင်စဉ်းစားပြီးမှ သင်တန်းကို စုံစမ်းပါ တော့လား၊ ဘာသင်တန်းတက်မလို့လဲ”

“အင်္ဂလိပ်စာရယ်၊ ကွန်ပျူတာရယ်၊ ဖက်ရှင်ဒီဇိုင်းရယ်၊ အယ်စီစီအိုင်ရယ်”

“အောင်မယ်လေးဗျာ၊ တက်ချင်တဲ့သင်တန်းတွေကလည်း များလိုက်တာ၊ ဒါတွေ တစ်ပြုံကြီးတက်ဖို့ အချိန်ကဘယ် လိုပေးမှာတုန်း”

www.burmeseclassic.com

www.burmeseclassic.com



"အကုန်လုံးတော့ တစ်ပြိုင်တည်း ဘယ်တတ်နိုင်မလဲ၊ တစ်ခုပြီးမှ တစ်ခုပေါ့"

"ကွန်ပျူတာရယ်၊ ဒီဇိုင်းရယ်၊ အယ်စီစီအိုင်ရယ်က အမျိုးအစားချင်းမှ မတူတာ၊ အားလုံး တစ်ပြိုင်တည်း စုသုံးရတဲ့ အလုပ်မျိုးလည်း မရှိပါဘူး၊ ကြော့က သင်တန်းတွေတက်ပြီးရင် ဘာအလုပ် လုပ်ချင်လို့လဲ"

"ဘာအလုပ်မှ လုပ်ဖို့မဟုတ်ဘူး၊ သင်တန်းတက်ချင်တာ သက်သက်ပဲ၊ အဲဒီသင်တန်းတွေ ကိုယ်လိုက်တက်ဖူးတယ်ဆိုတာ သူများရှေ့ပြောလို့ ကြွားလို့ ရတာပေါ့၊ နောက်ပြီး ရန်ကုန်မှာ အချိန်ကြာကြာနေဖို့ အကြောင်းပြချက်လည်း ရတာပေါ့"

"ဘာရယ် ... ကြော့ အခု ရန်ကုန်ကို တက်လာတာ အလုပ်တစ်ခုခုလုပ်ဖို့ ရည်ရွယ်ချက်နဲ့ သင်တန်းတက်ဖို့လာတာ မဟုတ်ဘူးလား၊ သင်တန်းပြီးသွားရင် သက်ဆိုင်ရာ အလုပ်မှာ ဝင်လုပ်မှာမျိုး မဟုတ်ဘူးလား"

"အို ... ကြော့ အသက်ငယ်ငယ်လေး ရှိသေးတာ၊ အလုပ်လုပ်ရမယ့်အရွယ် မဟုတ်သေးပါဘူး၊ ဒီအရွယ်ထဲက တကုပ်ကုပ်နဲ့ အလုပ်တွေ လုပ်နေရရင် ဘဝဆုံးသွားမှာပေါ့"



"ဒါဆို မင်းနမူနာယူတဲ့ ကိုရီးယားကားနဲ့ပဲ နှိုင်းပြောရမယ်၊ ကိုရီးယားကားမှာ အသက်နှစ်ဆယ့်ခုနစ် ရှစ်ဆိုရင် ဦးလေးကြီး အခေါ်ခံနေရပြီဆိုတာ ဘာလို့လဲဆိုတော့ သူတို့က ငယ်ငယ်ရွယ်ရွယ် နှစ်ဆယ်ကျော်ကတည်းက လုပ်ငန်းခွင်ဝင်နေကြပြီ၊ နှစ်ဆယ့်ခုနစ်လောက်ဆို အလေးထားလောက်တဲ့ ရာထူးမျိုး၊ ကြွယ်ဝချမ်းသာမှုမျိုး ရှိနေပြီ၊ ဒါကြောင့် ဦးလေးကြီး ခေါ်ကြတာ၊ ကိုယ်တောင် တစ်ခါတလေ ရှက်မိတယ်၊ ကိုယ့်အသက် လေးဆယ်နားနီးနေတာတောင် ဘာမှ မယ်မယ်ရရ စွမ်းဆောင်မှုမျိုး မရှိသေးတာ၊ ဒါတောင် ကိုယ့်အသက်နှစ်ဆယ့်တစ်နှစ် ဘွဲ့ရပြီးကတည်းက အလုပ်ထဲ တန်းဝင်တာနော်၊ အခု မင်းက နှစ်ဆယ့်နှစ်တောင်ရှိနေပြီလေ၊ ကိုရီးယားကားတွေကို အမီလိုက်ဖို့ဆို နောက်ငါးနှစ်ပဲ ကျန်တော့တာ"

ကိုကိုချစ်ကတော့ သူ ဒီလိုပြောထည့်လိုက်လျှင် ကောင်မလေး ငိုင်ဆင်းသွားမှာပဲလို့ ထင်လိုက်တာပင်။ သို့သော် ကယ့်လက်တွေ့ကျတော့ မချွေချောက ...

"ဟုတ်တယ်လေ၊ အဲဒီလို အလုပ်ကြီး အကိုင်ကြီးတွေလုပ်ပြီး လူတွေက အခြေမြဲမြဲ မိန်းမကြီးတစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com



တလေးတစား သဘောထားခံရမှာစိုးလို့ကို အလုပ်ဝင်မလုပ်ချင်သေးတာ၊ အသက်ဘယ်လောက် ကြီးကြီး အလုပ်ခွင်မဝင်ရသေးရင် ကလေးလို့ပဲ သတ်မှတ်လို့ ရတာပေါ့”

ကလေးကလည်း ဖြစ်လိုက်ချင်သေးတယ် ဆိုပါတော့။ မြန်မာပြည်မှာ ကလေးယောင်ယောင်၊ ကျောင်းသားယောင်ယောင်နဲ့ အလုပ်တာဝန်ကို ရှောင်လွှဲနေသည့်သူတွေ တော်တော်များတာပဲ။ ကိုယ့်ဘောက မိန်းကလေးက ထိပ်ဆုံးက။

ဘာပဲပြောပြော ကိုကိုချစ်က သူမကို ဆက်ပြီးခံငြင်းမနေတော့ပါ။ သူမက ကိုယ့်ရဲ့သတို့သမီးလောင်းလေ။ သူမနဲ့ အတိုက်အခံပြုနေလို့ ကိုယ့်အတွက် ကောင်းကျိုးမရှိသည့် အပြင် အမြင်ကတ်ခံရမည့် ဆိုးကျိုးပဲ ရှိလာနိုင်စရာရှိတာ မဟုတ်လား။



“အစ်ကိုကြီး ... ဒီမှာ အစ်ကိုကြီး”

ရုံးပေါ်တက်လုဆဲဆဲ ကိုကိုချစ်ရဲ့ခြေလှမ်းတွေက ခေါ်သံကြောင့် ရပ်တန့်သွားရသည်။

အစ်တိုကြီးတဲ့။ အနီးအနား ပတ်ဝန်းကျင်မှာ ရုံးဆောင့်ကောင်လေးရယ်၊ ကွမ်းယာရောင်းတဲ့ ကုလားလေးရယ်၊ ရုံးဖယ်ရီမောင်းတဲ့ အသက်ခြောက်ဆယ်ဝန်းကျင် ဦးသာလှ ဆိုတဲ့ အဘိုးကြီးရယ် သုံးယောက်ရှိသည်။ ထိုသုံးယောက်စလုံးဟာ မိုးမိုးရွှယ်ရွှယ် မိန်းကလေးတစ်ယောက်က အစ်ကိုကြီး ခေါ်ရလောက်သည့် အရွယ်တွေ မဟုတ်ကြ။

ဒီတော့ ကိုယ့်ကိုခေါ်တာပဲ ဖြစ်ဖို့များသည်။ အသံကလည်း တကယ့်ကို အကူအညီ လိုအပ်နေသည့်အသံမျိုး။ လှည့်ကြည့်လိုက်လျှင် မမှားတန်ကောင်းဘူး ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



(ဒီနေရာမှာ စာဖတ်သူအနေနဲ့ ခေါ်သံကြားလို့ လှည့်ကြည့်ဖို့ ကလေးကိုတောင် ဒီလောက် တွက်ချက်စဉ်းစား နေရသလားလို့ ကိုကိုချစ်ကို အပြစ်တင်မိနိုင်သည်။ သို့သော် ကိုကိုချစ်ဟာ ဘယ်ဘဝက ကံဇာတာကို ပါလာသလဲမသိ။ ကောင်မလေးတချို့ရဲ့ အစ်ကိုကြီး ... အစ်ကိုကြီးလို့ခေါ်ပြီး သူ လှည့်ကြည့်လိုက်လျှင် မသိဟန်ဆောင်နေတာတို့၊ ဝါးခနဲ လှောင်ပြောင်ရယ်မောတာတို့ အလုပ်ခံရတာ အကြိမ်ကြိမ်။ ဒါကြောင့်မို့ ခံမုန်ဖူးတဲ့ စာသူငယ်လို လေးညို့သံကြားတာနဲ့ ခပ်လန့်လန့်ဖြစ်နေမိတာပင်။)

"အစ်ကိုကြီးရှင့်"

ဒီတစ်ခါတော့ ဟုတ်လောက်ပြီဆိုပြီး ကိုကိုချစ်က ဖြန်းခနဲ လှည့်ကြည့်လိုက်သည်။

"အောင်မယ်လေးတော့"

"ဟ ..."

မိန်းကလေးက မထင်မှတ်ဘဲ သူ့နောက်နား နီးကပ်စွာ ရောက်နေပြီမို့ ကိုကိုချစ်ကလည်း လှည့်ကြည့်လိုက်ရော ကောင်မလေးနဲ့ မျက်နှာချင်း တန်းခနဲ ဆိုင်မိကာ နှစ်ယောက်စလုံး အလန့်တကြားတွေ ဖြစ်ကုန်ကြရပါလေရော။





"မင်းက ဘယ်လိုလဲကွ၊ နောက်ကနေ အတင်းကပ်ပြီး ခေါ်ရသလား"

"အစ်ကိုကြီးက လှည့်မကြည့်ဘဲ ဆက်လျှောက်သွားတော့ ကျွန်မက မကြားဘူးထင်ပြီး အမြန်လိုက်ခေါ်ရတာပေါ့"

"အေးပါ ... အေးပါ၊ ထားလိုက်တော့၊ မင်းက ငါ့ကိုခေါ်တာလား"

"ဟုတ်ကဲ့"

"ဘာကိစ္စရှိလို့လဲ"

"ဟိုဒင်းလေ ... ဟိုဥစ္စာ ... အစ်ကိုကြီးတို့ဌာနမှာ ဝန်ထမ်းတစ်နေရာလောက် လိုချင်လို့"

"အလို ... မင်းက အလုပ်လိုချင်တာ ငါ့ကို လာပြောရအောင် ငါ့ကို ကုမ္ပဏီပိုင်ရှင် ထင်လို့လား၊ ငါ့ရာထူးနဲ့ မင်းကို ဘယ်လိုလုပ်ပြီး အလုပ်တန်းခန့်နိုင်မှာလဲကွ"

"ဟုတ်ကဲ့ပါ၊ အဲဒါကို ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မအဖေက ရန်ကုန်ရောက်ရင် ဦးကိုကိုချစ်ကို သွားရှာ၊ သူက အလုပ်အတွက် စီစဉ်ပေးနိုင်မယ်ဆိုလို့"

"မင်းအဖေ ... ဟုတ်လား၊ ဘယ်သူလဲ"

"ဦးချစ်ထွေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဦးချစ်ထွေး၊ အရင်က ကုမ္ပဏီမှာ စတိုမှူးလုပ်သွားတဲ့ ဦးချစ်ထွေးလား"

"ဟုတ်ကဲ့ ... အဖေက လေဖြတ်သွားလို့ အလုပ်ကအနားယူလိုက်ရတာလေ၊ အခု နယ်မှာပဲ ပြန်နေတယ်၊ အဖေအလုပ်မရှိတော့ ကျွန်မတို့မိသားစုလည်း အခက်အခဲ ဖြစ်လာတာနဲ့ ကျွန်မက ရန်ကုန်တက်ပြီး အလုပ်လာရှာတာပါ၊ အဲဒါ အဖေက ကုမ္ပဏီမှာ လူပျိုကြီး ဦးကိုကိုချစ်ဆိုတာ သဘောလည်းကောင်းတယ်၊ သူနဲ့လည်း အရမ်းရင်းနှီးတယ်၊ သူ့ကိုသွားရှာပြီး အကူအညီတောင်းဆိုလို့"

ပါလာပြန်ပြီ ဒီလူပျိုကြီး။

ကိုကိုချစ် မျက်နှာကြီးက အကောင်းသားကနေ ရှုံ့မဲ့သွားရသည်။ ဦးချစ်ထွေးဟာ သူ့သမီးကို ညွှန်းတာတောင် ဒီလူပျိုကြီးဆိုသည့် ဂုဏ်ပုဒ်ကို ထည့်ဖြစ်အောင် ထည့်လိုက်ရသေးသည်။

အခုမှ တွေ့ရသည့် ကောင်မလေးကို တကဲဆတ်မပြောချင်တာနဲ့ သည်းခံနေလိုက်သော်လည်း တော်တော်လေးတော့ အောင့်သည်းအောင့်သက်နိုင်သား။





"ကောင်းပြီလေ၊ မင်းက ဦးချစ်ထွေးသမီးဆိုတော့ ကူညီရမှာပေါ့၊ ဘော့စ်ကလည်း ဦးချစ်ထွေးကို ကတိပေးထားပါတယ်၊ သူလိုအပ်တဲ့ အကူအညီကို ပေးမယ်လို့၊ ဒါနဲ့ မင်းက ပညာအရည်အချင်း ဘယ်လောက်ရှိလဲ"

"အဝေးသင်နဲ့ မြန်မာစာတွဲ့ ရပြီးပါပြီရှင့်"

မြန်မာစာတွဲဗျာ။ ကိုယ့်အလုပ်နဲ့ ဘယ်လိုမှ မလိုက်ဖက်သည့် ပညာအရည်အချင်းပဲ။ ဒီတွဲ့မျိုးနဲ့ဆို ဂျာနယ်မဂ္ဂဇင်းတိုက် တစ်ခုခုမှာ ဝင်လုပ်တာကမှ ပိုကောင်းလိမ့်ဦးမည်။

ကောင်မလေးပုံစံ ကြည့်ရတာ ထက်ထက်မြက်မြက်ထဲကလည်း ဟုတ်ပုံမရ။ အသားအရေက နေလောင်ထားသလို မွဲခြောက်ခြောက်၊ ညိုညစ်ညစ်။ ဆံပင်က အုန်းဆီတွေ ရွှဲနေအောင် လိမ်းကာ ပိပိပြားပြားနဲ့ ကျစ်ဆံမြီးတစ်ချောင်း ကျစ်ထားသည်။

မျက်နှာက ရှည်ရှည်ပါးပါး လိမ်ဖည်ဖည်ကလေး။ ဒီလိုမျက်နှာကျမျိုးဟာ ယောကျ်ားလေးတွေဆိုလျှင်တော့ ကြည့်ကောင်းတတ်ပေမယ့် မိန်းကလေးတွေများကျတော့ မလိုက်ဖက်တတ်သည့် မျက်နှာကျမျိုး။

မျက်နှာပေါက်ကလည်း သာမန်မှ တကယ့်သာမန်။ ကြည့်လို့ အဆင်မပြေသည့်ဘက်ကိုတောင် ပိုပြီးယိမ်းနေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုချစ်တို့က လူပျိုကြီးသာ ဖြစ်နေတာ။ မိန်းမ ဖြစ်ရင်ပြီးရော ဘယ်ပုံစံပဲဖြစ်ဖြစ် လာထားဆိုတဲ့ အထဲကတော့ မဟုတ်။ ရွေးချင် ချယ်ချင်သေးသည်။ ရွေးများချင်သေးသည်။ အကောင်းလည်း ကြိုက်လိုက်ချင်သေးသည်။ ရုပ်ကလေးလှတာပတာ၊ ကိုယ်လုံးကိုယ်ပေါက်လေး ပျံ့ပျံ့လန်လန်၊ အမူအရာလေး ချစ်စဖွယ် သွက်သွက်လက်လက်၊ အသက်ကလေး ငယ်ငယ်ရွယ်ရွယ်မှ စေတနာထားချင်တာ။ ရုပ်က ပုံမလာ၊ ကိုယ်လုံးကိုယ်ပေါက်က ဝါးခြမ်းပြား၊ အမူအရာက ထုံထုံအအဆိုလျှင် သိပ်ပြီးစေတနာ မရှိ။

တတ်နိုင်ပါဘူးလေ။ ကောင်မလေး မျက်နှာက ထောက်ထားစရာ မရှိပေမယ့် သူ့အဖေမျက်နှာ ထောက်ရမယ်ဆိုတော့လည်း ကူညီပေးရဦးမှာပေါ့။

"အေး ... လိုက်ခဲ့"

ကိုကိုချစ်က သံပြတ်နဲ့ခေါ်လိုက်ပြီးနောက် ကောင်မလေး သူ့ဆေးက ကပ်မလိုက်နိုင်အောင် ခြေလှမ်းကိုမြှင့်ကာ ခပ်သွက်သွက် ရှေ့ကထွက်သွားလိုက်လေသည်။

❤ ❤





အောင်မယ်။ တယ်ဟုတ်ပါလား။

ရုံးမှာ မငြိမ်းချမ်း ဆိုသည့် နာမည်တုံးတုံး၊ လူတုံးတုံး ကောင်မလေးတစ်ယောက်နဲ့ စိတ်ရှုပ်လာခဲ့ရသမျှ အဆောင်ပြန်ရောက်လို့ မှုယာကြော့ကို တွေ့လိုက်ရတော့မှ စိတ်ထဲပြန်ကြည်သွားရသည်။

မှုယာကြော့ဆိုတဲ့ ကောင်မလေးဟာ လှကဆော်ကြော့၊ အသုံးအဖြုန်းကကြီး၊ စိတ်ဓာတ်က ပေါ့တီမ်ပေမယ့် ရုပ်ကလေးတစ်ခုတည်း ကွက်ကြည့်မယ်ဆိုလျှင်တော့ ကြည့်ရမြင်ရသူ ရင်ကို တော်တော်အေးချမ်းစေနိုင်သည့် ကောင်မလေး။ လှတစ်ချက်နှာလေးကို ကြည့်မိသူတိုင်း မစွဲလမ်းဘဲ မနေနိုင်အောင် ငြင်ပဲ ပြင်တတ်သလို ယဉ်တစ်ကိုယ်လုံးကိုလည်း ဟာကွက်ထောက်စရာမရှိ ပြည့်စုံအောင် သူမမို့ ဆင်ပဲဆင်တတ်ပါပေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူ့စိတ်ဆိုတာကလည်း ပူလောင်တာ၊ နံစော်တာ၊ ညစ်ပတ်တာ၊ ရုပ်ဆိုးတာ စသည့် မကောင်းသော အရာတွေကို ဘယ်လိုမှ သည်းမခံနိုင်တတ်ဘဲ အေးချမ်းတာ၊ မွှေးပျံ့တာ၊ သန့်ရှင်းတာ၊ လှပတာ စသည့် အမြင်အာရုံ၊ အနံ့အာရုံ၊ အကြား အာရုံ၊ စိတ်ခံစားမှု အာရုံအကောင်းတွေကိုပဲ စွဲစွဲမက်မက် နှံမင် တတ်ကြတာ မဟုတ်လား။

"ကြော့ပါလား၊ ဘာကိစ္စလဲ"

"ကိစ္စရှိမှ လာရမယ်ပေါ့"

"ဩော် ... မဟုတ်ပါဘူး၊ တကူးတက လာစောင့်နေတာ ဆိုတော့ အကြောင်းထူး ရှိမယ်ထင်လို့ပါ"

"အကြောင်းက ထူးတော့ထူးတယ်"

"ဟုတ်လား၊ ဘာများလဲ"

"ကြော့ ရန်ကုန်ရောက်နေတာ တစ်လလောက် ရှိသွားပြီ၊ ခုထက်ထိ ကြေးအိုးမသောက်ရသေးဘူး၊ ဝိုင်ကေကေအို ကြေးအိုးဆိုင်က ဒီနားနဲ့ သိပ်မဝေးဘူး မဟုတ်လား၊ လိုက် တိုက်ပါလားဟင်"

ဗုဒ္ဓေါ။





ကိုကိုချစ် မျက်လုံးတွေ ပြူးထွက်မသွားအောင် ကိုယ့်ကိုယ်ကိုယ် မနည်းထိန်းသိမ်းထားလိုက်ရသည်။ လက်တစ် ဖက်ကတော့ ရုပ်အင်္ကျီအိတ်ကပ်ကို မသိမသာ ဖိလိုက်မိလေသည်။

ဒီတစ်လ မူယာကြော့ ရောက်လာပြီးတော့မှ ကုန် လိုက်တဲ့ပိုက်ဆံတွေဆိုတာ သောက်သောက်လဲ။ အရင်လတွေက ဆို သူ့လခထဲကချည်းပဲ အိမ်ကိုပို့ဖို့ သုံးသောင်းလောက် စုမိသည်။ ဘောနက်(စ်)ထုတ်ရသည့် လတွေဆို ငါးသောင်းခြောက်သောင်း တော့ အနည်းလေး စုမိတာ။

ဒီတစ်လ ဘောနပ်(စ်)နှစ်သောင်း ရတာတောင် အိတ်ထဲမှာ ပိုပိုလျှံလျှံ သိပ်မကျန်။ အိမ်ပို့ပို့ နှစ်သောင်းရအောင် မနည်းချန်ရတာဆိုတော့ အနည်းဆုံး သုံးသောင်းလောက် အပို ထွက်သွားသည်။

သူမနဲ့သာ ကြာရှည်အတူသွားမည် ဆိုလျှင်တော့ တစ်လစာလခလေးဟာ အပိုမကျန်တဲ့အပြင် ပြတ်ပြတ်ပြုန်းမှာပဲ။

အို ... မတတ်နိုင်ပါဘူးလေ။ လောလောဆယ်ဆယ် တော့ ကိုယ့်ကို သူကလေး အထင်ကြီးအောင်၊ အားကိုးအားထား ပြုချင်လာအောင် နေပြရမှာပဲ မဟုတ်လား။ ဟိုဟိုဒီဒီသွား၊

www.burmeseclassic.com



ဟိုဟာဒီဟာ စားချင်လို့မှ လိုက်မပို့ပေး၊ ဝယ်မကျွေးဘဲ တွက်ကတ်၊ ကုတ်စေးကတ်စေးနည်းနေမည် ဆိုလျှင် ကောင်မလေးရှေ့မှာ မျက်နှာကောင်းမရဘဲ နေတော့မှာပေါ့။

အခုတော့ နေနှင့်ဦး မရွှေစာရေ၊ မင်းလေးကိုမရခင်တော့ ကြိတ်မှိတ်အောင့်အည်းပြီး အလိုလိုက်,လိုက်ပါဦးမယ်။ ကိုကိုချစ်နဲ့ အိမ်ထောင်ကျသွားလို့ကတော့ နလိုမျိုး ဆိုးနွဲ့အနိုင်ကျင့်လို့၊ ပူဆာချင်တိုင်း ပူဆာလို့ရလိမ့်မယ် မထင်နဲ့။ ငွေကို အချိုးကျကျ သုံးစွဲတတ်အောင်၊ အိမ်ရှင်မကောင်း ပီသအောင်၊ လင်ကို ရိုသေလေးစားတတ်အောင် ပုံစံသွင်းပြီး သင်ပေးဦးတော့မှာ။

"ဘာတွေ ဒီလောက်တောင် စဉ်းစားနေရတာလဲ၊ ကြေးအိုးလေးတစ်ပွဲတောင် မသထာဘူးလား၊ လူပျိုကြီးပီပီ ကတ်စေးကိုနည်းတယ်"

"ဟော့ ... ဟော့ ... မင်း ပြောစရာရှိရင် ရိုးရိုးပဲပြောပါလား၊ ကိုယ့်ဘာသာ ကတ်စေးနည်းချင်လို့ နည်းတာတောင် လူပျိုကြီးဖြစ်လို့ ကတ်စေးနည်းတာဆိုပြီး နှိပ်ချင်သလိုလို ပြောမနေနဲ့"



"ဘာပဲဖြစ်ဖြစ် ကတ်စေးနည်းတာကတော့ နည်းတာပဲ"

"မနည်းဘူးကွာ လိုက်ကျွေးမှာ၊ အခုဟာက မြို့ထဲကနေပြန်လာရတာ နည်းနည်းမောနေလို့၊ ကားတိုးစီးလာရတာလည်း လူက ချဉ်စော်သိုးစော် နံနေပြီကွာ၊ နောက်ပြီး ရုံးဆင်းကာနီးကျမှ သူငယ်ချင်းတစ်ယောက်က လက်ဖက်ရည် တိုက်လိုက်သေးလို့ ရင်နည်းနည်းပြည့်နေတာနဲ့"

မုယာကြော့က အလွန်လုပ ဆွဲဆောင်မှုရှိသော (ဆွဲဆောင်မှုရှိအောင်လည်း တမင်ကြိုးစားထားသော) မျက်စောင်းလေးတစ်ချက် ဖျတ်ခနဲ ထိုးလိုက်ကာ ...

"တော်ပါ ... အကြောင်းပြချက်တွေက အမျိုးမျိုး"

"မဟုတ်ဘူး ... လိုက်ပို့မှာပါ၊ ပို့ဦးမှာ"

"စေတနာရော ရှိလို့လား၊ နေပါစေ လိုက်ပို့ရုံပဲ လိုက်ပို့ပေးပါတော့၊ ကြေးအိုးကိုတော့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ့်ဘာသာပဲ ဝယ်စားလိုက်ပါတော့မယ်"

"အာ ... မဟုတ်တာ၊ မဟုတ်တာ၊ ကြေးအိုးတစ်ပွဲ နှစ်ထောင့်ငါးရာလောက်ကို ကိုယ်ကဘာလို့ မကျွေးနိုင်ရမှာလဲ၊ ကြော့ ခဏစောင့်၊ ခဏလေးပဲစောင့်နော်၊ ကိုယ်ရေချိုးပြီး ချက်ချင်းပြန်ထွက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မှယာကြော့ မျက်နှာက ဒီလိုပဲ ဖြစ်ရမှာပေါ့ဆိုသည့် ပိုင်နိုင်သည့် အပြုံးလေးတစ်ပွင့်နဲ့ ကျေကျေနပ်နပ်ဖြစ်သွားသည့်ပုံရသည်။

ကိုကိုချစ်မှာတော့ ရေချိုးရင်း ကြေးအိုးဖိုးကုန်ကျငွေရယ်၊ သွားစရိတ် လာစရိတ်ရယ်၊ လမ်းရောက်မှ ဟိုဟာလေးလိုချင်လို့၊ ဒီဟာလေး ဝယ်ချင်လို့နဲ့ ပူဆာဦးမှတွေအတွက် ခန့်မှန်းကုန်ကျငွေကို တွက်ချက်ကာ ရေရဲ့အထိအတွေ့က အေးချမ်းသော်လည်း ရင်ထဲမှာတော့ ပူလောင်လို့ နေရလေသည်။

❤ ❤



"ဟော့ကောင် ... ကိုကိုချစ်"

"ခင်ဗျာ ... 'အဖေ"

ကိုကိုချစ်တို့ရပ်ကွက်ထဲမှာ လူပျိုကာလသားခေါင်းကြီးဘဝနဲ့ ဘယ်လိုပဲ လူစွာလုပ်နေနေ၊ ကုမ္ပဏီမှာ လုပ်သက်ရင့် ရာထူးကြီး ဝန်ထမ်းဘဝနဲ့ ဘယ်လိုပဲ ဆရာကြီးလုပ်နေနေ အဖေကိုတော့ ကြောက်ရသည်။ အဖေဆီက ဖုန်းလာလို့များ ဟိုက "ဟော့ကောင် ... ကိုကိုချစ်"လို့ လေသံကျယ်ကြီးနဲ့ တစ်ခွန်းလောက် အော်လိုက်တာနဲ့ ပျာယာခတ်ကာ နေစရာမရှိလောက်အောင် ဖြစ်သွားရတတ်မြဲ။

အဖေ့ကိုတော့ ကိုကိုချစ်က ငယ်ကြောက်။ ကိုယ်က ပညာတွေတတ်ကာ ဘွဲ့တွေ၊ သင်တန်းအောင်လက်မှတ်တွေ တစ်ခုပြီးတစ်ခုရလာ၊ အလုပ်ထဲမှာလည်း ရာထူးတွေ တစ်ဆင့်ပြီးတစ်ဆင့်တိုး၊ လစာငွေတွေ တိုးလာပေမယ့် ရှာကဲဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထွက်၊ အတန်းကျောင်းရယ်လို့ မတက်ဖူးသော အဖေ့ကို လိမ့်ပိန့်ကြောက်ရသည်။ အဖေ့ကို မကြောက်ရဘဲ နေပါ့မလား။ အဖေ့မှာ ထားဝယ်ကြိမ် လက်သန်းတစ်ခြမ်းစာ လုံးပတ်ကနေ လက်ကောက်ဝတ်အရွယ် လုံးပတ်အထိ အရွယ်စုံ ဆိုက်စုံ အားလုံး ရှိသည်။ ဒါတင်မက နှစ်ပင်လိမ်၊ သုံးပင်လိမ် အားဖြည့်ထားသည့် ကြိမ်လုံးတွေကလည်း ပုံစံမျိုးစုံရှိသည်။ အခြောက်တုတ်၊ ရေစိမ်တုတ် အနေအထားကလည်း မျိုးစုံ။ ကိုယ်က အဖေမကျေနပ်အောင် တစ်ခုခု လုပ်မိတိုင်း ထိုကြိမ်လုံးမျိုးစုံနဲ့ ရင်ဆိုင်တွေ့ရဖန်များတော့ ကိုကိုချစ်က မကြောက်ဘဲ နေပါတော့မလား။

တုတ်ကိုမကြောက်တောင် အဖေ့မျက်လုံးကြီး တစ်ချက်ပြူးကြည့်လိုက်တာပဲဖြစ်ဖြစ်၊ ကွမ်းရိုးကပ်နေသည့် သွားနီနီဝါဝါကြီးတွေကို ဖြဲပြလိုက်တာပဲဖြစ်ဖြစ်၊ နှာခေါင်းကြီးကို ပွပြလိုက်တာပဲဖြစ်ဖြစ် တစ်ခုခု လုပ်ပြရုံနဲ့ကို ကြောက်တာကတော့ ကြောက်နေရပါပြီ။

“မင်းကွာ ... ဘယ်တွေလျှောက်သွားနေလို့ ဒီလောက်တောင် ဖမ်းလို့မရ ဖြစ်နေရတာလဲ၊ ငါ မနက်ကတစ်ခါဆက်တယ်၊ စောစောလေးက တစ်ခါဆက်တယ်၊ မင်း မရှိဘူး”

“ကျွန် ... ကျွန်တော် အလုပ်အတွက်နဲ့ သွားတာပါ”





“ဒီနေ့ တနင်္ဂနွေ၊ မင်းအလုပ်က ပိတ်တယ်မဟုတ်ဘူးလား”

“ကျွန်တော့်အလုပ်အတွက် သွားတာမဟုတ်ဘူး၊ ကြော့ ... အဲ ... မူယာကြော့ အလုပ်အတွက် သွားတာပါ”

“ဟေ ... ဟုတ်လား၊ မင်းတို့က ကြော့တွေ ဘာတွေတောင် ဖြစ်ကုန်ကြပြီလား၊ အလုပ်ကိစ္စအတွက် သွားတယ်ဆိုတော့ ကြော့က အလုပ်ဝင်လုပ်နေပြီလား၊ သူ့အိမ်ကတော့ သူတို့သမီးလေး ရန်ကုန်ရောက်နေတာ နှစ်လလောက်တောင် ရှိနေပြီ၊ ခုထက်ထိ အလုပ်ရှာလို့ မရသေးဘူးလား မရသေးဘူးလားဆိုပြီး ကြုံတိုင်းပြောနေကြတာကွ”

“အလကားပါ အဖေရာ”

ကိုကိုချစ်က ညည်းညည်းညူညူ ပြောလိုက်မိပြီးတော့မှ မူယာကြော့အပေါ် အဖေ့အမြင် စောင်းသွားမှာကို ပြန်စိုးရိမ်သွားရသည်။

အဖေက တောသားပီပီ ကြိုက်တစ်ရာ၊ မကြိုက်တစ်ရာဆိုသည့် အစားထဲက။ ဒီကောင်မလေးကို သူ့ဘာသာ ဘာတွေသဘောတွေ့လို့ တွေ့မှန်းတော့မသိ။ တကယ်လို့သာ မူယာကြော့ဟာ ပေါ့တန်တန်နဲ့ သူ့သားကို နိုင်စားမယ့်မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးမျိုး ဖြစ်နေတာကိုသာ သိသွားလျှင် အဖေက သဘောတူချင်မှ တူတော့မည်။ အဖေကသာ သ... မတူလျှင် ကိုကိုချစ်ကလည်း ဘယ်လောက်ပဲ လိုချင်နေပါစေ ယူရဲမှာမဟုတ်။ ဒီကောင်မလေးနဲ့မှ လက်ထပ်ဖို့ပျက်ပြီဆိုလျှင်လည်း ကိုကိုချစ်လို အသက်အရွယ်မျိုးနဲ့ နောက်တစ်ယောက် ထပ်ရှာဖို့ဆိုတာ လွယ်ကိုမလွယ်ကူတော့။ ဒီတော့ မူယာကြော့ကို အဖေ အမြင်ကြည်နေဖို့လည်း လိုသေးသည်။

"အလကားပါ ... ဟုတ်လား၊ ဘာလဲ ကောင်မလေးက အလုပ်ကို ကောင်းကောင်းမလုပ်ဘူးလား၊ အလုပ်ရဖို့ အရည်အချင်း မရှိတာလား၊ ငါ့သားက ကုမ္ပဏီကြီးတစ်ခုမှာ မန်နေဂျာ၊ လခက နှစ်သိန်းကျော်၊ သင်းက အလုပ်လေးတစ်ခုတောင် ရအောင်မရှာနိုင်သေးဘူး ဆိုရင်တော့ အဆင့်ချင်းကွာမှာပဲ၊ ဒီလိုဆိုရင်တော့ ..."

လာပြီ။ လာပြီ။ ကိုကိုချစ် စိုးရိမ်သည့်အတိုင်းပဲ ဖေဖေ့အတွေးက ဝင်လာပြီ။ မူယာကြော့ကို ချွေးမအဖြစ် မှန်းထားပြီးပေမယ့် ဖေဖေက မကြိုက်လျှင် ချက်ချင်းပွဲဖျက်ပစ်မှာ။ ကိုကိုချစ်တို့ကတော့ အထိန်းရခက်သည့် မိန်းကလေးကို လွန်ဆွဲပြိုင်ပွဲဝင်သလိုပဲ အစမှာ လျှော့လျှော့ပေးပြီး ကိုယ်ပိုင်လောက်ပြီ



သင်မှ ဆတ်ခနဲ ကိုယ့်ဘက်ပါအောင် ဆောင့်ဆွဲလိုက်တဲ့နည်းကို သုံးဖို့ စိတ်ကူးထားတာ။ အဖေ့လိုတော့ မကြိုက်ရင် အပြတ်ပဲလို့ သဘောမထားရဲပေါင်ဗျာ။ ဒီမိန်းကလေးနဲ့ လွဲရရင် လူပျိုကြီးဖြစ်ဖို့ ရာနိုင်နှုန်း ပိုများသွားတာက သူပဲဖြစ်မှာ။ အဖေကတော့ မိန်းမရပြီးသားမို့ ပွန်းပဲ့ထိခိုက်စရာ ဘာအကြောင်းမှ မရှိတာ။

ဒီတော့ ကိုကိုချစ်ခမျာ ခပ်မြန်မြန် ...

"မဟုတ်ဘူး အဖေရ၊ ကြော့က အလုပ်လုပ်မှာပါ၊ ဒါပေမဲ့ အလုပ်ကိစ္စ လိုက်စုံစမ်းတော့ သင်တန်းတချို့တက်ပြီး အောင်လက်မှတ်ရမှ ခန့်နိုင်မယ်ဆိုလို့ လိုအပ်တဲ့သင်တန်းတွေ လိုက်တက်နေတာပါ"

"ဩော် ... ဒီလိုလား၊ သို့ကလိုဆိုရင်ဖြင့် ကိစ္စမရှိပေဘူးပေါ့ကွာ၊ ပညာဝမ်းစာဖြည့်နေရတဲ့ သဘောပဲပေါ့၊ အရည်အချင်းမရှိလို့ အလုပ်မရတာတို့၊ အပျင်းထူလို့ အလုပ်မလုပ်ချင်တာတို့ ဆိုရင်တော့ ကြီးဟာန်က သည်းခံမှာ မဟုတ်ဘူးဟေ့၊ ငါက မိန်းကလေးဆိုပေမယ့် အလုပ်အကိုင်တော်မှ တတ်မှ ကြိုက်တာ၊ ပိုက်ဆံချမ်းသာတာ မချမ်းသာတာက အရေးမကြီးဘူး၊ အလုပ်ရေသာခိုတဲ့ မိန်းကလေးထဲ စာရင်တော့ ငါတို့လယ်ထဲက စာရင်းငှားကောင်မလေး

www.burmeseclassic.com



တစ်ယောက်ယောက်နဲ့ ပေးစားလိုက်တာကမှ ကောင်းဦးမယ်"

"အာ ... အ ... အဖေ ... အဖေ၊ ဒီလိုတော့ မလုပ်နဲ့နော်၊ အဲဒီကောင်မလေးမျိုးတော့ မယူပါရစေနဲ့၊ လုပ်အားတန်ဖိုး ချစ်မြတ်နိုးတာက သတ်သတ်၊ ရွံ့နှံ့မစင်တဲ့ မိန်းမတော့ မယူနိုင်ဘူး"

"ငါကလည်း စကားအဖြစ် ပြောတာပါကွာ။ မင်း မှုယာ ကြောက်ကို သဘောကျသလား"

"ကျတယ် အဖေ"

"ကောင်မလေးကရော"

အင်း ...။ ပုံစံကတော့ ကိုယ့်ဘက် သိပ်မပါချင်သည့်ပုံစံမျိုးလေးပဲ။ ဒါပေမဲ့ ကိုကိုချစ်လေ။ လူကြီးမိဘတွေက သဘောတူထားသည့် မိန်းကလေးကိုတောင် ရအောင်မပိုးနိုင်ဘူးဆိုလို့ကတော့ လူပျိုကြီးဂုဏ်ပုဒ် ပျက်စီးသွားတော့မှာပေါ့။

"သဘောကျမယ့်ပုံပါပဲ"

"အေး ... ဒါဆို ငါ သူ့မိဘတွေနဲ့ စကားပြောဆိုထားလိုက်မယ်၊ မင်းဘက်က အခြေအနေ ထူးခြားတာနဲ့ မင်္ဂလာကိစ္စကို စီစဉ်ကြတာပေါ့"





"ဟုတ်ကဲ့ပါ အဖေ"

အဖေနဲ့ ဖုန်းဆက်ပြီးတဲ့နောက် ကိုကိုချစ်ရင်မှာ လိုက်ဖိုသလိုလို၊ ပျော်သလိုလို။ ခွယားတစ်ကောင် အူထဲရောက်နေသလိုမျိုး ကျလိ ကျလိနဲ့ အနေရအထိုင်ရခက်ပြီး အသည်းထဲ အူထဲက ယားကျိကျိ ဖြစ်နေသည်။

မိန်းရဖို့တော့ နီးစပ်နေပြီ။ အခုနေ ကောင်မလေးက ကိုယ့်ကို နည်းနည်းလောက် သဘောကျအောင် လုပ်ထားနိုင်လျှင်ပဲ လူငယ်ချင်း မေတ္တာမျှလို့ လူကြီးတွေကို စီစဉ်ခိုင်းသည့် သဘောဖြစ်ရော။ ဒီလိုဆိုလျှင် မိဘစီစဉ်မှ အိမ်ထောင်ကျရတယ် ဆိုသည့် နာမည်ဆိုးနဲ့ လူပျိုကြီးသိက္ခာကျစရာ အကြောင်းမရှိတော့ဘူးပေါ့။

❤ ❦ ❤



www.burmeseclassic.com

www.burmeseclassic.com



ကြော့တို့အဆောင်နား ရောက်တော့မည်ဆိုမှ ကိုကို ချစ်က ဓာရပ်ကာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်စစ်ဆေးကြည့်မိသည်။

အဲရိုးရှပ်အပွင့်လက်တို။ အဖြူခံမှာ အပြာပွင့်အကျီ ဆင်နဲ့လိုက်အောင် ဘောင်းဘီက နက်ပြာ။ ဟပ်ဖိရှူးစ်တော့ သူ့မှာမရှိတာမို့ အက်ဒါတဲ့ဆိပ် အနက်ရောင်ကွင်းထိုးဖိနပ်လော ကိုပဲ ဝတ်ထားလိုက်သည်။

ဆံပင်ကို ဆီလိမ်းကာ သေသေသပ်သပ် ဖြီးသင်ထား တာဟာ မနက်အိပ်ရာနိုးနိုးချင်းတစ်ကြိမ်၊ ရေချိုးပြီးတော့တစ်ကြိမ် အားလုံးပြင်ဆင်ပြီး ထွက်ကာနီးမှတစ်ကြိမ် (ဒါတောင် တံခါး အပြင်ရောက်မှ စိတ်မဖြောင့်တာနဲ့ ပြန်ဝင်ပြီး ခေါင်းတစ်ခါထပ် ဖြီးလိုက်သေးသည်။) စုစုပေါင်း သုံးကြိမ်။





ဒါတောင် သူ့စိတ်ထဲ ဆံပင်တစ်ချောင်း နှစ်ချောင်း လောက်က ပွထွက်နေသည်လို့ ထင်မိသေးသည်။

ဟာဝေယံရှပ်အကျီက ဝတ်နေကျ မဟုတ်တာမို့ သည်ပင်းဟာပြဲ ဖြစ်နေတာဟာ အနေရခက်ချင်သလိုလို။ ဘောင်းဘီ က ခါးပဲလျော့ကျချင်သလိုလို။

မဖြစ်သေးဘူး။ သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက် လွန်းပြီး မနေတတ် မထိုင်တတ် ဖြစ်နေလျှင် ကိုယ့်ဘက်က အားနည်းရာရောက်မည်။ ငါ အားလုံးအဆင်ပြေတယ်လို့ သဘော ထားပြီးနေ။ အဲ ... ကောင်မလေးနဲ့ မတွေ့မချင်း ဒီစကားကို ဂါထာလိုမျိုး နှုတ်ကနေ တဖွဖွ ရွတ်သွားလျှင် ပိုပြီးတော့ကောင်း သည်။

"ငါ အားလုံး အဆင်ပြေတယ်၊ ငါ အားလုံး အဆင်ပြေ တယ်"

အစတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် အူကြောင် ကြောင်လိုလို ဘာလိုလိုနဲ့။ အရှိန်လေးရသွားတော့ ဒီလိုရဲဆေး တင်တာက ထိရောက်သား။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြည့်ဝ လာပြီး ငါ ဘာများလိုအပ်နေသေးလဲဆိုသည့် အတွေးကြီး လုံးဝ ပျောက်သွားသည်။ (အကယ်၍ ကောင်မလေးဆီ သွားတွေ့ဖို့ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုယ့်ကိုယ်ကိုယ် မယုံကြည် စိတ်မချဖြစ်နေသူများ ဤနည်းကို လက်တွေ့စမ်းသပ် သုံးစွဲကြည့်နိုင်ပါသည်။)

"ငါ အားလုံး အဆင်ပြေတယ်"

"ဗျို့ ... လူပျိုကြီး ... ကျွန်တော်တို့ အခန်းချင်းလဲဖို့ကိစ္စ ဘယ်လိုလဲ၊ လုပ်ပေးလို့ရမယ် မဟုတ်လား"

"ငါ အားလုံး အဆင်ပြေတယ်"

"ကျေးဇူးပဲဗျာ၊ ကျွန်တော့်အခန်းက ထောင့်စွန်းခန်းဖြစ်နေတော့ ပြတင်းပေါက်က နှစ်ဖက်တောင်ပါတာ၊ လေက တဖျူးဖျူးတိုက်တာဗျ၊ ညညအိပ်ရင် အေးလွန်းလို့ နှာခေါင်းတောင်ပိတ်တယ်၊ ကျွန်တော်က အအေးကြောက်တဲ့ကောင်ဆိုတော့ နေရတာ အဆင်မပြေဘူး ဖြစ်နေတာ။ အခု လူပျိုကြီးက အခန်းပြောင်းမယ်ဆိုတော့ ..."

"ဟော ... ဟော ... မင်း ဘာပြောလိုက်တယ်၊ ငါက မင်းကို ဘယ်တုန်းက အခန်းပြောင်းပေးမယ်လို့ ပြောမိလို့တုံး"

ရုတ်တရက် ကိုယ့်ကို အတင်းကြီး လာကျေးဇူးတင်နေသော အဆောင်ကကောင်လေး သစ်မွေးရဲ့စကားကြောင့် ကိုကိုချစ် အလန့်တကြား ဖြစ်သွားရသည်။



သစ်မွေးက သူနဲ့အဆောင်တူ။ အညာသား။ အအေးကြောက်တတ်သည့်ကောင်လေး။ သူ့အခန်းက လေတိုးလွန်းလို့ဆိုပြီး ကိုကိုချစ်ရဲ့အတွင်းပိုင်းက အခန်းနဲ့ လဲမလားလို့ တကျီကျီလာပြောဖူးသူ။ ကိုကိုချစ်ကိုမှမဟုတ်။ အဆောင်က သူပြောလို့ရလောက်မည့် လူအားလုံးကို အခန်းချင်းလဲဖို့ လိုက်ပြောနေတာကြာပြီ။ သူ့အခန်းကြီးက နေလို့ထိုင်လို့ မကောင်းတာမို့ ဘယ်သူကမှ လဲမပေး။ ကိုကိုချစ်ကလည်းပဲ လူကြီးမို့ ရုတ်တရက်ကြီး ငြင်းလိုက်ရမှာ အားနာတာနဲ့ စဉ်းစားဦးမယ်လို့ပဲ အလွယ်ပြောထားတာ။ ဒါကို သူက ဘယ်လိုအကြောင်းကြောင့် အတင်းကြီး ကျေးဇူးတင်နေရတာလဲ။

"ဟာ ... အခုပဲ ပြောလိုက်တယ် မဟုတ်လား၊ ကျွန်တော်က အခန်းချင်းလဲဖို့ကိစ္စ ဘယ်လိုလဲဆိုတော့ လူပျိုကြီးပဲ၊ အဆင်ပြေပါတယ်ဆို လူပျိုကြီးဘက်က အဆင်ပြေတယ်ဆိုတော့ လဲလို့ရပြီဆိုတဲ့သဘော မဟုတ်ဘူးလား"

"ငါကအဆင်ပြေပါတယ်လို့ ဘယ်တုန်းကပြော... ဟာကွာ"

သေပြီ။ သေပြီ။ သူ သေချာပေါက် ပြောလိုက်မိတာပေါ့။ အခန်းချင်းလဲမလားလို့ သစ်မွေးက လာမေးနေချိန်မှာ သူက သတိမထားလိုက်ဘဲ ကိုယ့်ကိုယ်ကိုယ် အားတင်းစကားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် "ငါ အားလုံး အဆင်ပြေတယ်"ဆိုသည့် စကားကို အသံထွက် ရွတ်နေမိတာ။ အမေးနဲ့အဖြေ ကွက်တိဖြစ်သွားပြီး ဟိုကောင်က အခွင့်ကောင်းယူသွားပြီ။

"လူပျိုကြီးနော်၊ ခုမှ ရှူးချင်ယောင် လာဆောင်မနေနဲ့၊ ဒီမှာ ဒီကောင်တွေ သက်သေရှိတယ်၊ လူပျိုကြီးပဲ အခန်းချင်းလဲဖို့ကိစ္စ အားလုံး အဆင်ပြေပါတယ်လို့ ပြောထားတာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ပြောတယ်"

"ကျွန်တော်လည်း ကြားတယ်"

အရေးထဲ သစ်မွှေး သူငယ်ချင်းနှစ်ကောင်ကပါ ဝင်ပြီး သက်သေလုပ်နေကြသေးသည်။

"ကျွန်တော့်ပစ္စည်းတွေ ပြောင်းထားလိုက်တော့မယ်နော်၊ လူပျိုကြီး ပြန်လာမှ ကိုယ့်ပစ္စည်း ကိုယ်ရွှေ့ပေါ့"

တားချိန်တောင် မရလိုက်။ သစ်မွှေးတို့သုံးကောင် ကချီတက်ပွဲမှာ တန်းလှည့်သလိုမျိုး တုံ့ခနဲရပ်၊ ကိုယ်ကိုရှိုးခနဲ နောက်ပြန်လှည့်ကာ ချီတက်သွားကြပြီ။

သေသာသေလိုက်ချင်တော့တာပဲကွာ။ ဘယ်လိုမှ နေချင်စရာမရှိသည့် အခန်းကြီးကို ခုတော့လည်း နေပေးရတော့မည်။ ခံ,ခံ။ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ခံသာခံ။





ထားလိုက်ပါတော့ကွာ။ နောက်ကိစ္စ နောက်ထား။ လောလောဆယ် ကောင်မလေးနဲ့တွေ့ဖို့က အရေးကြီးသေးသည်။ ဒီနေ့တော့ သူမကို အပြတ်ဖွင့်ပြော အဖြေတောင်းပစ်လိုက်မည်။ လူကြီးတွေကလည်း မင်္ဂလာကိစ္စကို ခပ်မြန်မြန် စီစဉ်ချင်နေပြီဆိုတော့ကာ ကိုယ်က အရင်ဖွင့်ပြောထားမှ (သူမနဲ့ကိုယ် အဆင်ပြေထားနှင့်လျှင် ပိုကောင်းသည်) လူကြီးတွေစီစဉ်တော့မှ မိန်းမရဖြစ်တော့တယ်ဆိုသည့် နာမည်ဆိုးကြီးက ကင်းလွတ်မှာ။

ဟိုကောင် လာစကားပြောတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိ ဖြစ်ရပြီ။ ဆံပင်တွေများ ပွကုန်ပြီလား၊ အင်္ကျီကော်လာက ခေါက်ရိုးမှ ကျိုးသေးရဲ့လား၊ ဘောင်းဘီအောက်နားလေး ခေါက်ထားတာကရော ပြေကျသွားပြီလား။ ဖိနပ်မှာရော ဖုန်တွေသိပ်ကပ်ကုန်ပြီလား။

ဟာ ... အချိန်ဒီလောက်ကလေး အတွင်းမှာတော့ အများကြီး အပြောင်းအလဲတွေ ဖြစ်မသွားနိုင်ပါဘူး။ နဂိုအတိုင်းပဲ ရှိမှာပါ။ စိုးရိမ်ပူပန်စိတ်တွေ သိပ်များမနေပါနဲ့လေ။ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးဦးမှ။

"ငါ ဘာမှမဖြစ်ဘူး၊ ငါ အားလုံး အဆင်ပြေတယ်၊ ငါ အားလုံး အဆင်ပြေတယ်၊ ငါ အားလုံး အဆင်ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အရှိန်နဲ့ကိုယ် ပြန်ဖြစ်သွားပြန်ပြီ။ ကိုကိုချစ်က ပါးစပ်က အသံထွက်အောင်ရွတ်ရင်း ကိုယ့်အသံကိုယ် တရားမှတ်သလို ပြန်မှတ်လာသည်။

"လူပျိုကြီး ကိုကိုချစ်ပါလား၊ အဟီး ... ခင်ဗျားနဲ့ တည့်တည့်တိုးမှပဲ ကြွေးကိစ္စ သတိရတော့တယ်၊ ဒီလိုဗျာ ... ကျွန်တော့်မှာ ခုတလော ငွေကြေးအဆင်မပြေ ဖြစ်နေလို့၊ အထက်လန်အောက်လျှော ဖြစ်တာနဲ့တင် ဆေးခန်းသွားပြရတာ ငွေတော်တော်ကုန်သွားတယ်၊ ကျွန်တော့်ကောင်မလေး မွေးနေ့အတွက် ဝယ်ပေးရသေးတာနဲ့၊ သူငယ်ချင်းတွေနဲ့ ကာရာအိုကေဆိုင် သွားလိုက်မိတော့ အကုန်အကျက တော်တော်များပြန်ရော၊ ဒီကြားထဲ အမေ့အတွက် လက်ဖက်သုပ်တစ်ပွဲ ဝယ်ပေးလိုက်ရတော့ ငါးရာကုန်ပြန်ရော၊ အဲဒီတော့ ကိုကိုချစ် အကြွေးကို ဒီလ ပြန်ဆပ်ဖို့ မလွယ်တော့ဘူး၊ အဲဒါ နောက်ထပ် နှစ်လ သုံးလလောက် အကြွေးကို ဆိုင်းပေးဖို့ အဆင်ပြေနိုင်မလားလို့ပါ"

"အားလုံး အဆင်ပြေတယ်"

"ဗျာ ... အားလုံး အဆင်ပြေတယ် ဟုတ်လား၊ ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော် ထင်တောင်





ထင်မထားဘူး၊ လူပျိုကြီး ဒီလောက် သဘောကောင်းလိမ့်မယ်လို့"

"ဘာ ... ဘာကွ"

"ဟို ... မဟုတ်ပါဘူး၊ လူပျိုကြီးက သိပ်သဘောကောင်းတယ်လို့ ပြောတာပါ"

"ငါက ဘာတွေ သဘောကောင်းလို့လဲ"

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ငွေလေးသုံးသောင်းဆိုတာ လူပျိုကြီးတို့လို ဘောစိတွေအတွက် မိုင်နာပါ၊ ကျွန်တော် ဒီလောက် အခက်တွေ့နေတာ ဘော်ဒါအချင်းချင်း ဒီလောက်လေး ကူညီပေးရတာ ဘာမှမဖြစ်လောက်ပါဘူး၊ ဟုတ်တယ်မို့လား"

ဒီကောင် ဘာတွေလာပြောနေပါလိမ့်။ နားကိုမလည်နိုင်တော့ဘူး။ ကြားလိုက်ရသမျှတော့ သူ့အကြွေးကို လတ်တလော မတောင်းသေးတဲ့အတွက် ကိုကိုချစ်ကို ကျေးဇူးတင်နေတာဆိုပဲ။

ဝေးလိုက်တာ။ ဒီလ မှုယာကြော့အတွက် သုံးစွဲစရိတ် ကြီးသွားတာနဲ့ လက်ထဲမှာ ငွေပိုငွေလျှံ သိပ်မရှိဘူး ဖြစ်နေတာမို့ ရစရာရှိသမျှ အကြွေးတွေကို လိုက်တောင်းဖို့ စီစဉ်နေတာ။ လမ်းထိပ် ဆိုက်ကားဂိတ်က ဆိုက်ကားဆရာ ကိုအေးသာ

www.burmeseclassic.com



ရုပ်၊ အဆောင်မှာ ထမင်းချက်သည့် ဒေါ်ချွေကြိုင်ရယ် နှစ်ယောက်ဆီက အကြွေးတွေကိုတောင် ပြန်တောင်းပြီးသွားပြီ။ အဆောင်ဖော် ကောင်လေးတွေဆီကလည်း ရနိုင်သလောက် ပြန်ပြီးတောင်းတော့ဖို့ စိတ်ကူးထားတာ။ ကြွေးတောင်းတော့မည်ဆိုလျှင်လည်း အများဆုံးယူထားသည့် ကျော်စံထွေးကို ပထမဆုံး တောင်းမည်လို့ စီစဉ်ပြီးသား။ အဲဒါကိုများ ကိုကိုချစ်ကပဲ သူ့ကို ကြွေးမတောင်းတော့ဘူးလိုလို ဘာလိုလို ဒီကောင်က လှုလည်ကျပြီ။

အဲ ... လှုလည်ကျတာတော့ မဟုတ်သေးဘူး။ ကိုကိုချစ်က တစ်ခုခု ပြောလိုက်လို့သာ အဲဒီစကားကို နင်းပြီး လှုလည်ကျနိုင်တာ။

ဟုတ်ပါပြီ။ သူ တတွတ်တွတ် ရွတ်နေတဲ့ "ငါ အားလုံး အဆင်ပြေတယ်"ဆိုတဲ့ ဂါထာက အကြွေးပြန်မဆပ်ဘဲ နေလို့ရလားဆိုတဲ့ မေးခွန်းနဲ့ တိုက်ရိုက်သွားငြိတာပဲဖြစ်မည်။ စာစာက သစ်မွေးနဲ့တုန်းက ဖြစ်သလိုမျိုးပေါ့။

"ဟေ့ကောင် ကျော်စံထွေး၊ ငါက မင်းကို အကြွေးတောင်းတော့မလို့ စဉ်းစားနေတာကွ"

"သိတယ် ... သိတယ်၊ ကိုကိုချစ်ကြီးက ကျွန်တော့် မျက်နှာလေးကို မြင်လိုက်ပြီး ကျွန်တော့်ရဲ့ဒုက္ခ အခက်အခဲ





တွေကို ကြားလိုက်ရတဲ့ အခါကျတော့ သနားကြင်နာစိတ်တွေ တဖွားဖွား ပေါ်လာပြီး အကြွေးတောင်းဖို့ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်တာ မဟုတ်လား"

"ကျော်စံထွေး ... မင်း ထင်သလို မဟုတ်ဘူးကွ"

"ကျွန်တော် သဘောပေါက်ပါပြီ ကိုကိုချစ်ရယ်၊ အရင်တုန်းက အစ်ကိုကြီးကို ကတ်စေးနည်း ကော်တရာကြီး၊ ဘူဇွာကြီး၊ ချစ်တီးကြီး၊ ငွေအတွက်ဆို ဘာကိုမှမထောက်မညှာ အားမနာမယ့်လူကြီး ဆိုပြီး အထင်သေးခဲ့မိတာ၊ အခုမှ အစ်ကိုကြီးရဲ့ ကိုယ်ချင်းစာတရား ပြည့်ဝပြီး ညှာတာထောက်ထားတတ်တဲ့စိတ်ကို သိရတာပါ၊ အရင်တုန်းက အထင်လွဲခဲ့မိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်တောင် ခွင့်မလွှတ်နိုင်အောင် ဖြစ်ရပြီဗျာ ... အီး ... ဟီး ... ဟင့် ... ဟင့် ... ဟင့် ... ရှွတ်"

"ဟေ့ကောင် ... ဟေ့ကောင် ... မင်း နှာခေါင်းက နှာရည်တွေ ငါ့ကိုလာစဉ်ကုန်ပြီကွ၊ တော်စမ်းကွာ ... တော်တော့၊ ဒီမှာ မင်္ဂလာယူနေတဲ့ အချိန်ကြီးကို ကျက်သရေယုတ်အောင် လာငိုပြမနေနဲ့၊ မင်းအကြွေးလည်း မယူသေးဘူး၊ မြန်မြန်သာ ငါ့ရှေ့က ထွက်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါဗျာ၊ ကျွန်တော့်ကို ဒီလောက်လည်း မနင်ပါနဲ့၊ ကျွန်တော် သွားတော့မှာပါ ... အီး ... ဟီး"

အောင်မယ်လေးဗျာ။ အကြွေးပြန်တောင်းလို့မရတော့မယ့်အပြင် အင်္ကျီမှာ နှပ်ချေးတွေတောင် ပေကုန်ပါရောလား။ အိတ်ထဲမှာ တစ်သျှူးတို့ လက်ကိုင်ပဝါတို့လည်း အသင့်ဆောင်မထားမိ။ ကိုကိုချစ် ခမျာ နှပ်ချေးကိစ္စကို ဘယ်လိုရှင်းရမယ်မှန်း မသိစွာ ထူပူနေသည်။

မတတ်နိုင်ပါဘူး။ အနားက ပန်းပင်က အရွက်တစ်ရွက်ခူးပြီးတော့ပဲ သုတ်လိုက်ရသည်။

ဟ ... ဟ။ သစ်ရွက်က ဖုန်တွေနဲ့ဆိုတော့ ချွဲကပ်ကပ် နှာရည်တွေနဲ့လည်းထိရော အင်္ကျီမှာ ချေးစင်းကြောင်းကြီးတွေ ထင်ကုန်ပါရောလား။

ဟာ ... သွားပြန်ပြီ။ ပိန္နဲရွက်ဆိုတော့ ခူးလိုက်တာနဲ့ အစေးက တောက်တောက်ကျကာ အောင်းဘီအရောင်ရင့်ပေါ်မှာ အဖြူရောင်အစေးတွေ ထင်းနေအောင် စွန်းကုန်ပြီ။

ပြဿနာတွေက တစ်ခုပြီးတစ်ခု ဆက်နေတော့တာပါလား။ တိုယ့်ကိုယ်ကိုယ် ကြော့မော့သပ်ရပ်ပြီး အပြစ်အနာအဆာတစ်ခုမှ မရှိသည့်ပုံစံဖြစ်အောင် ပြင်ဆင်လာပေမယ့် ခုတော့





ဖရိုဖရဲ၊ ရုပ်ပျက်ဆင်းပျက် အနေအထားကြီးနဲ့ မူယာကြော့ဆီ သွားရတော့မည်။

"ငါ အားလုံး အဆင်ပြေတယ်"

ဟာ ... မဖြစ်သေးပါဘူး။ ငါတစ်ကိုယ်လုံး ဘာမှအဆင်ပြေတာမှ မဟုတ်တာ။ ပြီးတော့ ဒီစကားကို အသံထွက်ပြောမိတာနဲ့ အခွင့်အရေးယူမယ့်လူတွေ ပေါ်ပေါ်လာဦးတော့မည်။ ဒီတော့ ပါးစပ်ကိုပိတ်ပြီး ဘုရားတရားသာ အောက်မေ့သွားရုံပဲပေါ့။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



အလို။ ကျက်သရေယုတ်လှတဲ့ မြင်ကွင်းပါလား။ မှုယာကြော့နားမှာ ငနာတစ်ကောင်။ အောင်မယ်လေး။ ရုပ်ကိုက ကြွက်စုတ်ကို တံမြက်စည်း ကပ်ထားသလို စုတ်ချွန်းချွန်း၊ ရှည်မျောမျော မျက်နှာမှာ လိမ်ခြောက်ခြောက် ကောက်ကွေးကွေး၊ ရှည်ဖွာဖွာ ဆံပင်တွေက ဖရိုဖရဲ ဖိုးရိုးဖားရား တပ်ဆင်ထားလိုက်သေးသည်။

ဒီကောင် မှုယာကြော့နဲ့ ဘယ်လိုများ ပတ်သက်နေသလဲ။ အင်း ... ဘယ်လိုမှ ပတ်သက်စရာ အကြောင်းတော့မရှိပါဘူးလေ။ ဒီလောက် စုတ်ပြတ်၊ ညစ်ပတ်၊ အဆင့်အတန်းမရှိ၊ ကျက်သရေကင်းမဲ့တဲ့ရုပ်နဲ့ကောင်ဟာ မှုယာကြော့နဲ့ ဘာများကြီးကြီးကျယ်ကျယ် ပတ်သက်စရာအကြောင်း ရှိမှာလဲ။ မှုယာကြော့ရဲ့ ထဘီအဟောင်းတွေ လာဝယ်တာပဲ ဖြစ်ရမည်။





နားစမ်းပါ။ ဒီရုပ်ဒီရည်မျိုးနဲ့ကောင်ဟာ စိတ်ပူစရာစာရင်းထဲ မပါ၊ပါဘူး။ မျက်စိနောက်တာရယ်၊ အနှောင့်အယှက်ဖြစ်တာရယ်ပဲ ရှိတယ်။

မှုယာကြော့ကို အရေးကြီး အဖိုးတန်တဲ့စကားတွေ ပြောရမယ့်အချိန်မှာ ဒီကောင်က အနားငုတ်တုတ်ကြီးဆိုတော့ သူ့ရှေ့ မျက်နှာပြောင်ပြောင်နဲ့ ဖွင့်ပြောလို့ကလည်း မဖြစ်။ ဒီကောင် ထွက်သွားအောင် ဘယ်လိုနှင်ရပါ့မလဲ။

အို ...။ နေလာ နှင်းပျောက်ဆိုတဲ့ စကားလည်း ရှိသားပဲ။ ငါ့လို ဘုန်းတန်ခိုး အရှိန်အဝါနဲ့ ပြည့်စုံတဲ့ လူကြီးလူကောင်း၊ လူသန့်လူစန့်ကြီး တစ်ယောက် ရောက်လာမှတော့ မဆိုးမတဲ့အောက်မှာ ထွင်းဖောက်ပြီးနေရတဲ့ ကြွက်စုတ်လိုကောင်က အလိုအလျောက် ဖယ်ရှားသွားဖို့ပဲ ရှိတော့တာပေါ့။

"ကြော့"

"ဩော် ... ဦးကိုကိုချစ်ပါလား၊ ဘယ်လာတာလဲ၊ အန်တီသင်းဆီလား"

သေလိုက်ပါလားဟ။ သူမဆီ တည့်တည့်ကြီးရောက်လာသူကိုများ အန်တီသင်းဆီလားတဲ့။ ရှန့်တိန်လွဲလိုက်သေးသည်။

"ကြော့ဆီကိုပဲ လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘာကိစ္စရှိလို့လဲ၊ အိမ်က ဘာပို့ပေးလိုက်လို့လဲဟင်"

လက်ထဲမှာ ဘာမှကိုင်လာတာ မမြင်ဘဲနဲ့ အိမ်က ဘာပို့ပေးလိုက်သလဲဆိုတော့ အဖြေရခက်လှသည်။ မင်းအတွက် အလွန်သင့်တော် ထိုက်တန်လှတဲ့ သတို့သားလောင်းကြီးကို ပို့ပေးလိုက်တာလေဆိုပြီး ကိုယ့်ရင်ဘတ်ကိုယ် လက်ညှိုးနဲ့ညွှန်ပြဖို့ပဲရှိသည်။

"ကြော့ အိမ်ကကိစ္စ မဟုတ်ပါဘူး၊ ကိုယ့်ကိစ္စပါ၊ ပိုပြီးတိတိကျကျ ပြောရရင်တော့ ကိုယ့်ရဲ့နှလုံးသားနဲ့ဆိုင်တဲ့ကိစ္စဆိုပါတော့"

"ဟယ် ... ဦးကိုကိုချစ်ကြီးက နှလုံးရောဂါရှိနေလို့လား၊ ဆရာဝန်ပြဖို့ ဘယ်ဆရာဝန်နဲ့ ပြရရင် ကောင်းမလဲလို့ ကြော့ကို လာတိုင်ပင်တာလား၊ ကြော့က အခုမှ ရန်ကုန်ရောက်ကာစလေ၊ ဘယ်ကောင်းကောင်း သိမှာလဲ၊ အန်တီသင်းကို မေးကြည့်ပါလား"

ကိုကိုချစ် မျက်နှာကြီး ရှုံ့မဲ့သွားရသည်။ ဒါ တမင်ကိုယ့်ကို ဒေါက်ဖြုတ်နေတာ။ မှုယာကြော့လို နှစ်ဆယ့်တစ်ရာစုခေတ်လွန်ဒီဇိုင်းနဲ့ ကောင်မလေးမျိုးမပြောနဲ့ ရုံးက အူတီးအူကြောင်



ခေတ်ဟောင်းခေတ်ဆွေးပုံစံနဲ့ မငြိမ်းချမ်းလို မိန်းကလေးမျိုးတောင် ဒီစကားဟာ ဘာအဓိပ္ပာယ်ဆောင်သလဲဆိုတာ သိမှာပဲ။

"ဟာ ... အဲဒီနှလုံးရောဂါအကြောင်း ပြောတာမဟုတ်ပါဘူး၊ ဒီရောဂါမျိုးက ပုပင်သောကများတဲ့ အဘိုးကြီးအဘွားကြီးတွေမှ ဖြစ်တတ်တာ၊ ကိုကိုချစ်မှာက ဘာသောကမှလဲ မရှိဘူး၊ အသက်ကလည်း ငယ်ငယ်လေး ရှိသေးတာ၊ အလန်းကြီး ရှိသေးတယ်၊ ဒါမျိုးဘယ်ဖြစ်ပါ့မလဲ"

"အမှည့်တဝင်းဝင်း အကင်းတပြိုက်ပြိုက်တဲ့၊ ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင်တဲ့၊ အဲဒီစကားပုံတွေက ဒီလိုပဲ ငါတော့ မဖြစ်နိုင်သေးပါဘူး ဆိုတဲ့လူတွေကို သတိပေးထားတာဗျ"

အောင်မာ ... ကြွက်စုတ် ငရုပ်က မဆီမဆိုင် ဝင်ပြောလိုက်သေး။ ငါ နဘန်ကျင်းထည့်လိုက်ရလို့။ ကြော့ရှေ့မှာ မို့ သည်းခံနေလိုက်တာနော်။

"ကိုယ် ဆိုလိုတာက ကိုယ့်ရဲ့ချစ်ရေးချစ်ရာကိစ္စ"

"ထင်တော့ ထင်သားပဲ"

မဆိုးဘူး။ ဒီလောက် လိုက်လိုက်လျောလျောရှိမှောင် အားတက်စရာ ကောင်းပြီ။

www.burmeseclassic.com



"အဲဒါကြောင့် ကိုယ့်ရင်ထဲ ရှိတာတွေကို ရင်ဖွင့်တော့မယ် ဆိုပြီး ဒီနေ့ ထွက်လာခဲ့တာ"

"ကောင်းပါတယ်၊ ကြော့လည်း အစတည်းက တွေးနေမိတာ၊ ဦးကိုကိုချစ်ကလည်း သားသားနားနား ခန့်ခန့်ထည်ထည်"

ဟော ... ဟော။ မထင်မှတ်ပါဘဲ ဒီမိန်းကလေးက ဒီလောက်တောင် ပွင့်လင်းသလား။ ကိုယ့်ကို ရှီးမွမ်းခန်း ဖွင့်နေလိုက်တာများ ကြည်နူးဖို့တောင်ကောင်းသည်။

"အန်တီသင်းကလည်း အသက်သာ နည်းနည်းကြီးနေတာ၊ အပျိုကြီးဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ချိန်ပိုရပြီး လှုးလေးက နုဖပ်နေတာပဲ"

"ဟင် ... အန်တီသင်း အကြောင်းက ဘာလို့ပါလာရတာလဲ"

"အန်တီသင်းအကြောင်း မပါလို့ ရမလား၊ ဦးကိုကိုချစ်နဲ့ အန်တီသင်း လိုက်ဖက်ညီတဲ့အကြောင်း ပြောပြနေတာပဲဟာ"

"ဘာရယ် ... ဘာရယ်"





"ဟုတ်တယ်လေ၊ ဦးကိုကိုချစ်က အန်တီသင်းကို သဘောကျလို့ ရင်ဖွင့်တော့မလို့ မဟုတ်လား၊ ဒါကြောင့် အဆောင်ကို ရောက်လာတာ မဟုတ်ဘူးလား"

"ဟာ ... သွားပါပြီကွာ"

ဒီကောင်မလေးဟာ ကိုကိုချစ်ကို ဆော်လီသောဘောလုံးလိုများ သဘောထားနေလေရောသလား။ အပေါ်ကိုမြှောက်တင်လိုက်၊ ခုတ်ချလိုက်။ သိပ်ကစားလို့ ကောင်းနေတယ်ပေါ့လေ။

"မဟုတ်သေးဘူး ကြော့၊ ကိုယ်ပြောချင်တာက ..."

"ခဏနေဦး၊ ကြော့တို့ အရေးတကြီး သွားစရာရှိနေလို့ ဦးကိုကိုချစ်ကို လောလောဆယ် ဘာမှမကူညီနိုင်သေးဘူး၊ ပြန်လာမှပဲ ပြောပေးမယ်နော်၊ လာ မောင်၊ သွားကြစို့"

"ဟို ... ဟို"

"ဪ ... ဒါနဲ့ မေ့နေလိုက်တာ၊ ဦးကိုကိုချစ်နဲ့ မိတ်တောင်ဆက်မပေးမိဘူး၊ သူက ကြော့ရဲ့ချစ်သူလေ၊ ကြော့နဲ့ ကျောင်းနေကတည်းက အတူတူ၊ သူနဲ့မခွဲနေရအောင်လို့ ကြော့က သင်တန်းတက်မယ်၊ အလုပ်ရှာမယ်ဆိုပြီး ရန်ကုန်ပြန်ဆင်းလာတာ၊ ကိုသွင်မင်းထင်တဲ့၊ မောင် ... သူက ကြော့ပြောပြောနေတဲ့ ကြော့ကို ရန်ကုန်မှာ နေရေးထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရေး သွားရေးလာရေး အဆင်ပြေအောင် ကူညီပေးနေတဲ့ မေမေတို့မိတ်ဆွေရဲ့သား ဦးကိုကိုချစ် ဆိုတာလေ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ၊ ကျွန်တော်တို့ကိစ္စလေး ရှိသေးလို့ ခွင့်ပြုပါဦး"

"အင်း ... အင်း"

ခွင့်ပြုရတော့မှာပေါ့။ Rစာနည်းရဲ့ ခွင့်ပြုတယ် ဆိုတဲ့ လွှတ်တယ် သီချင်းလေးတောင် အဆစ်ဆိုပြလို့ရရင် ဆိုပြလိုက်ချင်သေး။

ဒါကြောင့် ပြောတာပေါ့။ ဒီနေ့ ကံမကောင်းပါဘူးလို့။

❤ ❦ ❤



"အစ်ကိုကြီး"

"ဘာတုံး"

ကိုကိုချစ်က စီမံကိန်းစာရွက် တစ်ရွက်ကို ဖတ်နေရင်း မော့မကြည့်ဘဲ ထူးလိုက်တာဖြစ်သည်။ ဒီလိုအသံ၊ ဒီလိုခေါ်ပုံ ခေါ်နည်းဆိုလျှင်ဖြင့် တခြားသူ မဖြစ်နိုင်။ မငြိမ်းချမ်းသော မ,ငြိမ်းချမ်းပဲ ဖြစ်ရမည်ဆိုတာ သူက သိထားပြီးသား။

မငြိမ်းချမ်း တစ်ယောက်ဟာ နာမည်နဲ့မလိုက်အောင်ပဲ လူကိုတော်တော်လေး အလုပ်များအောင် ဒုက္ခပေးနိုင်သည်။ မငြိမ်းချမ်းအတွက် အလုပ်ခန့်ပေးဖို့ နေရာတစ်နေရာရှာတော့ စက္ကူထရီအတွင်းရေးမှူးရာထူးပဲ အသင့်တော်ဆုံးလို့ ဆုံးဖြတ်ကြသည်။ ဒါဖြင့် ဘယ်သူ့လက်အောက်မှာ ထားမလဲဆိုတော့ ကိုကိုချစ် အပါအဝင် မန်နေဂျာသုံးယောက်ရှိသည့်အထဲ ဘယ်သူကမှ သူမကို မလိုချင်။ ရုံးလုပ်ငန်း မလုပ်ဖူးသည့် အသစ်စက်

www.burmeseclassic.com

www.burmeseclassic.com



စက် တစ်ယောက်မို့ ကိုယ်က အပင်ပန်းခံကာ သင်ပေးရဦးမည့် အပြင် ကြည့်နူးချင်စရာ ရုပ်ချောချောလေးကလည်း မဟုတ်တော့ အားလုံးက ဗိုင်းငြင်းကြတာ။ သို့သော် ငြင်းကြသူတွေအထဲ သူမကို အလုပ်ရဖို့ ဝင်ပြောပေးခဲ့ရသော ကိုကိုချစ်ကျတော့ ခေါင်းရှောင်ခွင့် မရှိချေ။ ဘယ်သူမှ မလိုချင်ရင် ကိုကိုချစ် ခင်ဗျားတာဝန်ခံ ခေါ်လာတာဆိုတော့ ခင်ဗျားယူ ဆိုသည့် သူဌေးရဲ့အဆုံးအဖြတ်နဲ့ သူမဟာ ကိုကိုချစ် ရုံးခန်းထဲမှာ စားပွဲ တစ်လုံးနဲ့ အတွင်းရေးမှူးနေရာ ရသွားတော့တာ။

သူမ ရောက်လာပြီဆိုမှဖြင့် စာရင်းပေါင်းမှားတာကို ပြန်စစ်နိုင်းတာတို့၊ လက်မှတ်ထိုးရမယ့်နေရာ လွဲသွားတာ ဘယ်လိုလုပ်ရမလဲ လာမေးတာတို့၊ ဖက်(စ်)ပို့နည်း မေ့သွားလို့တို့၊ နယ်ကို ပစ္စည်းပို့ရမည့်လိပ်စာ မေ့သွားတာတို့၊ ငွေသိမ်းထားတာ နေရာလွဲပြီး ငွေပျောက်ပါပြီဆိုပြီး လာအကြောင်းကြားတာတို့။ စသည့် စသည့် ပြဿနာတွေ တစ်နေ့ကို အနည်းဆုံး နှစ်မျိုးလောက် တက်နေတတ်တာ။ မငြိမ်းချမ်းဆိုသည့် နာမည်ဟာ ငြိမ်းချမ်း အေးဆေးသည့် ကောင်မလေးဆိုသည့် အဓိပ္ပာယ်မဟုတ်ဘဲ မငြိမ်သက်ခြင်း၊ မအေးမြခြင်း၊ ပူလောင်ရှုပ်ထွေးခြင်း စတာတွေလို့ အဓိပ္ပာယ်ရသည်။





အလုပ်ကို အာရုံစိုက် လုပ်နေချိန်မှာ **သူမရဲ့** "အစ်ကိုကြီး"ဆိုသည့် ခေါ်သံကို ကြားလိုက်ရပြီဆိုမှဖြင့် **ကိုကို**ချစ်မှာ ဘိုင်းခနဲ ပစ်လှဲချလိုက်ချင်လောက်အောင် စိတ်ညစ်ရလေသည်။

ကိုကိုချစ်က ပြန်ထူးလိုက်ပေမယ့် မငြိမ်းချမ်းထံက ဘာစကားသံမှ ထွက်မလာ။ တော်တော်လေးကြာအောင် စောင့်ဆိုင်းနေပေမယ့်လည်း အခြေအနေက မထူး။ ဒီတော့ မတတ်သာ။ မော့ပဲ မော့ကြည့်လိုက်ရတော့သည်။

အောင်မယ်။ သူငယ်မက ဘာမှ ဆက်ပြောမည့်ပုံ မရှိဘဲ မျက်နှာသေလေးနဲ့ လူကို ကြည့်ပဲ ကြည့်နေတာပါလား။

"ဘာပြဿနာဖြစ်ပြန်ပြီလဲကွ"

ဟုတ်တယ်လေ။ ပြဿနာပဲ အမြဲရှာတတ်သူဆိုတော့ ဘာကိစ္စရှိလဲလို့ မေးကိုမေး,မနေတော့ဘူး၊ ဘာပြဿနာဖြစ်ပြန်ပြီလဲလို့ပဲ တန်းမေးပစ်လိုက်တော့တယ်။ ပြီးရော။

"ဟိုဒင်းလေ ... ဟိုဥစ္စာ"

"ဘာလဲကွ၊ မြန်မြန်ပြောစမ်း၊ ငါ ဒီမှာ အလုပ်ရှုပ်နေတယ်"

ကိုကိုချစ်က စိတ်တိုတိုနဲ့ ဟောက်ပစ်လိုက်သည်။ တကယ်တော့ အလုပ်က သိပ်ရှုပ်တာ မဟုတ်။ စိတ်က ရှုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ။ မနေ့ကတည်းက သူ့ဘဝကြီးတစ်ခုလုံးဟာ ပြိုကျပျက်စီးလို့ပဲ သွားသလို၊ လေထဲပဲ လွင့်မျောသွားသလိုလိုနဲ့ အဓိပ္ပာယ်မဲ့ဖြစ်နေခဲ့တာ။

ဒီအရွယ်ရောက်မှတော့ အသည်းကွဲတယ်တို့ ဘာတို့တော့လည်း ပြောမနေချင်တော့ပါဘူး။ ကိုယ်ရည်မှန်းထားသည့်ကောင်မလေးက နောက်တစ်ယောက်နဲ့ ပါသွားသည့်အဖြစ်ဟာကိုကိုချစ်တို့လို လုပ်သက်ရင့် လူပျိုကြီးတွေအတွက်က ဟပ်ကာနီးအမဲသားတုံးကို တခြားခွေးက လုပြေးသွားတာ ခံလိုက်ရသည့်ခွေးအိုကြီးတစ်ကောင်ရဲ့ ခံစားချက်မျိုး။ အစာကို နမြောလည်းနမြော၊ ပြန်လည်း လုနိုင်အားမရှိ။ မခံချိမခံသာ အနေရအထိုင်ရခက်လှသည့် ခံစားချက်မျိုးပေါ့။

ဒီနေ့ ရုံးစရောက်ကတည်းက ကိုယ့်မကျေနပ်ချက်အရင်းခံနဲ့ တွေ့သမျှလူကို လိုက်ဆူပူအော်ငေါက်နေမိခဲ့တာ။ မငြိမ်းချမ်း ဖြစ်လို့ကတော့ ပိုပြီးအော်လို့ ငေါက်လို့ ကောင်းတာပေါ့။

"ဟိုဥစ္စာလေ ... ငြိမ်း ကွန်ပျူတာက ဘာဖြစ်သွားလဲမသိဘူး၊ ဖွင့်ထားရင်းကနေ ဖောက်ခနဲမြည်ပြီး ရုပ်ဒေါင်းကျသွားလို့"





"ဟာ ... ကွန်ပျူတာပျက်တဲ့ကိစ္စ ငါ့ကို လာပြောရအောင်ငါက ကွန်ပျူတာပြင်တဲ့ကောင် မို့လို့လား၊ ပြင်ဆင်ရေးဌာနမှာ ကွန်ပျူတာပြင်တဲ့ကောင်တွေ ရှိတယ်မဟုတ်လား၊ သူတို့ကို အကြောင်းကြားလိုက်ပါလား"

"အကြောင်းကြားဖို့ကလေ အစ်ကိုကြီးကို အရင်ပြောမှဖြစ်မယ်ထင်လို့"

"ဒီမှာ နင့်ရာထူးက ဘာလဲ"

"စက္ကူထရီပါ"

"အေး ... အဲဒီရာထူးမျိုးဟာ ဘာကိစ္စလေးပဲဖြစ်ဖြစ်ကိုယ့်အထက်အရာရှိကို ပြေးပြေးပြီး အစီရင်ခံနေရမယ့်ရာထူးမျိုး မဟုတ်ဘူး၊ အထက်အရာရှိ အလုပ်လုပ်တဲ့နေရာမှာ အဆင်ပြေ ချောမွေ့နေအောင် အလိုက်တသိနဲ့အားလုံး ဖြည့်ဆည်းပေးထားရမှာ၊ နင့်ကွန်ပျူတာပျက်တာကို ငါ့လာပြောဖို့မပြောနဲ့ ငါ့ကွန်ပျူတာပျက်နေရင်တောင်အလိုက်တသိနဲ့ နင့်ဘာသာပြင်ဖို့ စီစဉ်ပေးထားရမှာ၊ ဘာကိစ္စပဲဖြစ်ဖြစ် ငါ့လာပြော၊ ငါ့လာဖြေရှင်းခိုင်းနေရင်နင်က ငါ့စက္ကူထရီ မလုပ်နဲ့တော့၊ ငါ့စားပွဲမှာပဲ လာထိုင်၊ မန်နေဂျာလုပ်၊ ငါက စက္ကူထရီ လုပ်မယ်"

www.burmeseclassic.com



အောင်မယ်။ စိတ်ရှိလက်ရှိ အော်ထည့်လိုက်ရတာ တော်တော်လေးတော့ ထွက်ပေါက်ရသွားသား။

မငြိမ်းချမ်း မျက်နှာလည်း တော်တော်လေး ငယ်သွားပြီ။ နဂိုကတည်းက ပိန်သွယ်သွယ် ပါးလျလျ မျက်နှာဟာ ထပ်ငယ်သွားလိုက်တော့ ကလေးတွေစားသည့် မုန့်လက်ညှိုးတစ်ချောင်းစာလောက်ပဲ ကျန်တော့သည်။

သနားစရာတောင် ကောင်းသလိုလို ဖြစ်လာပြီ။ ကောင်မလေးဟာ လာဘ်မမြင်တာ၊ ထုံအအနိုင်တာကလွဲလျှင် ရိုးသားပြီး ကိုယ့်အပေါ်လည်း တော်တော်ရိုသေ ကျိုးနွံရှာတာ။ သူမ အရင်က ကိုယ့်လက်အောက်မှာ စက္ကထရီလိုလို ဘာလိုလို တာဝန်ယူထားရသည့် ကျော်အေး ဆိုသည့် ကောင်ကလေးတစ်ယောက် ရှိသည်။ အဲဒီကောင်လေးကျတော့ ပါးရည်နပ်ရည်ရှိပြီး အလုပ်အကိုင်တော့ တော်ပါရဲ့။ လူကြီးကို မလေးမစားနဲ့ နှုတ်လှန်ထိုးတတ်တာ၊ ခိုင်းလည်း သူလုပ်ချင်သည့်အချိန်ကျမှ ထ, လုပ်တတ်တာ၊ ပမာမခန့်နဲ့ သူ့စိတ်တိုင်းကျ စည်းကမ်းပျက်ချင်တာတွေနဲ့မို့ စိတ်ညစ်ရတာ။ အော်ငေါက်လိုက်ပြန်လျှင်လည်း စိတ်ကောက်ပြီး ဘာမှခိုင်းမရတော့။





မငြိမ်းချမ်း တစ်ယောက်ကတော့ ဘာပဲပြောပြော ဘယ်လောက်ပဲဆူဆူ ခေါင်းငုံ့ကာ ကိုယ့်အပေါ် ဘယ်တော့မှ မငြူစူ။ အလုပ်မကျွမ်းကျင်ပေမယ့် ခိုင်းသမျှကို မညည်းမညူ ကြိုးကြိုးစားစားလေး လုပ်ရှာသည်။ ဒီအချက်တွေကတော့ သူမအပေါ် အမှတ်ပေးချင်စရာလေးပင်။

"ကဲ ... ကဲ မျက်နှာမဲ့မနေနဲ့၊ ငါပဲ ပြင်ဆင်ရေးဌာနကို ဖုန်းဆက်ခေါ်ပေးမယ်၊ ညည်း လုပ်စရာရှိတာ သွားလုပ်"

"ရပါတယ် အစ်ကိုကြီး၊ ငြိမ်းပဲ ခေါ်လိုက်ပါ့မယ်၊ အစ်ကိုကြီး သိအောင် လာပြောပြတာပါ"

"အေး ... အေး"

"ဟို ... နောက်ပြီးတော့လေ၊ ငြိမ်း ကွန်ပျူတာက မကောင်းတော့ ဒီနေ့ အပြီးရိုက်ရမယ့် စာတချို့ကျတော့ အစ်ကိုကြီး ကွန်ပျူတာကို လာသုံးလို့ ရမလားဟင်"

"ကျွတ် ... ကွာ၊ ကုမ္ပဏီကိစ္စ မဟုတ်လား၊ အပိုတွေမေးနေရသေးတယ်၊ လာသုံးပေါ့၊ မလိုအပ်ဘဲ စကားတွေ အရှုပ်ပြောမနေစမ်းနဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရှီးရှီးကုပ်ကုပ်လေး ထွက်သွားသည့် ကောင်မလေး ကိုကြည့်ပြီး ကိုကိုချစ်က နှာခေါင်းရှုံ့လိုက်မိသည်။ ကိုယ့်အပေါ် ရှိသေလေးစားသူမို့ ကျေနပ်ဖို့ သင့်သော်လည်း သူမရဲ့မလှမပ ရုပ်ရည်နဲ့ နုံအအပုံစံကို သည်းမခံချင်စိတ်ကသာ ပိုများလေသည်။

❤ ❤





"ကိုကိုချစ်ရေ ... မင်းကို မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည် က သမုဒ္ဒရာတဲ့"

မြတ်စွာဘုရား။ ကြီးကျယ်လှတဲ့ နာမည်ပါလား။ မျက်နှာထားကလည်း နာမည်နဲ့လိုက်အောင် ကြီးကြီးကျယ်ကျယ် ကြီး ဖမ်းထားသည်။

အရောင်လင်းလက် တောက်ပြောင်လှသော အပြာ ရောင် ပိုးသားဝမ်းဆက်နှင့်၊ ရုံးခန်းထဲမှာတောင် လေးထောင့်ပုံ ခပ်ကြီးကြီး အနက်နဲ့အညို ရောင်ပြေးစပ်ထားသည့် နေကာမျက် မှန်ကြီး တပ်ထားသေးသည်။

တစ်ကိုယ်လုံးလည်း ပလက်တီနမ်နဲ့စိန် ရောထား သော အဆင်တန်ဆာတွေက အပြည့်။ သူမကို ပန်းချီပုံဆွဲလျှင် ဆေးမှာ အလင်းရောင်ထွက်နေသလိုမျိုး တုတ်ချောင်းလေးတွေ အဖြာ အဖြာ လိုက်ထည့်ရမည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ... သူကတော့ အန်ကယ့်ကုမ္ပဏီမှာ အားအကိုး ရဆုံး မန်နေဂျာ ဦးကိုကိုချစ်တဲ့၊ လူပျိုကြီးပေါ့"

အွန်...။

ကိုယ့်ဝမ်းဗိုက် အရှိက်နေရာကို လက်သီးနဲ့တည့်တည့် ပိတ်ထိုးခံလိုက်ရသလိုမျိုး စိတ်ထဲ အွန့်ခနဲ ဖြစ်သွားရသည်။

ဒီလောက် ခဏအတွင်းလေး မိတ်ဆက်ပေးရတာကိုတောင် လူပျိုကြီးဆိုတဲ့ အခေါ်အဝေါ်ကြီးက ပါလာလိုက်သေးသည်။ ဒီဂုဏ်ပုဒ်ကြီးဟာ ဒီလောက်တောင်ပဲ မဖြစ်မနေ ဖော်ထုတ်ဖို့ အရေးပါသလား။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်လည်း ဝမ်းသာပါတယ်ခင်ဗျ"

"ဒီလိုကွ ကိုကိုချစ်ရ၊ သူက ကိုယ်ပိုင်စီးပွားရေးတစ်ခု လုပ်ချင်တယ်၊ အဲဒီလို မလုပ်ခင်မှာ လုပ်ငန်းနဲ့ပတ်သက်လို့ ခြေခြေမြစ်မြစ် သိထားချင်တယ်၊ သူ့အဖေကကျတော့ ဧင်ကာပူမှာ ရုံးသွားထိုင်နေတာဆိုတော့ သူ့အဖေအလုပ်ထဲ ဝင်လုပ်လို့ မဖြစ်ဘူး၊ ဒါကြောင့် သူ့အဖေရဲ့သူငယ်ချင်းအရင်းခေါက်ခေါက်ဖြစ်တဲ့ အန်ကယ့်ဆီမှာ ဝင်လေ့လာတာပဲ"



"လေ့လာတယ်ဆိုပေမယ့် ရာထူးနေရာတစ်ခုနဲ့ လခပါယူပြီး ဝန်ထမ်းသဘောမျိုး ဝင်လုပ်မှာပါ၊ ဦးကိုကိုချစ်အနေနဲ့လည်း ဒီရုံးကဝန်ထမ်းလို့ပဲ ကျွန်မကို သဘောထားပြီး ခိုင်းစရာရှိတာခိုင်း သင်စရာရှိတာသင်၊ ပြောစရာရှိတာပြောလို့ ရပါတယ်"

"ဒီလိုကွ၊ ရာရာက လုပ်ငန်းကို လေ့လာချင်တယ် ဆိုပေမယ့် ဘာမှ သိသေး တတ်သေးတာ မဟုတ်ဘူး၊ အန်ကယ်ကလည်း ကိုယ့်ကိစ္စနဲ့ကိုယ် ဆိုတော့ သူ့ကို အမြဲအနားခေါ်ထားပြီး သင်ပြမပေးနိုင်ဘူး ဆိုတော့ကာ ကိုယ့်လက်ထောက်မန်နေဂျာ သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ တွဲပေးထားမယ်လို့ စိတ်ကူးတာလေ၊ မောင်ကျော်ဆွေက လုပ်ငန်းကျွမ်းကျင်တာ မှန်တယ်၊ ဒါပေမဲ့ စိတ်မရှည်ဘူး၊ သက်အောင်တင် ကျတော့ ခပ်ပွေပွေ ခပ်ရှုပ်ရှုပ်ဆိုတော့ မိန်းကလေးတစ်ယောက်နဲ့ တွဲပေးထားဖို့ မသင့်တော်ဘူးလို့ ထင်တယ်၊ ကိုကိုချစ်ကျတော့ လုပ်ငန်းလည်းကျွမ်းကျင်တယ်၊ စိတ်လည်းရှည်တယ်၊ အကျင့်စာရိတ္တပိုင်းမှာလည်း စိတ်ချရတယ်၊ ဒါကြောင့် ရာရာကို မင်းနဲ့ပဲ တွဲပေးထားမယ်လို့ အန်ကယ် စိတ်ကူးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



နိပ်ဟ။ ချောချောလှလှ၊ အဆင့်အတန်းမြင့်မြင့် ကောင်မလေးတစ်ယောက်နဲ့ ရက်အတော်ကြာကြာ အတူတကွ တွဲအလုပ်လုပ်ရမယ်ဆိုတော့ နည်းတဲ့ကုသိုလ်လား။

ကောင်မလေးကို စေတနာအပြည့်နဲ့ ကူညီညွှန်ပြ၊ အဲဒီလို ညွှန်ပြရင်းနဲ့ ကိုယ့်ရဲ့လုပ်ငန်းပိုင်း ကျွမ်းကျင်မှုကိုလည်း ကောင်မလေးအထင်ကြီးအောင်ပြနိုင်၊ ကိုယ့်ရဲ့စိတ်သဘောထား မြင့်မြတ်ပြည့်ဝပြီး စိတ်ရှည်သည်းခံနိုင်စွမ်း ရှိတာကိုလည်း ဖော်ထုတ်ပြသခွင့်ရ ဘယ်လောက်ဟန်ကျသလဲ။

မိန်းကလေး တစ်ယောက်ဟာ ယောကျ်ားတစ်ယောက်အပေါ် စွမ်းဆောင်ရည်ရှိသူလို့ အထင်ကြီးမိပြီဆိုရင်၊ ဒါမှမဟုတ် စိတ်သဘောထား ပြည့်ဝကောင်းမွန်သူလို့ အမှတ်ပေးမိပြီဆိုရင် အဲဒီယောကျ်ား ရုပ်ချောသည်ဖြစ်စေ မချောသည်ဖြစ်စေ၊ ပိုက်ဆံချမ်းသာသည်ဖြစ်စေ မချမ်းသာသည်ဖြစ်စေ နှစ်သက်စွဲလမ်းသွားဖို့ ဝန်မလေး။ ခက်နေတာက ယောကျ်ားတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ရှေ့မှာ ဒီအရည်အချင်းတွေကို အချိန်တိုအတွင်း ထုတ်ပြနိုင်ဖို့ ခက်ခဲလှသည်။ ဒါမျိုးက တစ်စိမ့်စိမ့်နှပ်ပြီးမှ အပိုင်ချည်တုပ်ပစ်လိုက်ရမှာ။





အခုတော့ အားလုံး အဆင်ပြေပြီ။ ကောင်မလေးနဲ့သာ ရက်ရှည်လများ အတူတူ နေရမယ်ဆိုရင် ကိုကိုချစ်ရဲ့ အရည်အချင်းကောင်းတွေ အားလုံးကို သိသွား၊ အထင်ကြီးသွားစေရမယ်။

ကိုကိုချစ်က ဝမ်းထဲ ကျလိ ကျလိနေအောင် ဝမ်းသာအားရ ရှိနေပြီ ဖြစ်ပေမယ့် မျက်နှာကို ခပ်တည်တည်၊ မတုန်မလှုပ်ပုံစံပဲထားကာ ...

"ရပါတယ် အန်ကယ်၊ အန်ကယ့်မိတ်ဆွေရဲ့သမီးဆိုတော့ ကျွန်တော့်ညီမတစ်ယောက်လိုပဲ သဘောထား စောင့်ရှောက်ပါမယ်၊ စိတ်ချပါ"

"ဟုတ်ကဲ့ ...၊ ရာရာလည်း ဦးကိုကိုချစ်ကို အန်ကယ် ဦးမြင့်ဖေလိုပဲ ဦးလေးသားချင်း အရင်းလို သဘောထားပြီး အားကိုးရမှာပဲ"

သေပြီ။ သေပြီ။

တွေ့တွေ့ချင်းတော့ ဆောက်နဲ့ထွင်းလိုက်ပြီ။ ကိုယ်က သူ့ကို ညီမလေးလို သဘောထားပါမယ် ဆိုကာမှ သူက ကိုယ့်ကို ဦးလေးလို သဘောထားမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ် အန်ကယ်ဦးမြင့်ဖေနဲ့ တန်းတဲ့သဘော ထားမယ်လို့ ဆိုရလောက်အောင် သူ့အလုပ်ရှင် သူဌေးဦးမြင့်ဖေက အသက်ငါးဆယ်ကျော်ပြီ။ နဖူးပြောင်ပြောင်၊ မိုတ်ရွှဲရွှဲနဲ့ (ဒါတောင် ဆံပင်ဖြူတွေကို နှစ်လတစ်ခါလောက် ဖြူတီဆလွှန်းမှာ အနက်သွားသွားဆိုးထားပေလို့)တကယ့် အဘိုးကြီးပုံ ပီပီသသ ထွက်နေသော အဘိုးကြီး။ ဒီလိုလူနဲ့အတူတူ၊ ဦးလေးသားချင်းလို သဘောထားမည်ဆိုလျှင် ကိုယ်လည်း ဘိုးတော်ဘုရားခေတ်က ခုနစ်ဆွေး ရှစ်ဆွေးအဘိုးကြီးလို့ သွယ်ဝိုက်ပြောရာရောက်နေပြီပေါ့။

ကောင်မလေးက အားကိုးချင်ပါသည်လို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောလာတာတောင် ဝမ်းမသာနိုင်သူဆိုလို့ ကံဆိုးသူ ကိုကိုချစ် တစ်ယောက်ပဲ ရှိလိမ့်မည်။

နေနှင့်ဦးပေါ့ကွာ။ အခုလောလောဆယ် ဦးလေးလို သဘောထားလည်းထား၊ နောက်ကျတော့ အစ်ကိုကြီးလို၊ အဲဒီကမှ တစ်ဆင့် ချစ်ချစ်ကြီးလို သဘောထားလာမိတဲ့နေ့လည်း ရောက်လာရစေမပေါ့။





အောင်မယ်လေး ... နားငြင်ချိုလိုက်တာ။

ကိုကိုချစ် နာမည်ကို [illegible]ရာလေး ခေါ်ပုံဟာ တခြားဘယ်သူနဲ့မှမတူ။ ကိုကိုချစ်လည်း မဟုတ်၊ ဦးကိုကိုချစ်လည်း မဟုတ်၊ ဦးချစ်လည်း မဟုတ်။ ဦးကိုချစ်တဲ့။

လေသံလေးက နွဲ့မှနွဲ့။ ချိုမှချို။ ကိုယ့်ဘာသာ သေသေချာချာ ပြန်ခေါ်ကြည့်ပါလား။ ဦးကိုချစ် ... ဦးကိုချစ် ဆိုတော့ ဟော ... ဦး,ကို ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်မနေပေဘူးလား။

သူကလေးကတော့ ဘယ်လိုသဘောရှိရှင်းရိုးလည်း သိ။ ကိုကိုချစ်တို့ကတော့ ကိုယ်လိုရာ ကိုယ်ဆွဲတွေးကာ ကိုယ့်အတွေးရေယာဉ်ကြောမှာ ကိုယ့်ဘာသာမျောပြီး အဟုတ်ကြီးဟုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဗျာ"

သူမ ခေါ်သံလေးက ချိုမှတော့ ကိုယ့်ထူးသံကြီးက ပေတုံးပေါ် သံချောင်းတင်ပြီး ဆယ်ပေါင်တူနဲ့ ထုလိုက်သည့်အသံလိုမျိုး ထုံတုံတုံ၊ အုံလုံလုံ၊ မှုန်ပုံပုံကြီး ဖြစ်နေဖို့ မကောင်းဘူးလေ။ ဒီတော့ အငြိမ့်ပွဲတွေမှာ မင်းသမီးကခေါ်လျှင် လူပြက်တွေက အလုအယက် ချိုချိုသာသာ၊ ကြည်ကြည်နူးနူး ထူးကြသလိုမျိုးလေး ပြန်ထူးပါမှ။

"ဒီမှာလေ ... ဒီစာရင်းလုပ်ထားတာကြီးကို ရာရာကြည့်လို့ ဘယ်လိုမှ သဘောမပေါက်နိုင်လို့ ကုန်ကျစရိတ်နဲ့ အသုံးစရိတ်ကို သတ်သတ်ခွဲထားပြီးတော့ အထွေထွေစရိတ်ဆိုတာလည်း ထပ်ခွဲထည့်ထားသေးတာ ဘာသဘောလဲဟင်"

စာရင်းစာအုပ်ကြီး တစ်အုပ်ကို ဖြန့်ကိုင်ကာ သမုဒ္ဒရာက ကိုကိုချစ် ထိုင်ခုံနဲ့ ကပ်လျက်အထိ သူမအတွက် ထိုင်ခုံကို ခွဲချလာပြီးလျှင် ပူးကပ်လျက်သား ဝင်ထိုင်လိုက်သည်။

သမုဒ္ဒရာဘက်ကတော့ ဆရာ့ဆီကပညာကို လေးလေးစားစား အာရုံစူးစူးစိုက်စိုက် သင်ယူမည့် တပည့်တစ်ယောက်လို [illegible] လိုက်တာပါပဲ။ အဲ ... ကိုကိုချစ်ကတော့ နှာခေါင်းထဲကို





အနီးကပ် သင်းပျံ့ထုံမွှမ်းသွားသော ကိုယ်သင်းနံ့လေးရယ်၊ ကိုယ့်ဆီးနားက နွေးခနဲ လိုက်ဖိုသွားစေသော ကိုယ်ငွေ့လေးရယ်ရဲ့ ဖြားယောင်းသွေးဆောင်မှုဒဏ်ကို တော်တော်လေး တောင့်ခံနေရသည်။

ရုပ်ရှင်တွေထဲမှာလို မျက်ဖြူကြီးလန်ပြီး အတောင့်သားကြီး ပစ်လဲလိုက်ချင်ပါပြီ သမုဒ္ဒရာရယ်။ အရွယ်လွန်ပြီဆိုပေမယ့် ကိုကိုချစ် နှလုံးသားက နုနုလေးရယ်မှ တကယ့်နုနုလေး။

ခေတ်ပေါ်ကောင်လေးတွေများ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်လောက်မှာတင် အနည်းဆုံး ရည်းစားတစ်ယောက်ပြတ်ပြီးသား၊ နောက်တစ်ယောက် ရပြီးသား ဖြစ်နေပြီးပြီ။ သူတို့အသည်းနှလုံးက လူ့သက်တမ်းနဲ့တွက်လျှင် ကိုကိုချစ်ထက်နုနယ်ပေမယ့် ချစ်သက်တမ်းနဲ့တွက်လျှင်တော့ ကိုကိုချစ်ထက် ရင့်ထော်နေကြပြီ။ ကိုကိုချစ်တို့များတော့ ဒီအသက်အရွယ်အထိ ရည်းစားတောင် မထားဖူးသေး (ကိုယ့်ကိုပြန်ကြိုက်မယ့် မိန်းမမှ မရှိတာကိုး၊ ရည်းစားက ဘယ်လိုလုပ် လာရှိမှာလဲ)။ ကဲ ... ကိုကိုချစ် နှလုံးသားက ဘယ်လောက်များ လတ်ဆတ်သစ်လွင်နုရွလိုက်သလဲလို့။

"ဒီလို ရာရာရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး"

"ဗျာ ... ဗျာ၊ အဲ ... မဟုတ်ပါဘူး၊ ဘာတုံး"

ဒီတစ်ခါလည်း ယောင်မှားပြီး ချိုသာမြူးကြွစွာ ထူးလိုက်ပြီးတော့မှ "အစ်ကိုကြီး"ဆိုသည့် အသုံးအနှုန်းဟာ မငြိမ်းချမ်းရဲ့ အထူးစပါယ်ရှယ် သုံးနှုန်းသည့် အသုံးမှန်း ပြန်လည် သတိထားမိရော လေသံက ချက်ချင်းပြောင်းသွားသည်။

ပိန်စောက်စောက်၊ ခြောက်ကပ်ကပ် ကောင်မလေး အတွက်တော့ ကိုကိုချစ် နှလုံးသားက အနုအရွတွေ ဖြစ်မလာနိုင်ဘူးလေ။

"မနက်က အစည်းအဝေးမှတ်တမ်းကို လက်မှတ်ထိုးပေးဖို့ လာပေးသွားလို့ပါ"

"ဟေ ... အဲဒါ ဒီလောက်အရေးကြီးသလား ရုံးဆင်းကာနီး လက်မှတ်တွေစုထိုးတဲ့ အချိန်ကျမှ ပေးလို့မရဘူးလား"

"အရေးကြီးလား ဘာလားတော့ မသိဘူးရှင့်၊ လာပို့တဲ့ ကောင်လေးက အခုလိုချင်တယ်ဆိုလို့"

"ဟာ ... အစည်းအဝေးမှတ်တမ်းတွေက ဒီလောက်မြန်မြန်ဆန်ဆန်ကြီး လက်မှတ်ထိုးစရာ မလိုတတ်ပါဘူး"





"သူက မြန်မြန်လိုချင်တယ် ဆိုမှတော့ မြန်မြန်ထိုးပေး လိုက်ပါလား အစ်ကိုကြီးရဲ့၊ အခုလည်း အားနေတာပဲ"

"လက်မှတ်ထိုးတာက ဒီအတိုင်း ပြီးပြီးရော ထိုးလိုက်လို့ မရဘူးဟ၊ ဒီစာရွက်တစ်ထပ်ကြီးကို သေသေချာချာ ပြန်ဖတ်ရမှာ၊ ကိုယ် လက်ခံနိုင်လောက်အောင် ဟာကွက် ယောက်ကွက်၊ ကိုယ့်ကို ပြန်အမှုပတ်နိုင်တာမျိုးပါလား မပါလား စစ်ပြီးတော့မှ လက်မှတ်ထိုးလို့ရမယ်၊ ခဏထား နဲ့ဦး၊ ငါ ကိစ္စပြီးမှ ပြန်စစ်ပြီး လက်မှတ်ထိုးထားလိုက်မယ်"

"ဒါဆို ကျွန်မ ဘယ်အချိန် ..."

"ငါ ခေါ်လိုက်မယ်"

ကိုကိုချစ်ဘက်က မလိုမလား လေသံက မာလှသော်လည်း မငြိမ်းချမ်းကတော့ အေးအေးဆေးဆေးပင်။ နာမည် နဲ့လိုက်အောင်ကို သွေးအေးနိုင်လွန်းသည့် ကောင်မလေး။

"ဟုတ်ကဲ့ ... ဒါဆို ကျွန်မ စောင့်နေလိုက်ပါမယ် အစ်ကိုကြီး"

မငြိမ်းချမ်း ထွက်သွားတော့ သမုဒ္ဒရာက ...

"ဦးကိုချစ်က တော်တော်စေ့စပ်တယ်နော်၊ ဒီတစ်ခုကို အတုယူရမယ်"

www.burmeseclassic.com



"ဘာလို့လဲ"

"စာရွက်စာတမ်းကို မဖတ်ဘဲ အလျင်စလို လက်မှတ်မထိုးလိုက်တာမျိုးပေါ့၊ အလုပ်များတယ်ဆိုပြီး အပေါ်ကဘာရေးထားမှန်းမသိ ကိုယ်လက်မှတ်ထိုးဖို့ နေရာလေးကိုပဲ ကွက်ကြည့်ပြီး ကောက်ထိုးလိုက်ရင် ပြဿနာတက်တဲ့အခါကျ ကိုယ်ပါ ပါသွားမှာလေ၊ ဖေဖေ့မိတ်ဆွေတစ်ယောက် အဲဒါမျိုး ကြုံဖူးတယ်၊ ဥပဒေနဲ့ မလွတ်ကင်းတဲ့ကိစ္စတစ်ခုကို သူလည်း သဘောတူတာ မဟုတ်ဘဲနဲ့ သေသေချာချာ မကြည့်မိဘဲ လက်မှတ်ထိုးလိုက်မိလို့ ပြဿနာထဲ ပါသွားပါရောလား၊ မနည်းကြီးကိုလွတ်အောင် ပြန်ရုန်းယူရတာ၊ ဦးကိုချစ်လိုမျိုး အစောတည်းက သေချာဖတ်ထားရင် ဒါမျိုးမဖြစ်ဘူးပေါ့"

အလိုလိုနေရင်း တစ်မှတ် ရသွားပြီ။ ဒီတစ်ခါတော့ကိုယ့်ကို ဝင်နှောင့်ယှက်သည့် မငြိမ်းချမ်းကိုပဲ ကျေးဇူးတင်ရမလိုလို။

အမှန်ကတော့ ချက်ချင်းလက်ငင်းကြီး လက်မှတ်ထိုးပေးရလျှင် အချိန်ကုန်လို့ ပါးစပ်ထဲရှိရာ ဇွတ်ပြောလိုက်တာကိုကိုချစ်တို့လည်း အစည်းအဝေးမှတ်တမ်းတို့ ဘာတို့ခိုလျှင်



လက်မှတ်မထိုးခင် သေသေချာချာ ပြန်စစ် ပြန်ဖတ်တတ်တာမဟုတ်ပါ။ ဒီလိုပဲ ပြီးစလွယ် ထိုးပေးလိုက်တာပင်။ ခုတော့ ကံကောင်းထောက်မပြီး စေ့စပ်သေချာသူ အဖြစ်နဲ့ အထင်ကြီးအမှတ်ပေးခံလိုက်ရပြီပေါ့။

"ရာရာက တော်တယ်၊ အဲဒီလိုမျိုး ကိုယ့်ဘာသာကြည့်ပြီးဘယ်ဟာက အတုယူသင့်တယ်၊ ဘယ်ဟာကတော့ ရှောင်သင့်တယ် ဆိုတာ ခွဲခြားသတ်မှတ်တတ်ရမယ်၊ ကိုယ်တို့က သင်ပေးတယ် ဆိုပေမယ့် လုပ်ငန်းလည်ပတ်ပုံ လုပ်ဆောင်ပုံကိုပဲ သင်လို့ရတာလေ၊ ဒါမျိုးကျတော့ ရာရာဘာသာ မြင်အောင်ကြည့်တတ်မှ ရတာ"

ကိုယ်ကပဲ စံထား အတုယူထိုက်သူကြီးလိုလို ဘာလိုလိုဖြစ်အောင် ခပ်တည်တည်နဲ့ ပြောထားလိုက်စမ်း။ သမုဒ္ဒရာလို ပါးနပ်ထက်မြက်သည့် မိန်းကလေးမျိုးရှေ့မှာ ကိုယ် ဘယ်လောက်တော်သည် တတ်သည် ဆိုတာကို ဘလိုင်းကြီး သွားကြွားလို့ကတော့ အထင်ကြီးမခံရသည့်အပြင် ငပေါကြီးဆိုပြီး လှောင်ချင်စရာ၊ ကဲ့ရဲ့စရာ ဖြစ်မည်။ ဒါမျိုးက ပါးနပ်မှ၊ အကွက်မြင်တတ်မှ၊ အခွင့်ကောင်းကို စိတ်ရှည်လက်ရှည် စောင့်နိုင်မှအောင်မြင်နိုင်တာမျိုး။

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးကိုချစ်၊ ရာရာ မှတ်ထားပါမယ်၊ ဟိုတစ်နေ့က ဦးကိုချစ် ပစ္စည်းမှာတဲ့ကုမ္ပဏီကို ဈေးနှုန်းမှားပြောပြီးမှ လိုက်ပြင်နေရတဲ့ အမှားမျိုးကျတော့လည်း မဖြစ်အောင် ဆင်ခြင်ဖို့ သတိထားရမှာပေါ့နော်"

အင်း။ သေပြီ။ သေပြီ။ ကိုယ့်အမှားကို သမုဒ္ဒရာ မသိလိုက်ဘူးထင်ပြီး အသာလေးလျှိုနေတာ။ သင်းက သိလိုက်သေးသကိုး။

အရှက်တော့ကွဲပါပြီ။ အမှတ်တော့ လျော့ပါပြီဗျာ။

ကိုကိုချစ်မှာ မျက်နှာတစ်ခုလုံး ထူပူရှိန်းဖိန်းသွားသော်လည်း ဟန်မပျက်အောင် အမြန်ဆုံး ပြန်ထိန်းလိုက်ရသည်။ အရှုံးကို အရှုံးလို့ မသတ်မှတ်သလိုမျိုး၊ သိပ်အရေးမစိုက်သလိုမျိုး၊ ဒါမျိုးကတော့ မှားရိုးမှားစဉ် မကြီးမားသည့် အမှားပဲဖြစ်သလိုမျိုး။

"ဒါလည်း ဟုတ်တာပဲ၊ ရာရာ့အနေနဲ့ ကောင်းတာတွေချည်းပဲ မြင်တတ်တာထက် မှားတာ လိုအပ်တာတွေကိုပိုပြီး ကြည့်တတ်သင့်တယ်၊ ဒါမှ ဆင်ခြင်သင့်တာတွေ ဆင်ခြင်နိုင်မှာ"





"ဦးကိုချစ်နဲ့ အလုပ်တွဲလုပ်ရတာ ရာရာ့အတွက် ပညာအများကြီး ရပါတယ်၊ ရာရာ ဉာဏ်မီသလောက် ပညာယူသွားမှာပါ"

သမုဒ္ဒရာက သူ့အဓိပ္ပာယ်နဲ့သူ ပြောလိုက်သလို ကိုကိုချစ်ကလည်း ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်လို့မဆုံးချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ကုမ္ပဏီတန်းမပြန်သေးဘဲ တစ်ခုခု ဝင်စားရ အောင်လား"

.........ဘဏ်ကို ငွေလွှဲဖို့ကိစ္စနဲ့ထွက်ပြီး အပြန်မှာ ကိုကိုချစ်က အရဲစွန့် တောင်းဆိုလိုက်လေသည်။

အချိန်ကြာလာလေ သူ့ဇာတ်ကြီးက ဇာတ်မျောကြီး ဖြစ်နေသည်လို့ ကိုကိုချစ်က ထင်လာပြီ။ မနက်ရုံးတက်ချိန်ကနေ ညနေရုံးဆင်းချိန်အထိ တပူးတွဲတွဲ အတူနေခွင့်ရတယ် ဆိုပေမယ့် လူအများရဲ့ရှေ့မှာ၊ ပြီးတော့ တစ်ချိန်လုံး အလုပ်တွေက ဟိုက ရောက်လာ ဒီကရောက်လာ။ အာလာပသလ္လာပပြောဖို့ အချိန်ဆို တာ မရှိသလောက်။ ရည်းစားစကားပြောဖို့ ခြေဆင်းပျိုးရမယ့် အချိန်ဆိုတာများတော့ ဝေးမှဝေး။

အခုလို နှစ်ယောက်တည်း အပြင်ရောက်နေတုန်း ရုံးကိစ္စတွေ၊ ရုံးကလူတွေနဲ့ ဝေးနေတုန်းကိုမှ အခွင့်ကောင်းကလေး



သူ့ပြီး လှုပ်ရှားရမှာ။ ဟိုတွေး ဒီတွေးနဲ့ ဝန်လေးတုံ့ဆိုင်းနေလို့ မဖြစ်သေး။

"ဦးကိုချစ်ကလည်း အပြင်ထွက်မလာခင်ကပဲ ထမင်းစား လာသေးတဲ့ဟာ၊ ဗိုက်မှမဆာတာ"

သမုဒ္ဒရာက ရိုးရိုးတန်းတန်း ငြင်းတာပဲလား၊ ကိုကို ချစ်ရဲ့ရည်ရွယ်ချက်ကို ရိပ်မိလို့ ဆင်ဖေ့ရှန်ရှောင်တာလားတော့ မသိချေ။

"ဗိုက်ကတော့ မဆာဘူးလေ၊ ထမင်းက ဝက်သားပေါင်းနဲ့ ဆေးဘဲဥသုပ်ဆိုတော့ ပါးစပ်ထဲ အီလည်လည်ဖြစ်နေလို့၊ ရေကလည်း ဆာပြီဆိုတော့ ဟဲဗီးမစားရင်တောင် အအေး လေး ဘာလေး သောက်ကြရင် ကောင်းမလားလို့"

"ဦးကိုချစ်ကြီးကလည်း သူများတွေကျ ပြောပြီးတော့"

"သူများတွေကို ဘာတွေပြောမိလို့လဲ"

"မနေ့ကပဲ ဒေါ်သန်းမြင့်တို့ မငြိမ်းချမ်းတို့တွေ ဂိုဒေါင် ပစ္စည်းထုတ်ဖို့ သွားကြပြီးအပြန် ရွှေပုစွန်မှာ အအေးဝင် သောက်လာကြတယ် ဆိုတုန်းကလေ၊ ဦးကိုချစ်ပဲ အခုလို အပြင်ထွက်ရတုန်းမှာ ဟိုဝင်ဒီဝင်ဆိုရင် အချိန်လည်းကုန် တယ်၊ ရုံးကားဓာတ်ဆီလည်း ပိုကုန်တယ်၊ မလိုအပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ငွေပိုလည်း ဖြုန်းရာရောက်တယ်ဆိ၊ အခုကျတော့ အအေး ဆိုင်ဝင်ထိုင်ဦးမယ်ဆိုတော့ ရုံးရှေ့မှာ ချိန် နောက်ကျတာတို့ ငွေပိုကုန်တာတို့ ဓာတ်ဆီကုန်တာတို့ မဖြစ်ပေဘူးလား"

ကိုယ့်စကားနဲ့ကိုယ် ပြန်အရှုံးပေးရတာပါလား။ ဒါလည်း အတော်လေး အသည်းယားဖို့ ကောင်းပြန်တဲ့ကိစ္စ။

"အဲဒီတုန်းက ရာရာက ဦးကိုချစ်ကို အရမ်းလေးစားသွားတာ၊ ကုမ္ပဏီပိုင်ပစ္စည်းပဲ၊ ကုမ္ပဏီရဲ့အလုပ်ချိန်ပဲ၊ သူတို့ဘာသာ သုံးချင်သလို သုံးကြပါစေလို့ သဘောမထားဘဲ ဝင်စီစစ်ပေးတာရယ်၊ ယောကျ်ားကြီးဖြစ်ပေမယ့် ငွေကို အပိုမသုံးဘဲ ချွေတာ,တာရယ်ကို အမှတ်တွေ ပေးထားတာ"

ငါ့နယ်နော်။ ပြောမိသည့် ကိုယ့်ပါးစပ်ကိုယ်ပဲ ပိတ်ရိုက်ပစ်လိုက်ချင်တော့တာပါပဲ။

"ကိုယ်က ဆရာသမား တစ်ယောက်အနေနဲ့ သူတို့ကို ဆုံးမတော့ ဆုံးမတာပေါ့၊ ဒါပေမဲ့ နေရာတကာတော့လည်း ကိုယ်ဆုံးမတဲ့အတိုင်း ကိုယ်တိုင်လိုက်လုပ်လို့ မဖြစ်ဘူးလေ၊ အကြောင်းဆိုတာ အမျိုးမျိုးရှိတာကိုး၊ ဥပမာ ရေသိပ်ဆာနေတယ် ဆိုပါတော့၊ အအေးဆိုင်တစ်ဆိုင် ဝင်ထိုင်မှပဲ ဖြစ်ကိုဖြစ်မှာမျိုးဆိုရင် ဝင်ထိုင်ရတော့မှာပဲ"



"ရေဆာတာများ ဦးကိုချစ်ရယ်၊ စတိုးဆိုင်တစ်ဆိုင်ဆိုင်ကနေ ရေသန့်ဘူးဝယ်ပြီး လမ်းမှာသောက်သွားလည်း ရတဲ့ဟာ၊ အအေးသောက်ချင်ရင်တော့ ကြွပ်ကြွပ်အိတ်ကလေးနဲ့ ဝယ်သောက်ရတာပဲ"

"ကြွပ်ကြွပ်အိတ်နဲ့ ထည့်မသောက်ချင်လည်း ကုတ်ခ်တို့ ဆန်းကစ်စ်တို့ အာရှတို့ မက်(စ်)ပလပ်(စ်)တို့လို ဘူးနဲ့ သောက်လို့ရတာတွေ ဝယ်သောက်လို့ ရတာပဲ၊ ကြိုက်တဲ့ဘူး ဝယ်သောက်လို့ရတယ်"

တစ်ခွန်းမခံပါလား ဟရို့။ ဒီမိန်းကလေးကတော့ ဆော်တော်မလွယ်တဲ့အထဲမှာ ပါသည်။ စကားအရာမှာ ကြွယ်ဝသလို မဟုတ်မခံ ဆတ်ဆတ်ကြဲ ပြန်လည်းပြောရဲသည်။ ကိုကိုချစ်ကြီးကတော့ ကိုယ့်ကိုယ်ကိုယ် လည်လုလည်လုနဲ့ နောက်ဆုံးခံနေတော့တာပါပဲ။

နေနှင့်ဦးပေါ့ကွာ။ မိန်းကလေးတစ်ယောက်ဟာ ဒီလောက်ပဲ ထက်မြက် တော်တတ်သည်ပြောပြော နောက်ဆုံးကျတော့ ယောကျ်ားလေးတစ်ယောက်ရဲ့ရှေ့မှာ ကျဆုံးရမှာပဲ။ ... ဟာ ငါ့ရဲ့အချစ်ကို လက်ခံလိုက်ရတဲ့နောက်မှာ ငါပိုင်ပစ္စည်း

www.burmeseclassic.com



ဖြစ်သွားပြီ။ ငါ့လက်ခုပ်ထဲကရေ၊ သွန်လို့သွန် မှောက်လိုမှောက် ဆိုတဲ့ဘဝ ရောက်သွားပြီ။ အဲဒီအခါကျ အခုလို နှုတ်ရေးကြွယ်၊ အမွန့်တက်နိုင်ဦးမလားဆိုတာ ကြည့်ရသေးတာပေါ့။

ကိုကိုချစ်က စိတ်ထဲကနေ ဓားကြိမ်း,ကြိမ်းလိုက်တာဖြစ်သည်။

"အအေးကို ကြွပ်ကြွပ်အိတ်နဲ့ဖြစ်ဖြစ် ဘူးနဲ့ဖြစ်ဖြစ် ဝယ်ပြီး လမ်းမှာသောက်သွားလို့ရတာ ဟုတ်ပါတယ်၊ ခါတိုင်းအချိန်တွေဆိုရင် ကိုယ်လည်း အဲဒီလိုပဲ ဝယ်သောက်လိုက်မှာပါပဲ၊ အခုက ရာရာနဲ့ အတူသွားတုန်းမို့လို့၊ နေဦး ... နေဦး ... ရာရာလည်း ကားပေါ်မှာပဲ သံဘူးနဲ့ သောက်သွားလို့ရတယ်လို့ မပြောနဲ့၊ ကိုယ်က ရာရာနဲ့ အေးအေးဆေးဆေး စကားပြောချင်တာ၊ ကိုယ်တို့စတွေ့ပြီးကတည်းက ခုထက်ထိ သူ့အကြောင်း ကိုယ့်အကြောင်း သိပ်မပြောဖြစ်ကြသေးဘူး မဟုတ်လား"

"ဘာလိုသေးလို့လဲ၊ အန်ကယ် ပြောပြလို့ ဦးကိုချစ်ရဲ့ ဘိုင်အိုဂရပ်ဖီကိုလည်း ရာရာ သိပြီးပြီ၊ ရာရာ့အကြောင်း အကြမ်းဖျဉ်းကိုလည်း ဦးကိုချစ် သိပြီးပြီ မဟုတ်လား"





"ဒါက အကြမ်းပဲ ရှိသေးတာကွာ၊ ကဲပါ ချာတိတ်ရာ၊ ခဏလောက် ကိုယ့်ကိုအချိန်ပေးပြီး အအေးလိုက်သောက်စမ်းပါ၊ ပြောရတာနဲ့တင် ပိုပြီးအာခြောက်လာပြီ"

သမုဒ္ဒရာက နှာအေးပြီးရောဆိုသည့် မျက်နှာမျိုးလေးနဲ့ ...

"အင်းလေ ... ပြီးရော၊ သိပ်တော့ မကြာစေနဲ့နော်၊ ဒီနေ့ ရာရာက စောစောပြန်မှာ၊ လေဆိပ်သွားပြီး ညီ့သည်ကြို့ဖို့ ရှိသေးတယ်"

"အင်းပါ ... ခဏပါပဲ"

ခဏဆိုရင်ပဲ လုံလောက်ပါပြီ။ ခြေဆင်းတွေ နိဒါန်းတွေ ပြောမနေတော့ဘဲ နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလားလို့ ပြောလိုက်ရုံပေါ့။

အနီးဆုံးတွေ့ရသည့် ဆိုင်တွေထဲက အေးအေးချမ်းချမ်း၊ သီးသီးသန့်သန့် ဖြစ်မည်ထင်ရသည့် ဆိုင်တစ်ဆိုင်ကိုပဲ ရွေးလိုက်ရသည်။ ဆိုင်လေးက ခပ်သေးသေးပေမယ့် လေအေးစက်က ခပ်အေးအေး၊ ထိုင်ခုံလေးတွေက လှလှပပ သန့်သန့်ရှင်းရှင်းနဲ့ လူလည်း သိပ်မရှင်း သိပ်မရှုပ် ထိုင်လို့ကောင်းမည့်ပုံက လေး ပေါက်နေလို့ တော်သေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲဝင်လိုက်လျှင် နဂိုရှိနှင့်ပြီးသား လူတချို့ရဲ့ အကြည့်တွေက သူတို့နှစ်ယောက်ဆီ စုပြုံကျရောက်လာသည်ဟု ကိုကိုချစ်က ထင်မိသည်။

ကြည့်ကြတာမှ လူသစ်ဝင်လာလို့ ဖျတ်ခနဲ လှည့်ကြည့်ကြတာမျိုး မဟုတ်ဘဲ သေသေချာချာကြီးကို အကဲခတ်ကြည့်နေကြတာလို့ ကိုကိုချစ်ကတော့ ထင်တာပဲ။

ဒီလူတွေဟာ သူတို့နှစ်ယောက်ကို အမြင်မှာ ပထမတော့ စုံတွဲတစ်တွဲလို့ပဲ ထင်မည်။ သေသေချာချာ ကြည့်မိတော့ အတော့်ကို လိုက်ဖက်ညီတဲ့ စုံတွဲပဲလို့ တွေးမိမည်။ ဒါကြောင့်ပဲ ကြည့်မဝနိုင်လို့ ဆက်ကြည့်နေကြတာလို့ ကိုကိုချစ်က ဆက်တွေးလေသည်။

ဟုတ်လည်း ဟုတ်လောက်တာပဲ။ နူးညံ့ချောမွေ့လွန်းလှတဲ့ မိန်းကလေးတစ်ယောက်ရယ်၊ သားနားခန့်ညားပြီး လူရည်သန့်ပုံ ပေါက်လှတဲ့ ယောကျာ်းတစ်ယောက်ရယ် အတွဲဟာ မြင်သူတိုင်း သဘောကျစရာပေပဲ။

နည်းနည်းတော့ ရင်ဘတ်ကြီး ကော့ထွက်သွားသလို ရှိမိသား။ တကယ်များသာ သမုဒ္ဒရာရဲ့ချစ်သူ ဖြစ်ခွင့်ရလျှင် ဘယ်လောက် ဂုဏ်ယူဝံ့ကြွားဖို့ ကောင်းလိုက်မှာပါလိမ့်။



"ဆရာတို့ ဘာများသုံးဆောင်ကြမလဲ ခင်ဗျ"

"ဘာတွေရသလဲကွ"

"ကုတ်ခ်တစ်ဘူး"

ကိုကိုချစ်က မေးတုန်းရှိသေး သမုဒ္ဒရာက မှာပစ်လိုက်ပြီ။ သူမက အအေးမြန်မြန်သောက် မြန်မြန်ပြန်ရပြီးရောဆိုသည့် သဘောလား၊ ဒါမှမဟုတ် ဘာလေးစားရ ကောင်းမလဲလို့ အမျိုးမျိုး ရွေးချယ်တတ်သည့် စရိုက်မရှိဘဲ ဘယ်ရောက်ရောက် ကိုယ့်အကြိုက်တစ်မျိုးတည်းကိုပဲ အမြဲရွေးချယ်တတ်သူလား။

"စတော်ဘယ်ရီလက်ဖျော်တစ်ခွက် ပေးကွာ"

ကိုကိုချစ်လည်း ခပ်မြန်မြန်ပဲ မှာလိုက်ရသည်။ အအေးသောက်လိုရင်းက အဓိကမှ မဟုတ်တာ။

ဘာသောက်မလဲ စဉ်းစားနေရတာနဲ့ပဲ အချိန်တွေ အကုန်မခံတော့ပါဘူး။

"စတော်ဘယ်ရီက နို့တွေပါမှာ၊ ဦးကိုချစ်က အခုစ,ဝနေပြီ၊ ဒီအရွယ်ကမှ အစားမဆင်ခြင်ရင် တဖြည်းဖြည်းနဲ့ ထိန်းလို့ရမှာ မဟုတ်တော့ဘူး"

"ကိုယ်က အညာသားဆိုတော့ အချိုကြိုက်တတ်လို့ပါ"

www.burmeseclassic.com



"အညာသားဖြစ်ဖြစ် ဘာဖြစ်ဖြစ် အချိုတော့ ဆင်ခြင်စားဖို့သင့်တယ်၊ နေရာတကာ အကျင့်ကြီးလုပ်နေရင် ဖွဲ့သွားမှာ စိုးရတယ်၊ နောက်ဆို သတိထား သိလား"

ဆရာမကြီး လေသံနဲ့ ဩဝါဒလာပေးနေတာကိုပဲ ကိုကိုချစ်က ငါ့အပေါ် စေတနာထားပြီး သတိပေးရှာကလေလို့ အကျေနပ်ကြီး ကျေနပ်နေသည်။

"နောက်ဆို ကိုယ် သတိထားပါ့မယ်၊ ကျေနပ်ပြီလား"

"ရာရာ ကျေနပ်ဖို့ပြောတာ မဟုတ်ပါဘူး၊ ဦးကိုချစ်ရဲ့ ကျန်းမာရေးအတွက် ပြောတာပါ"

ရင်ဘတ်ထဲ နည်းနည်းတော့ အောင့်သွားသည်။ ကိုယ့်ဘက် ကိုယ်ဆွဲလွန်းအားကြီးရာ ရောက်သွားဖြို ထင်ပါရဲ့။ တစ်ဖက်လူရဲ့စကားကို အခွင့်အရေးယူသလိုကြီး ပြောမိတာကို ဟိုဘက်လူကလည်း သဘောပေါက်သွားသည်ဆိုလျှင် အားနာစရာ ရှက်စရာကြီး ကောင်းနေတော့မည်။

"ဟုတ်ပါတယ်၊ ကိုယ်ကလည်း ကျေးဇူးတင်ပါတယ်၊ ကဲပါ ... ကျန်းမာရေးကိစ္စတွေက ဒေါက်တာခင်မောင်လွင် ပြောလိမ့်မပေါ့၊ ထားလိုက်ပါ၊ လောလောဆယ် ကိုယ်သိချင်တာက ရာရာ ကိုယ့်ကို ဘယ်လိုမြင်သလဲ"



"အားမနာတမ်း ပြောရမယ် ဆိုရင်တော့ ..."

သမုဒ္ဒရာက လေးလေးနက်နက် စဉ်းစားနေသလို မျိုးလေး လုပ်နေပြီးမှ ပြုံးပြုံးလေးနဲ့ ...

"မျက်ပေါက်က နည်းနည်းကျဉ်းပြီး နှာခေါင်းက နည်းနည်းပွတယ်၊ နဖူးလည်း စ,ပြောင်ချင်နေပြီ၊ သိပ်မကြာခင် ဘီယာဗိုက်က ရုထွက်လာတော့မယ်"

"ဟာ ... ရုပ်ရည်ပုံစံကို ပြောတာမဟုတ်ပါဘူး၊ ကိုယ့်ရဲ့ စိတ်သဘောထား၊ အရည်အချင်း၊ အလုပ်အကိုင် အဲဒါမျိုးကို ပြောတာ"

"စိတ်သဘောထားက မဆိုးပါဘူး၊ နည်းနည်းစိတ်မရှည်တတ်ဘူး၊ အပြောအဆို တဲ့တိုးကျတယ်၊ ဘုကျချင်သလို ရှိတယ်၊ ကိုယ်ရည်သွေးတတ်တယ်၊ အပြောနဲ့အလုပ် မညီဘူး၊ ကြွားချင်တဲ့စိတ်ကလေးလည်း ရှိတယ်၊ လူအထင်ကြီးခံချင်တယ်၊ အလုပ်ကို တာဝန်ကျေပေမယ့် လိုအပ်တာထက်တော့ ပိုမလုပ်ချင်ဘူး၊ အဲ ... ပြီးတော့ ..."

"တော် ... တော်ပါတော့ ရာရာရယ်၊ လူလည်း နေစရာတောင် မရှိတော့ပါလား"

"ဦးကိုချစ်ပဲ ပြောဆို"

www.burmeseclassic.com



"ကိုယ် ဆိုလိုတာက ..."

သမုဒ္ဒရာက သူမရဲ့ ရှိမန်ဆန် နာရီလေးကို ဟန်ပါပါ မြှောက်ကြည့်လိုက်ပြီး ...

"ပြောစရာရှိ မြန်မြန်ပြော ဦးကိုချစ်ရဲ့၊ အအေးလည်း မြန်မြန်သောက်ဦး၊ ရာရာက ကုမ္ပဏီ ပြန်ရောက်ရင် လက်စသိမ်းစရာ ရှိတာတွေ စောစောသိမ်းပြီး ပြန်ထွက်ရမှာ၊ လေဆိပ်ကို သွားရဦးမယ်၊ မသွားခင် အိမ်ပြန်ရေမိုး ချိုးရဦးမှာ"

"ဒီပုံအတိုင်းသွားလည်း လှနေပြီးသားပဲ ရာရာရယ်"

"အောင်မယ်လေး ... ဒီလောက်နဲ့ မရဘူးရှင့်၊ ရှယ်ပြင်ရမှာ၊ ကိုဇော်က အလုပ်နဲ့ ကမ္ဘာပတ်နေတာ၊ ကိုယ်က အပြင်အဆင်လျော့လို့ အလှလျော့သွားရင် သူက တခြား ကောင်မလေးတွေကို စိတ်ဝင်စားသွားဦးမယ်"

"ကိုဇော်က ..."

"အင်းလေ ... ရာရာ အခုသွားကြိုမယ့်သူက ရာရာ့ချစ်သူ၊ ခင်ပွန်းလောင်း၊ ကိုဇော်မင်းထွန်းတဲ့ ... သူ စင်ကာပူမှာ ရုံးခွဲဖွင့်ထားလို့ အဲဒီမှာ သွားထိုင်တာ အခုတော့ ပြန်လာပြီး ဒီမှာပဲ ကုမ္ပဏီတစ်ခု အခြေထ





ဖွင့်တော့မလို့၊ ရာရာလည်း အလုပ်ကိစ္စ တီးမိခေါက်မိရှိပြီဆိုတော့ သူ့ကုမ္ပဏီမှာ ဝင်ကူလို့ ရပြီလေ။ အလုပ်ကိစ္စ အခြေကျသွားမှ ရာရာတို့က လက်ထပ်ကြမှာ၊ ဒါကြောင့် ဦးကိုချစ်ဆီမှာ အရေးပေါ် သင်တန်းလာတက်နေတာပေါ့"

ခြော် ... ဖြစ်မှဖြစ်ရတဲ့ ငါ့ဘဝနှယ်နော်။ ချစ်သူရဲ့ကုမ္ပဏီမှာ ဝင်ကူဖို့အတွက် လုပ်ငန်းကိစ္စ လာလေ့လာနေတဲ့ မိန်းကလေးကိုမှ စေတနာတွေထားပြီး သင်ပေးလိုက်ရတာ။ ကိုယ့်ကို အထင်ကြီး အားကိုးအောင် နေလိုက် ပြောလိုက်ရတာ။ ခုတော့ ကိုကိုချစ် ကြိုးစားသမျှဟာ သူတစ်ပါးကောင်းစားဖို့ပဲ ဖြစ်နေပါရောလား။

ဇာတ်ထဲက စိန်အောင်မင်း လွမ်းခန်းလို ရင်ဘတ်ကိုထုကာ ဟီးခနဲနေအောင်ပဲ ငိုချင်းချပစ်လိုက်ချင်တော့သည်။

"ပြောလေ ဦးကိုချစ်ရဲ့၊ ပြောစရာရှိတယ်ဆို"

အရေးထဲ ...။

"ဟို ... ဘာရယ်လို့ မဟုတ်ပါဘူး၊ ကိုယ်က အေးအေးဆေးဆေးပဲလာလို့ အာလပသလ္လာပလေး ပြောမလို့ပါ၊ ရာရာက သွားစရာရှိတယ် ဆိုမှတော့ ပြောမနေတော့ဘူးလေ၊ လာ ... သောက်ပြီးရင် ပြန်ကြစို့"

ဒီတစ်ခါတော့ ကိုကိုချစ်ကပဲ အအေးခွက်ကို (စတော်ဘယ်ရီဖျော်ရည်ကလည်း ကြက်ဟင်းခါးသီးဖျော်ရည်လို့ ထင်မှတ်မှားရလောက်အောင် ခါးသည်။) အပြီးသတ် မော့ချလိုက်ကာ အရင်ဆုံး ပြန်ဖို့နှုတ်ဆက်လိုက်လေတော့သည်။





မနက် အိပ်ရာကနိုးလာတော့ ခေါင်းကြီးက အုံ့ခဲနေကာ ဇက်ကြောကြီးလိမ်ပြီး တောင့်တောင့်ကြီး ဖြစ်နေသည်။

ညက အရက်တအားသောက်ပြီး အိပ်သွားလို့ မနက်နိုးလာတဲ့အခါ အရက်နာကျပြီး ခေါင်းအုံ့နေသလိုမျိုး။ ဒါပေမဲ့ ကိုကိုချစ်ကတော့ မနေ့ညက အရက်မပြောနဲ့ ရေနွေးတောင်မသောက်ခဲ့တာမို့ အရက်နာကျတာတော့ မဟုတ်နိုင်ချေ။ ဖြစ်စရာရှိလျှင် အချစ်နာကျတာပဲ ဖြစ်ချင်ဖြစ်မည်။

အချစ်မှာ ကံဆိုးစေဆိုတဲ့ ဇာတာနက္ခတ်နဲ့ယှဉ်ပြီး တော့များ မွေးလာလေသလားလို့တောင် ကိုယ့်ကိုယ်ကိုယ် ထင်မိပါရဲ့။

တကယ်တော့ ကိုကိုချစ် လူပျိုကြီး ဖြစ်နေရတာဟာ မိန်းမတွေကိုမုန်းလို့၊ မလိုချင်ခဲ့လို့မှ မဟုတ်တာ။ ချစ်ခဲ့သူတွေ တုန်း၊ လိုချင်သူများတုန်း၊ ငယ်ငယ်ရွယ်ရွယ် ဘဝတူနှင်းထဲ တော့

www.burmeseclassic.com



သူ့ဘက်က မာန်တက်လိုက်၊ ကိုယ့်ဘက်က မာန်တက်လိုက်၊ လိုချင်တာ မရလိုက်၊ ရတာမလိုချင်လိုက်နဲ့ဆိုတော့ ကိုယ့်ရဲ့အချစ်ရေးနဲ့ ပတ်သက်သည့်ကံကို ကိုယ့်ဘာသာ သတိမထားမိခဲ့။

လူပျိုပေါက်ဘဝတုန်းကတော့ ရည်းစားတစ်ယောက်ထားခဲ့ဖူးသည်။ သူကလည်း အချစ်ဆိုတာ ဘာမှန်းမသိ၊ ကိုယ်ကလည်း အချစ်ကို အကဲစမ်းကာစမှာ ချစ်သူဖြစ်လိုက်ပြီး ကြာလာတော့ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားမှုလည်း လျော့နည်း၊ သည်းခံနိုင်စွမ်းလည်းမရှိ၊ အိမ်ကလူကြီးတွေ ပြန်သိမှာကိုလည်း ကြောက်တာနှင့်ပဲ အလိုလို ပြတ်တောက်သွားရော။

အဲဒီနောက်ပိုင်းမှာ ကောင်မလေး သုံးလေးယောက်လောက်ကိုတော့ ကိုကိုချစ်က ကြိုးစားကြည့်ဖူးပါရဲ့။ သို့သော် အကြောင်းအမျိုးမျိုးကြောင့်ကော မချွေးချောတို့က ပြန်မကြိုက်ကြ။ နောက်ပိုင်းကျတော့ ယောက်ျားတို့သဘာဝ စာဖတ်၊ ရုပ်ရှင်ကြည့်၊ ဂီတာတီး၊ ဘီလီယက်ထိုး၊ ကားပွဲစားလုပ်၊ အာရုံတွေများလာကာ မိန်းကလေးတွေဘက် စိတ်ဝင်စားမှု လျော့နည်းလာသည်။ အဲဒီနောက် ဘွဲ့လေးရပြီးတော့ ဟိုသင်တန်း ဒီသင်တန်းတက်၊ အလုပ်ရဖို့ကြိုးစား။ အလုပ်လေးရပြန်တော့လည်း လုပ်ငန်းကိုနားလည်အောင် ကြိုးစားရတာနှင့်၊ နေရာကောင်းလေးရဖို့ ပြိုင်ရ



ဆိုင်ရတာနှင့် အလုပ်တွေရှုပ်ကာ နှစ်အတော်များများကို မိန်းကလေးတွေဆီ အာရုံမထားနိုင်ဘဲ ကျော်ဖြတ်ခဲ့ရသည်။

အလုပ်ကလေး အခြေတကျဖြစ်လို့ ကောင်မလေးတွေဘက် အာရုံလည်း ပြန်လှည့်မိရော ကိုယ့်အသက်က သုံးဆယ်ကျော်၊ ကောင်မလေးတွေ အခေါ်အရတော့ အာဂျရှေး(ကိုရီးယားအခေါ် ဦးလေးကြီး) အရွယ်ကို ရောက်မှန်းမသိ ရောက်နေခဲ့ပြီ။

နဂိုရုပ်ကလည်း ကြည့်နိုင်ပါမှ ခပ်ရေးရေးအဆင်ပြေသည့်ရုပ်မျိုး၊ အလုပ်ထဲ နေရာကောင်းရတယ်ဆိုပေမယ့် သူလို ကိုယ်လို ပိုက်ဆံကလည်း ရေလိုသုံးနိုင်လောက်အောင် ပေါပေါများများမရှိ။ အဆောင်တွားနေကာ ရုံးကားနဲ့ အလုပ်ဆင်းတက်၊ သွားစရာရှိတော့ လိုင်းကားနဲ့ သွားရသည့် ကိုကိုချစ်လို လူအတွက် မိန်းကလေးတွေ သဘောကျလောက်စရာလည်း ဘာမှမရှိ။ ဒီတော့ ကိုယ့်အနားမှာ ပိုင်းပိုင်းလည်မည့် မိန်းကလေးဆိုတာလည်းမရှိ။

အချစ်ဆိုတာ ကြုံကြိုက်တိုက်ဆိုင်လို့မှ တွေ့မထားလျှင် တကူးတက လိုက်ရှာဖို့ ခက်ခဲအဆင်မပြေတတ်သည့် အရာမျိုးပါလား။

မှယာကြော့တုန်းကလည်း ကိုယ်က မိဘသဘောကျ သွားသူ ဖြစ်ပါလျက် ချစ်သူရှိနှင့်ပြီးသားမို့ လက်လွှတ်ခဲ့ရပြီ။

www.burmeseclassic.com



သမုဒ္ဒရာကျပြန်တော့လည်း မိဘကလည်း သဘောတူ၊ ကိုယ်တိုင်ကလည်းချစ်သည့် ချစ်သူရှိနေပြန်ပြီတဲ့။

စိတ်နာစရာတောင် ကောင်းသည်။ ကိုယ့်ရဲ့ဘဝကံဟာ ဘယ်လိုအစားမျိုးထဲကပါလိမ့်လို့ ကိုကိုချစ်က စဉ်းစားကြည့်မိသည်။ ကိုယ့်နှလုံးသားရေးရာကိုက ကျွန်းခံတာမျိုးလား။ အင်း ... လက်ဖဝါးက လက္ခဏာလမ်းကြောင်းတွေကို ကြည့်တော့လည်း ကျွန်းမပြောနဲ့ ကမူလောက်တောင်မရှိ။

မိန်းမဆိုတဲ့ အစားမျိုးဟာ ကိုယ်က လိုက်ချစ်ဖို့တောင် မကောင်းဘူး ထင်ပါရဲ့။ ကိုယ်မှာတော့ သူတို့အတွက် လုပ်ကိုင်ပေးလိုက်ရတာ၊ သူတို့အပေါ် စေတနာထားလိုက်ရတာ၊ သူတို့အတွက် အချိန်တွေ ဖြုန်းလိုက်ရတာ။ သူတို့တွေကတော့ ကိုယ့်ကို အသုံးချစရာပစ္စည်းတစ်ခုလိုလို၊ ခဏတာ ချနင်းစရာ လှေကားထစ်တစ်ခုလိုသာ သဘောထားကြတာ။

ဒီနေ့မနက် ရုံးသွားရမှာတောင် လူက ခပ်တွန့်တွန့်ဖြစ်နေသည်။ ကုမ္ပဏီရောက်လျှင် သမုဒ္ဒရာရဲ့မျက်နှာကို တန်းတွေ့ရမှာ။ မနေ့က အအေးဆိုင် အတင်းထိုင်ခိုင်းပြီး တစ်ခုခုပြောဖို့ အကြီးအကျယ် ကြိုးစည်ခဲ့သည့် သူ့အပြုအမူကို သမုဒ္ဒရာလည်း ရိပ်မိမှာပဲ။ ပါးနပ်လျင်မြန်လွန်းသည့် ထိုမိန်းကလေးဟာ သူဘာ





ပြောမည်ဆိုတာလည်း တွေးကြည့်နိုင်မှာပဲ။ ဒါကြောင့်သာ သူ ဘာမှဆက်မပြောနိုင်အောင် ပိတ်ချသွားတာ။

အခုတော့ ပြောချင်ရာပြောခွင့် မသာလိုက်သည့် ဘရားမဝစ် ကျန်ရစ်သမားကြီးဘဝနဲ့ ကုမ္ပဏီကို သွားရမှာ။ သမုဒ္ဒရာကတော့ သူ့ကို မြင်လိုက်တာနဲ့ သူ့ရင်ထဲ ဘယ်လိုရှိသည်ဆိုတာ ချက်ချင်းသိမှာပဲ။ ရှက်စရာ ကောင်းလိုက်တာ။

ကုမ္ပဏီမှာ နှစ်ပတ်လည် အစည်းအဝေးသာရှိမနေဘူးဆိုလျှင် ကိုကိုချစ် တစ်ယောက် ဒီနေ့ခွင့်တင်ချင်တောင် တင်ဖြစ်မည်။

ကဲကွာ။ မထူးဘူး။ ငါ ဘာမှမခံစားရဘူးဆိုတဲ့ ဟန်ပေါက်အောင် အပျံစား အသားနားဆုံးဝတ်ပြီး ရင်ကော့ခေါင်းမော့လို့ ရုံးကိုသွားပစ်မည်။ တစ်နေ့ကုန် ပျော်ပျော်ရွှင်ရွှင် သဘောကောင်းကောင်းနဲ့ နေပစ်လိုက်မည်။ ဒါမှ သူ့ကို အကဲခတ်ကြည့်နေမည့် သမုဒ္ဒရာလည်း သူ အသည်းကွဲမနေဘူးဆိုတာ သိသွားမှာ။

ကိုကိုချစ်က သူ့ရဲ့အကောင်းဆုံးဝတ်စုံကို ထုတ်လိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုဝတ်စုံဟာ မုယာကြောကို ဖွင့်ပြောဖို့ ကြိုးစည်သည့်နေ့က သူဝတ်ခဲ့သည့် ဝတ်စုံပင်။



www.burmeseclassic.com

www.burmeseclassic.com



(တကယ်တော့ တိုက်ဆိုင်တာလည်း မဟုတ်ပါ။ ကိုကိုချစ်မှာ အကောင်းဆုံးဝတ်စုံဆိုလို့ ဒီတစ်စုံတည်းမဲ့ သီးသီးသန့်သန့် ရှိတာ။)

အသည်းကွဲသည့်နေ့တွေမှာမှ ဒီဝတ်စုံကို ဝတ်မိသည်ဆိုတော့ ဒီဝတ်စုံကို အသည်းကွဲဝတ်စုံလို့ ခေါ်ရင်တောင် ကောင်းမလား။

ဘောင်းဘီကို ခါးပတ်,ပတ်ရင်း ကိုကိုချစ်က စိတ်နာနာနဲ့ ပြုံးနေမိလေသည်။

❤ ❦ ❤





"အစ်ကိုကြီး ... အစ်ကိုကြီး"

ခေါ်သံကတော့ အရေးတကြီး အမောတကောလိုက်ခေါ်နေသည့် အသံမျိုးပဲ။

ဒီအသံ၊ ဒီခေါ်သံမျိုးဟာ မငြိမ်းချမ်းရဲ့အသံပဲဖြစ်သည်ဆိုတာ ဗေဒင်မေးနေစရာမလို။ ဒီတော့ ကိုကိုချစ်ကလည်း လှည့်ကြည့်နေစရာ မလိုဘူးဟုပဲ သဘောထားသည်။

အလကားပဲ။ မငြိမ်းချမ်းဆိုသည့် ကောင်မလေးဟာ ရှုပုံကြည့်တော့ ငြိမ်ငြိမ်ဆိမ်ဆိမ်၊ ရိုးရိုးကုပ်ကုပ်ကလေး။ အလုပ်လုပ်ရင်တော့ အမြဲပျာယာခတ်ကာ အရေးကြီးနေတာနဲ့၊ အမှားအယွင်းတွေ ဖြစ်နေတာနဲ့၊ ပြဿနာတက်နေတာနဲ့ချည်းပဲ။ သူ့ခေါ်သံကြားတိုင်း ကိုယ်ကပါ လိုက်ပျာနေလျှင် နေစရာတောင်ရှိမှာမဟုတ်တော့။

"အစ်ကိုကြီး ... ခဏစောင့်ပါဦး၊ အရေးကြီးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နင် ဘာတွေဖြစ်လာပြန်ပြီလဲဟင်၊ ရုံးခန်းထဲ တောင် မရောက်သေးဘူးဟာ"

"အဲဒါကြောင့်ပေါ့၊ ရုံးခန်းထဲ ရောက်သွားမှာစိုးလို့ မရောက် သေးခင် အရေးတကြီး တားနေရတာ"

"ကဲ ... ပြောစမ်းပါဦး၊ နင် ဘာတွေ ပြဿနာတက်လာ တာလဲ"

"ငြိမ်းပြဿနာ မဟုတ်ဘူး၊ အစ်ကိုကြီး ပြဿနာ"

"ငါ့ပြဿနာ ... ဘာလဲ စာရင်းကွာနေလို့လား၊ မဖြစ်နိုင် ဘူးနော်၊ မနေ့က ရုံးမဆင်းခင်ကတည်းက ငါ့ဘက်ကတက် မယ့်စာရင်းတွေအားလုံး သေချာထိုင်စစ်ပြီးသွားပြီ၊ စာရင်း ကွာတာကတော့ လုံးဝမဖြစ်နိုင်ဘူး"

"အလုပ်ကိစ္စနဲ့ မဆိုင်ဘူး"

"ဒါဆို ရာရာများ ..."

ကိုယ့်စိတ်ဝင်စားမှုနဲ့ကိုယ် ပြောလိုက်မိပြီးမှ ပါးစပ် ကို အမြန်ပြန်ပိတ်လိုက်ရသည်။ သမုဒ္ဒရာအပေါ် သူ ဘယ်လို သဘောထားသည်ဆိုတာ မငြိမ်းချမ်းက သိတာမဟုတ်။ သူ့ဘက် က အပြောမှားသွားမှ မငြိမ်းချမ်းများ ရိပ်မိသွားလေမလားလို့ အလန့်တကြား ဖြစ်သွားရသည်။





"မဟုတ်ဘူး ... ဒီမှာ"

မငြိမ်းချမ်းက ပြောပြောဆိုဆို ကိုကိုချစ် နောက် ကျောဘက်ကို လက်လှမ်းပြီး တစ်စုံတစ်ခုကို ဖျတ်ခနဲဆွဲထုတ် လိုက်သည်။

"ဟာ"

သူ့ဘောင်းဘီအတွင်းဘက်ကနေ တစ်ခုခုပွတ်ဆွဲ ဖြတ်ထွက်သွားသလို ခံစားချက်နဲ့အတူ မငြိမ်းချမ်းရဲ့ ရှေ့ထိုးပြ လိုက်သော လက်ထဲမှာ ဖြူဝါဝါ၊ ပျော့ဖတ်ဖတ် အဝတ်တစ်ခုကို တွေ့လိုက်ရသည်။

"ဘာကြီးလဲ အဲဒါ"

"အစ်ကိုကြီးခါးမှာ တန်းလန်းကြီး ချိတ်ပါလာတာလေ၊ အိမ်နေရင်း စွပ်ကျယ်ကြီးထင်တယ်၊ လမ်းလျှောက်တိုင်း အမြီးကြီးလိုပဲ ဖတ်လပ် ဖတ်လပ်နဲ့"

"သေလိုက်ပါတော့ကွာ၊ ငါ ရုံးဝင်းထဲ လျှောက်ဝင်လာ တဲ့ လမ်းတစ်လျှောက်လုံး ဒါကြီးတတန်းတန်းနဲ့ပေါ့၊ ဟုတ်လား၊ ရှက်လိုက်တာကွာ၊ တောက် ... တစ်လမ်းလုံး တွေ့ခဲ့တဲ့ ကောင်တွေကလည်း ငါ့ကို တစ်ယောက်မှ သတိမပေးကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သတိပေးဖို့မလဲ အစ်ကိုကြီးရဲ့၊ ဒီနေ့ အစည်းအဝေးမှာ အုပ်ချုပ်မှုမန်နေဂျာရာထူးအသစ် ရွေးဖို့ရှိတယ်မဟုတ်လား။ မန်နေဂျာသုံးယောက်ထဲက တစ်ယောက်ကိုရွေးပြီး ရာထူးတိုးပေးမှာလေ၊ အစ်ကိုကြီးတို့သုံးယောက်က အသက်ချင်းလည်း မတိမ်းမယိမ်း၊ လုပ်သက်လည်း အတူတူ၊ အရည်အချင်းကလည်း သိပ်မကွာတော့ ဘယ်သူ့ပေးရမှန်းမသိ ဖြစ်နေတာတဲ့”

“အဲဒါတွေ ငါသိပါတယ်ဟ”

“အဲဒါပေါ့၊ အခု အစ်ကိုကြီးက အနေအထိုင် ပစ်စလက်ခတ်နဲ့ လူရယ်စရာကြီး ဖြစ်လာတော့ အစ်ကိုကြီး အမှတ်လျော့အောင်ဆိုပြီး တမင်မပြောတာပေါ့၊ အစ်ကိုကြီးပဲ စဉ်းစားကြည့်လေ၊ လူတချို့က အစ်ကိုကြီးကို အိမ်နေရင်းစွပ်ကျယ်ကြီး ခါးကြားမှာ တယမ်းယမ်း ညှပ်ပါလာတာ မြင်ပြီးပြီ၊ မမြင်ရသေးတဲ့လူတွေကိုလည်း လက်တို့ပြောထားမှာပဲ၊ စည်းဝေးပွဲကျတော့ အဲဒီကိစ္စ တကျိတ်ကျိတ်နဲ့ လူတွေရယ်စရာ ဖြစ်နေတော့မှာ၊ ဒီနေ့ခန့်မယ့် အုပ်ချုပ်မှုမန်နေဂျာအသစ်ဟာ ဝန်ထမ်းတွေအားလုံးရဲ့ ရယ်စရာကြီး ဖြစ်နေလို့ ကောင်းပါ့မလား၊ လူကြီးတွေသာ ဒါကိုသိသွားရင် အစ်ကိုကြီး ချက်ချင်းအမှတ်လျော့မှာလေ”





“ဟာ … ဟုတ်တယ် … ဟုတ်တယ်၊ နင်ပြောတာ အမှန်ပဲ၊ လမ်းမှာတုန်းက အောင်သိန်းထွန်းနဲ့ ဖြိုးသစ်ကိုတွေ့လာတာ၊ အဲဒီနှစ်ကောင်က ကျော်ဆွေ့ရဲ့လက်ရင်းတပည့်တွေ၊ ငါ့ဒုက္ခရောက်မှ သူတို့ဆရာ အသာစီးရမယ်ဆိုပြီး ငါ့ကို ချောက်ချချင်မှာပဲ၊ နောက်ပြီး ခုမှသတိရတယ်၊ ဟိုခင်သဥ္ဇာတို့ စာရေးမအုပ်စုကလည်း ငါ့ကိုကြည့်ပြီး ပြုံးစိပြုံးစိနဲ့ ဒီကောင်မလေးတွေက ဟိုကောင် သက်အောင်ထင်ကို အလုအယက် မျက်နှာလုပ်နေကြတာ၊ ငါ့အရှက်ကွဲလေ သူတို့က ပိုကြိုက်လေ ဖြစ်မှာပဲ”

“ဟုတ်တယ် … အဲဒီအတိုင်းပဲ ဖြစ်မှာပဲ၊ ဒါနဲ့ တစ်ဆိတ်လောက် ဒီအဝတ်လေး ပြန်ယူလိုက်ပါဦး၊ အနံ့ဆိုးလွန်းလို့ အစ်ကိုကြီး အဝတ်အစားတွေ မလျှော်တာ တော်တော်ကြာပြီထင်တယ်”

“ဟာ … မင်းကလည်း၊ ဒါအိမ်နေရင်းဝတ်တဲ့ စွပ်ကျယ်ကြီးဟာကို၊ အနံ့အသက်တော့ နည်းနည်းရှိမှာပေါ့၊ စောစောကတော့ မပေးဘဲ တောက်လျှောက်ကိုင်ထားပြီးတော့ အခုကျမှ ဘာဖြစ်သလေး ညာဖြစ်သလေး လာပြောမနေပါနဲ့”

www.burmeseclassic.com

www.burmeseclassic.com



"အနံ့အသက်က နည်းနည်းမှမဟုတ်တာ၊ ချဉ်စူးနေတာပဲ ဟာကို၊ ကျွန်မ တစ်ရှိန်လုံး လက်ဆန့်ပြီး လှမ်းပေးနေတာ အစ်ကိုကြီးက ယူမှမယူတဲ့ဟာကို"

"ကဲပါဟာ၊ ပေး ... ပေး ... မြန်မြန်ပေး၊ အစည်းအဝေး မစခင် ငါ လုပ်စရာတွေ ရှိသေးတယ်၊ အချိန်ကြာတယ်"

ကိုကိုချစ်က မမှုသလို ဟန်ဆောင်လိုက်ရသော်လည်း ရင်ထဲမှာတော့ တော်တော်ပူနေပြီ။ လူသုံးယောက်၊ အသက်အရွယ်ချင်း၊ လုပ်သက်ချင်း၊ အရည်အချင်းချင်း မတိမ်းမယိမ်းမှာ တစ်ယောက်က ရာထူးတစ်ဆင့်မြင့်သည့် နေရာကို ရမယ်ဆိုတော့ ဘယ်သူမဆို လိုချင်ကြတာပေါ့။

အစည်းအဝေးခန်းထဲရောက်တော့ (ကိုကိုချစ် စိတ်ထင်)လူတွေအားလုံးဟာ သူ့ကိုပဲ လှမ်းကြည့်ပြီး ပြုံးစိစိမျက်နှာတွေနဲ့ အတင်းပြောကုန်ကြသလိုပဲ။

မငြိမ်းချမ်းက ကိုကိုချစ်ကို လှမ်းကြည့်သည်။ ကိုကိုချစ်က မသိဟန်ဆောင်နေလိုက်သည်။

"ဟာ"

အစည်းအဝေး မစခင်မှာ တံခါးတစ်ချပ် လှပ်ခနဲ ပွင့်လာပြီး သမုဒ္ဒရာက အခန်းထဲ ဝင်လာခဲ့သည်။





တောက်လွင်လှသည့် အပြာရောင်ဝတ်စုံနဲ့ ထင်းခနဲနေအောင် လှနိုင်လွန်းသည့် သမုဒ္ဒရာကို တစ်ချက်ငေးကြည့်မိခိုက် သူမဘေးမှာ လူတစ်ယောက် မားမားမတ်မတ် လာရပ်တာကို တွေ့လိုက်ရလေသည်။

အသားဖြူဖြူ၊ ရုပ်ချောချော၊ ထောင်ထောင်မောင်းမောင်း။ နိုင်ငံခြားမင်းသား တစ်ယောက်လို ကြည့်ကောင်းလှသည့် ထိုလူက သမုဒ္ဒရာဘေးကို ဝင်ရပ်လိုက်တော့ နှစ်ယောက်သား တော်တော်လိုက်ဖက်သည့် စုံတွဲဖြစ်သွားရလေသည်။

သူတို့နှစ်ယောက် လိုက်ဖက်လေ ကိုကိုချစ် ရင်ထဲ ပူပြီးနင့်လေ။

"ဦးကိုချစ်"

ရှောင်ချင်ကာမှ သမုဒ္ဒရာက သူ့ဆီ တည့်တည့်ကြီး လျှောက်လာကာ ကိုကိုချစ်ဘေးက လွတ်နေသည့်ခုံမှာ ဝင်ထိုင်လိုက်လေသည်။

"မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုဇော်မင်းထွန်းတဲ့၊ ရာရာ ချစ်သူလေ၊ မနေ့က စင်ကာပူက ပြန်ရောက်လို့ ရာရာ သွားကြိုတာလေ၊ ကိုဇော် ... ဒါ ဦးကိုချစ်တဲ့၊ ရာရာ ဒီမှာ ဝင်လုပ်တော့ တစ်လျှောက်လုံး အနီးကပ်ပညာသင်ပေး ကူညီပေးခဲ့တာပေါ့"

www.burmeseclassic.com



“ဟုတ်ကဲ့ခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ရာရာကို စောင့်ရှောက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်”

ကိုကိုချစ် မျက်နှာကြီးက ကိုယ့်အသင်းကို နိုင်သွားသည့် တစ်ဖက်အသင်းက မန်နေဂျာကို လက်ဆွဲနှုတ်ဆက်လိုက်ရသည့် အရှုံးသမား မန်နေဂျာလိုမျိုး မအီမလည် မျက်နှာကြီး ဖြစ်နေသည်။

“ရပါတယ်၊ ကျွန်တော့် တာဝန်ပါ”

“ကိုဇော် ပြန်ရောက်ပြီဆိုတော့ ရှေ့လလောက်ထဲ ရာရာတို့ လက်ထပ်ကြမှာလေ၊ ပြီးရင် ကုမ္ပဏီတစ်ခုဖွင့်မယ်၊ ဦးကိုချစ်က တတ်နိုင်သလောက် ကူပေးရမှာနော်”

“အင်းပေါ့ ... အင်းပေါ့”

ကူပေးပါလိမ့်မယ် အားကြီး။ ကိုယ်မရလိုက်တဲ့ မိန်းကလေးက သူ့ယောက်ျားနဲ့အတူဖွင့်မယ့် ကုမ္ပဏီကိုများ သွားကြီးအဖြီးသားနဲ့ မစားရ ဝခမန်း လိုက်ပြီးကူညီရဦးတော့ ကိုကိုချစ်ရဲ့ ဦးခေါင်းထက်က အုံထုထုဆံပင်တို့ကြားမှာ ချိုနဲ့ရသည့် အရာမျိုးကိုများ တွေ့မိထားလို့လား။

“ကဲ ... ကဲ ... အားလုံး လူစုံပြီဆိုရင် အစည်းအဝေးစတော့မယ်၊ တိတ်တိတ်နေကြပါ”



ထိုနေ့က နှစ်ပတ်လည် အစည်းအဝေးကို ကိုကိုချစ် တစ်ယောက် ခါတိုင်းလို အာရုံစိုက်လို့မရ။ ရင်ထဲက မျက်တက်တက် မခံချိမခံသာ ဝေဒနာကတစ်ဖက်၊ အုပ်ချုပ်မှုမန်နေဂျာရာထူးကို ကိုယ်မှရပါ့မလားလို့ စိတ်ပူရတာကတစ်ဖက်နဲ့ ရင်ထဲဗြောင်းဆန်နေသည်။

“အခုနောက်ဆုံး ကြေညာမှာကတော့ အားလုံးစိတ်ဝင်စားနေတဲ့ အုပ်ချုပ်မှုမန်နေဂျာရာထူးပဲ ဖြစ်ပါတယ်၊ ဒါရိုက်တာအဖွဲ့ဝင်တွေက အချက်အလက်တွေ အားလုံးကို လေ့လာစိစစ်ကြတဲ့အပြင် ဝန်ထမ်းတွေထဲကလည်း တချို့ကိုရွေးချယ်ပြီး လျှို့ဝှက်ဆန္ဒမဲ ကောက်ခဲ့ပါတယ်။ ဒါပေမဲ့ ရလာတဲ့အဖြေတွေက သိပ်မတိမ်းမယိမ်း ဖြစ်နေတယ်ခင်ဗျ၊ နောက်ဆုံး ဒီအစည်းအဝေး မတိုင်ခင်လေးမှာ ဘုတ်အဖွဲ့ဝင်တွေက ထပ်ပြီး ဆွေးနွေးတိုင်ပင်ခဲ့လို့ အဖြေတစ်ခု ထွက်လာခဲ့ပါတယ်၊ ဆိုလိုတာက အုပ်ချုပ်မှုမန်နေဂျာရာထူးသစ်အတွက် အားလုံးဟာ အရည်အချင်း ပြည့်မီခဲ့ပြီး ဝန်ထမ်းတွေရဲ့ ညီတူညာတူ ထောက်ခံမှုကိုလည်း ရခဲ့တယ်ဆိုတဲ့ သဘောပါ။ အားနည်းချက်ကို မနည်းရှာဖွေပြီးတော့မှ ပိုပြီးပြည့်စုံမယ်ထင်တဲ့သူကို ရွေးခဲ့ရတာပါ၊ ဒါကြောင့်

www.burmeseclassic.com



အခု ရွေးချယ်မခံခဲ့ရတဲ့သူတွေအတွက်လည်း စိတ်မကောင်းမဖြစ်ဘဲနဲ့ စိတ်ဝမ်းမကွဲကြဘဲနဲ့ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ထမ်းဆောင်ကြဖို့ တိုက်တွန်းချင်ပါတယ်”

လျှာကြောရှည်လိုက်တာ။ လိုအပ်သည့်စကားလေးတစ်ခွန်း ပြောဖို့ကို သိုင်းဝိုင်းလည့်ပတ် ဖွဲ့နွဲ့နေလိုက်တာ သူ့ကိုယ်သူများ စာပေဟောပြောပွဲ စင်မြင့်ပေါ် တက်နေတယ်မှတ်လေသလား မသိ။

“အခု အုပ်ချုပ်မှုမန်နေဂျာရာထူးသစ်အတွက် ရွေးချယ်ခံရတဲ့သူကို ကြေညာပါ့မယ်၊ သူကတော့ ထုတ်လုပ်ရေးပိုင်းက မန်နေဂျာ ကိုကျော်ဆွေပဲ ဖြစ်ပါတယ်ခင်ဗျာ”

“ဖြောင်း ... ဖြောင်း ... ဖြောင်း”

လက်ခုပ်သံတွေ ဆူညံသွားသည်။ ကိုကိုချစ်ကလည်း အလိုက်အထိုက် လက်ခုပ်လက်ဝါးတီးကာ ဟန်ဆောင်ပြနေပေမယ့် ရင်ထဲမှာတော့ မျှော်လင့်ချက်နန်းတော်ကြီး တဝုန်းဝုန်းပြိုလဲကျဆုံးနေတာကို ကြေကွဲစွာ ခံစားနေရသည်။

တစ်နှစ်လုံး ကြိုးစားလာပြီးမှ ဂိုးကွာခြားချက်ကလေးနဲ့ ချန်ပီယံဆုကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်၊ ဘောလုံးအသင်းက အသင်းသားတစ်ယောက်ရဲ့ ခံစားမှုလိုပဲ။ ခြေရည်ချင်း



ညီပါလျက် ကံကြမ္မာက တစ်ချက်ကလေး မျက်နှာသာမပေးလိုက်တာနဲ့ ပြိုလဲကျဆုံးသွားလိုက်ရတာမျိုး။

ကိုယ့်လက်ဆွဲအိတ်ထဲမှာ အလုံးလုံး အထွေးထွေးထိုးထည့်ထားသည့် စွပ်ကျယ်ကို ကြည့်လိုက်မိသည်။

ဝါညစ်ညစ်နဲ့ ပျော့ဖတ်နံ့စော်နေသော ဒီစွပ်ကျယ်တစ်ထည်ဟာ ကိုကိုချစ်ဆိုတဲ့ လူတစ်ယောက်ရဲ့ဘဝတက်လမ်းကို အကြီးအကျယ် တားဆီးပိတ်ဆို့လိုက်လိမ့်မည်လို့ ဘယ်သူကများ တွေးမိမလဲ။

ကိုကိုချစ်အတွက်က ဒီနေ့ဟာ ချစ်သူကိုရော အလုပ်မှာရော ဆုံးရှုံးမှုနှစ်ခုကို ပြိုင်တူကြုံလိုက်ရသည့်မှတ်တမ်းဝင် နေ့တစ်နေ့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … ကိုကိုချစ်ပါလား၊ နင်က ဒီကုမ္ပဏီမှာ လုပ်နေတာလားဟင်"

ကိုယ့်ကို ဝမ်းသာအားရ နှုတ်ဆက်သည့်သူက နှုတ်ဆက်နေသော်လည်း ကိုကိုချစ်မှာတော့ အံ့အားကြီးသင့်ကာ ဘယ်လိုတုံ့ပြန်ရမယ်မှန်းမသိ။

ခင်လဲပြည့်။

ကိုကိုချစ် ကျောင်းသားဘဝတုန်းက ခင်လပြည့်ရဲ့ အလှမှာ အရှုံးအမူး ကျဆုံးခဲ့ဖူးသည်။ ခင်လပြည့် ဆိုတာက အလှနဲ့တင် ကျော်ကြားတာ မဟုတ်ဘဲ မာနကြီးသည့် မာနမင်းသမီးတစ်ယောက် အဖြစ်နဲ့လည်း ကျော်ကြားသေးတာ။

ကိုကိုချစ်တို့ ငယ်ငယ်တုန်းကတော့ ရုပ်ရှင်တွေထဲမှာ မို့မို့မြင့်အောင်က မာနကြီးသည့် သူဌေးသမီး၊ ကျော်သူက





မျက်နှာမွဲ ဆင်းရဲသားကလေး။ သူဌေးသမီးကို ဆင်းရဲသားလေးက ရအောင်ကြိုးစားပြီး နောက်ဆုံးတော့ ရွှေမင်းသမီးမှာ မာနကိုခဝါချပြီး အချစ်ရဲ့ရှေ့တော်မှောက် လက်မြှောက်လိုက်ရသည့် ဇာတ်လမ်းမျိုးတွေ ခေတ်စားတာ။ အဲဒီတော့ ကိုကိုချစ်တို့က ကိုယ့်ကိုယ်ကိုယ် ကျော်သူလို့မှတ်ကာ စိတ်ကူးတွေ ယဉ်ကြတာပေါ့။ ခင်လပြည့်အိမ်ရှေ့မှာ မောင့်လပြည့်ဝန်းသီချင်းတွေ သွားဆိုလိုဆို၊ ခင်လပြည့် သာရာလမ်းမှာ အဆွေးသမားပုံစံနဲ့ ငေးရီမျှော်ကြည့်လိုကြည့်။

ဒါပေမဲ့လည်း တကယ်တမ်းကျတော့ ရုပ်ရှင်ထဲကလိုမှ မဟုတ်ပါဘဲ။ ကိုကိုချစ်ကလည်း မျှော်ကြည့်ရုံ၊ ညဘက် လူမမြင်နိုင်သည့် အချိန်ကျမှ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းယောင်၊ ချွေးပေါင်ထွက်ပြေးလုပ်ရုံ။ ခင်လပြည့်ကလည်း ဒေါက်ဖိနပ်မြင့်မြင့် စီးထားသည့် ခြေထောက်တွေနဲ့ စည်းချက်ကျနစွာ လျှောက်သွားရင်း ရင်ကလေးကော့၊ ခေါင်းကလေးမော့ကာ ဟိုးအပေါ်ကို မော့ကြည့်ရုံ။

ကိုကိုချစ် ဘဝမှာ ခင်လပြည့်နဲ့ နီးနီးကပ်ကပ်ဆုံဖူးတာဆိုလို့ သူတို့မေဂျာက ကျောင်းကပွဲတစ်ခုမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ခင်လပြည့်က ကျောင်းက အငြိမ့်ပွဲမှာ မင်းသမီး။ (ဒီတော့ ကိုကိုချစ်က လူရွှင်တော်လုပ်ရပြီး ရွှေမင်းသမီးနဲ့ လူရွှင်တော်ဇာတ်ကွက်ကို သရုပ်ဖော်ခွင့် ရပြီလို့များ အလောတကြီး မတွေးလိုက်ပါလေနှင့် စာရှုသူ) ကျောင်းပွဲမှာ ကိုကိုချစ်ရဲ့တာဝန်က ဘယ်လောက်ကြီးမားသလဲဆိုလျှင် ကားလိပ်အတင်အချနဲ့ နောက်ခံရှုခင်းတွေ စီစဉ်ပေးရသည့် တာဝန်ကို ယူရပါသတဲ့။

ဇာတ်လမ်းက ကြေကွဲစရာ ကောင်းလှသည်။ မင်းသမီးက စင်ပေါ်မှာ လှလှပပ ကြွကြွရွရွကလေး ဝတ်စားပြင်ဆင်လို့ ကပြဖျော်ဖြေနေစဉ်မှာ မင်းသားလုပ်တဲ့သူကတော့ ဖွပ်ကျယ်ချိုင်းပြတ်နဲ့ ပုဆိုးတိုတိုဝတ်ကာ ချွေးတွေရွှဲနစ်၊ ခေါင်းစုတ်ဖွားနဲ့ အလုပ်များနေခဲ့ဖူးသည်။

သူတို့နှစ်ယောက် အနီးဆုံး ပတ်သက်ဖူးတာကတော့ ဇာတ်ကရာမှာ သူမမျက်နှာကို မီးရောင်ကြီး တည့်တည့်ရှူးရှူး ထိုးမထားဖို့ သတိလာပေးတုန်းကတစ်ခါ၊ သူမ အကရပ်လိုက်၊လိုက်ချင်း ကားလိပ်ချတ်ချင်းချမပစ်ဘဲ ပရိသတ်ရဲ့လက်ခုပ်သြဘာသံကို ခဏလောက် စောင့်နားထောင်ပြီးမှ ကားလိပ်ချဖို့ လာပြောတုန်းက တစ်ခါ။





ရင်ခုန်စရာ အကောင်းဆုံးနဲ့ အမှတ်တရဖြစ်စွယ် အကောင်းဆုံးကတော့ ခင်လပြည့် က,ပြီး ဇာတ်စင်အောက်လှေကားထစ်ကလေးတွေကနေ ဆင်းလာစဉ်မှာ ရုတ်တရက် ခြေချော်သွားတာမို့ အနားမှာရှိသည့် ကိုကိုချစ်ကို လှမ်းဆွဲလိုက်ရသည့် အဖြစ်အပျက်ပါပဲ။

ရုပ်ရှင်ထဲမှာလို လှေကားပေါ်က ပြုတ်ကျလာသည့် မင်းသမီးကို မင်းသားက ပွေ့ဖမ်းလိုက်ရတာတို့၊ မင်းသမီးက မင်းသားရဲ့လက်မောင်းကြီးကို လှမ်းဆုပ်ကိုင်လိုက်တာမို့ ရင်ခွင်ထဲ ဇွေ့ခနဲ ရောက်သွားတာတို့ စသည့်ဇာတ်ကွက်မျိုးတော့လည်း ဟောတ်ပြန်ပါ။

ခင်လပြည့်က လှေကားအပေါ်ထစ်ကနေ ခြေချော်ယိုင်နွဲ့သွားမိုက် မိရာကြုံရာ ဖမ်းဆွဲလိုက်ရာ လှေကားဘေးနားမှာ ရပ်နေသည့် ကိုကိုချစ်ရဲ့ ထူထဲဘုတ်သိုက်သော ဆံပင်အုံကို ဖမ်းဆုပ်မိတာသာလျှင် ဖြစ်ပါသည်။

ဇာတ်လမ်းထဲကလို မင်းသားက မင်းသမီးနဲ့ထိတွေ့မိသော လက်မောင်း၊ အင်္ကျီ စတာတွေကို ကိုင်ကြည့်ပြီး မင်းသမီးရဲ့ကိုယ်ငွေ့လေးပဲ ရသလိုလို၊ ကိုယ်သင်းနံ့လေးပဲ ရှူရှိုက်မိသလိုလို ပြန်တွေးကြည့်၊ ခံစားမိတာမျိုးလည်း ဖြစ်စရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရက ကိုယ့်ဆီပါလာခဲ့တာ မဟုတ်။ သူ့ဆီပါသွားခဲ့တာ။ (ငယ်ထိပ်က ဆံပင်တစ်ဆုပ်စာ ဖြတ်ခံနဲ့ ပြုတ်ပြီးပါသွားခြင်းဖြစ်သည်။)

ခင်လပြည့်ကတော့ ကိုကိုချစ်ရဲ့ဆံပင်တွေကို အမှတ်တရအဖြစ် သိမ်းဆည်းထားလေမှာ မဟုတ်တာ သေချာသည်။ သတိလေး နည်းနည်းဝင်လာတာနဲ့ ဟွန့် ... ဘာတွေလဲ၊ ကတ်စေးစေးနဲ့ နံစော်နေတာပဲဆိုကာ ဆံပင်တွေကို ခါချပြီး လက်ပါသွားဆေးလိုက်သေးတာကိုး။

ကိုကိုချစ်မှာတော့ ခင်လပြည့် ဆွဲနုတ်လိုက်ပြီးကတည်းက အဲဒီဆံပင် လက်တစ်ဆုပ်စာအကွက်ဟာ နောက်ထပ်ဆံပင်အသစ် ထပ်မပေါက်တော့ဘဲ ထိပ်ကွက်ကြီးဖြစ်ပြီး ကျန်ရစ်လေသည်။ ဘေးကဆံပင်တွေနဲ့ ဆွဲဖုံးထားတာမို့ ထိုထိပ်ကွက်ကိုလူမြင်ဖို့ မလွယ်ပေမယ့် ကိုယ့်ဘာသာတော့ ခေါင်းဖြီးတိုင်းသတိရမိသည်။

အဲဒီနောက်ပိုင်းတော့ ခင်လပြည့်က သတ်သတ်ကိုကိုချစ်က သတ်သတ်၊ အဆက်အစပ်မရှိသော ဘဝလမ်းကြောင်းတွေ ကိုယ်စီလျှောက်ခဲ့ကြပြီး မေ့လောက်သော တစ်နေ့ရောက်တော့မှ ဘွားခနဲ ပြန်ဆုံကြရတဲ့အဖြစ်။





"ခင်လပြည့်လေ ကိုကိုချစ်ရဲ့၊ မမှတ်မိတော့ဘူးလား"

ပြန်တွေ့ကြသည့် အချိန်မှာတော့ ခင်လပြည့်ကပဲ စ,ကာ ဖော်ဖော်ရွေရွေ နှုတ်ဆက်နေပြန်လေသည်။

"ဟုတ်တယ်၊ ကျွန်တော် ဒီမှာဝင်လုပ်နေတာပါ၊ ရှစ်နှစ်လောက် ရှိနေပြီ၊ ခင်လပြည့်တို့ ဒီကို ဘာလာလုပ်တာလဲ"

"လပြည့်တို့ ချည်ထည်လုပ်ငန်းမှာသုံးတဲ့ ကယ်မစ်ကယ်(လ်)ပစ္စည်းတစ်မျိုးလေ၊ ပစ္စည်းပြတ်သွားတာ ဘယ်မှာမှ ရှာမရလို့ ဒီကုမ္ပဏီက တင်သွင်းတဲ့အထဲမှာ အဲဒီပစ္စည်းပါတယ်ဆိုလို့ လာစုံစမ်းတာပါ"

"ဟုတ်လား၊ ဓာတုပစ္စည်းဆိုရင် တချို့ သိပ်အသုံးမများတဲ့ပစ္စည်းတွေကျတော့ လိုအပ်လို့ မှာထားတဲ့သူတွေအတွက်လောက်ပဲ နည်းနည်းသွင်းတာလေ၊ ကြားဖြတ်ဝယ်ခွင့်တော့ သိပ်မရှိဘူးပေါ့"

"လပြည့်တို့က အရေးပေါ်လိုနေတာ ကိုကိုချစ်ရယ်၊ ကုန်ပစ္စည်းဆိုတာကလည်း သိတဲ့အတိုင်းပဲ၊ သူ့ဒီမန်းရှိတုန်းအမြန်ထုတ်ရတာလေ၊ လိုအပ်ချက်ရှိနေတုန်း ကိုယ်ကအမီမထွက်ဘူးဆိုရင် နောက်မှလိုက်ထုတ်တော့ အပိုပဲ၊ ရောင်းလို့မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်ကော့်ကုမ္ပဏီကို ရောက်လာမှတော့ ပစ္စည်းရှိရက်နဲ့ မရလိုက်ဘူး ဆိုတာမျိုး တော့ မဖြစ်စေရပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကိုင်တဲ့ဘရန်နဲ့မျိုး မဟုတ်တော့ အဲဒီပစ္စည်းဘက်ကိုင်တဲ့ မန်နေဂျာနဲ့မိတ်ဆက် ပေးမယ်လေ၊ ကျွန်တော်ကိုယ်တိုင် လိုက်ပြောပေးမှာ၊ ရမယ်၊ ဘာမှစိတ်မပူနဲ့"

"ကျေးဇူးတင်လိုက်တာ ငါ့တူရယ်၊ အန်တီတို့အတွက် ဒါက အဓိကပြဿနာ ဖြစ်နေတော့ ငါ့တူ ဖြေရှင်းပေးနိုင် ရင် သိပ်ကို ကျေးဇူးတင်ပါတယ်"

ခင်လပြည့် အမေကြီးကပါ လိုက်လိုက်လှဲလှဲ ကျေးဇူး တင်စကားတွေ ပြောလို့။

ချမ်းသာသလို မာနလည်းကြီးသည်လို့ နာမည်ကြီး လှသည့် ခင်လပြည့်အမေကြီးလည်း စီးပွားရေးနဲ့ ပတ်သက်လာ တော့ ကိုကိုချစ်လို သာမန်သြောင်ည ကုမ္ပဏီဝန်ထမ်းလေးတစ် ယောက်ကိုလည်း ကျေးဇူးတင်စကားတွေ အလီလီ အထပ်ထပ် ပြောနေရပြီပေါ့။

ဒီလိုကျေးဇူးတင်ရာကနေ အားကိုးအားထား ပြုလာရ ရင်၊ ကိုကိုချစ် ဆိုတာ သူတို့ဘဝအတွက် ကယ်တင်ရှင်ကြီးလို့ မှတ်ယူလိုက်ရရင်၊ သူ့သမီးနဲ့လည်း ... ဟဲ ဟဲ။





တစ်ထိုင်တည်းပဲ ကိုကိုချစ်က စိတ်ကူးတွေ ဇွတ် ထည့်ပစ်လိုက်သည်။

"ရပါတယ် အန်တီ၊ သူငယ်ချင်းတွေပဲ၊ ကျွန်တော် ကူညီ နိုင်လို့ ကူညီခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ"

ယောက္ခမလောင်းကြီးက ပြုံးပြုံးကြီးနဲ့ ခေါင်းတညိတ် ညိတ်။ ခင်လပြည့်မှာလည်း ခုမှ အသက်ရှူချောင်ကာ စိတ်လက် ပေါ့ပါးသွားသည့်ပုံ။

ဒါကြောင့် ပြောတာပေါ့။ ကံဆိုတာ တစ်သမတ် တည်း သတ်မှတ်လို့ မရပါဘူးလို့။

မနေ့တစ်နေ့ကပဲ သမုဒ္ဒရာကို လက်လွှတ်ဆုံးရှုံးခဲ့ ရတာ။ ဟော ... ဒီနေ့ကျတော့ ခင်လပြည့်နဲ့ ပြန်တွေ့ဖို့ဖြစ်နေပြီ။ သမုဒ္ဒရာကိုသာ ဖွင့်ပြောခဲ့မိရင်၊ သမုဒ္ဒရာမှာလည်း ရည်းစားလက် ရှိမဟုတ်လို့ သူ့ကို စဉ်းစားပေးမယ်ဆိုရင် ခင်လပြည့်နဲ့ ပြန်တွေ့ တဲ့အခါ အားနာစရာတွေ ဖြစ်ကုန်တော့မှာ။

သမုဒ္ဒရာ ... သမုဒ္ဒရာ။ နေလာနှင်းပျောက်ရသလို သူမထက် ဘုန်းကံမြင့်တဲ့ ခင်လပြည့် ရောက်လာတော့မှ ဖယ်ပေးသွားရတာများ ကြည့်စမ်း။

www.burmeseclassic.com



လက်စသတ်တော့ ကိုကိုချစ်တို့ ချစ်ကခဲ့သမျှ ဟာ ငယ်ချစ်နဲ့ ပြန်ဆုံဖို့ ဖြစ်လာတာကိုး။ ဒီတစ်ခါ ခင်လပြည့် ကတော့ ကိုကိုချစ်ရဲ့ ဘယ်မလွဲနိုင်တဲ့ ငယ်သံယောဇဉ် ဖူးစာဖက် အစစ်ဖြစ်ဖို့ သေချာနေခဲ့ပြီ။

❤ ❦ ❤





"အစ်ကိုကြီး ထမင်းစားချိန် ရောက်နေပြီ၊ ထွက်မစား သေးဘူးလား"

"မစားနိုင်သေးဘူး၊ ငါ အလုပ်တွေ မပြီးသေးဘူးဟ၊ ဒီမှာ စီမံကိန်းဖယောဆွဲဖို့ အလုပ်ရှုပ်နေတာ သိသားနဲ့"

"ထမင်းစားချိန်တောင် ကျော်တော့မယ်၊ ဒီလိုလုပ်ပါလား ဟင်၊ ငြိမ်း ထမင်းချိုင့်ကို ယူစားပါလား၊ ငြိမ်းက မစုတို့ နဲ့ လက်ဖက်ထမင်းမှာစားထားတာ မိုက်မဆာတော့လို့"

ယူစားထားပါလားသာ ပြောတာ လက်ထဲမှာ ထမင်း ချိုင့်က အဆင်သင့် ကိုင်လာတာဆိုတော့ ကြည့်ရတာ ဒီကောင် မလေး ကိုကိုချစ်ကို ထမင်းချိုင့်ပေးဖို့ အကြံအစည် ရှိထားပြီးပုံ ပင်။

ကိုကိုချစ်ကလည်း ထမင်းချိုင့်မြင်တော့ ဗိုက်ဆာ လာသလိုရှိသား။ ကိုယ်က ထမင်းသယ်လာသူလည်း မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားက ဆိုင်တွေကို ထွက်စားရလောက်အောင်လည်း မအားမလပ်လို့သာ ကြိတ်မှိတ်နေရတာလေ။ ထမင်းစားချိန်လွန် ပြီဆိုမှတော့ လှုပ်။ မိုက်က မဆာရှိမလား။

မငြိမ်းချမ်းဆိုသည့် ကောင်မလေး လာပေးသည့် ထမင်းချိုင့်မှ ချက်ချင်းလက်မခံလိုက်သေးဘဲ ခဏစဉ်းစားနေမ် တာ။ ဒီကောင်မလေးက သူ့ရဲ့အနီးကပ်တပည့် ဖြစ်နေတာအပြင် သူမ အလုပ်ဝင်ရာမှာ ကူပြောပေးထားသည့် ကျေးဇူးရှိတယ်ဆို ကာ ကိုကိုချစ်ကို တလေးတစား နေရာထားလှတာ။ တစ်ခါတလေ သူမ နေရာပေးပုံက သဒ္ဒါလွန်နေသလိုတောင် ထင်ရသည် ကိုယ်ကလည်း အထက်လူကြီး ဆရာသမားနေရာ ဖြစ်မယေ လူပျိုလူလွတ်ဆိုတော့ကာ အများအမြင်မှာ မသင့်တော်ဘူးထေ ကာယကံရှင်ကိုယ်တိုင်လည်း ဘာဘာညာညာ ထင်သွားလို့ ကောင်းဘူးပေါ့ (ဘယ်ကောင်းပါ့မလဲ။ မငြိမ်းချမ်းက လှမှလှ တာ။ လှတပတ ကောင်မလေးတစ်ယောက်ဆိုရင်တော့ ထင်ချင် ရာထင်ပါစေပေါ့။)

"ငါက အားနာလို့ပါ၊ ညည်းကျ ဘာနဲ့သွားစားမလဲ"

"ငြိမ်းက အစားနည်းပါတယ် ဆရာ၊ တာဝန်အရသာချ နေတာ သိပ်စားနိုင်တာ မဟုတ်ဘူး၊ အခုလက်ဖက်ထမင်း





စားလိုက်တော့ ဗိုက်ပြည့်သွားပြီ၊ ညနေစောင်းရောက်တဲ့ အထိတော့ ဘာမှထပ်စားနိုင်မှာ မဟုတ်တာ သေချာတယ်"

ဒီကောင်မလေး သူ အစားနည်းကြောင်း လာပြီး အမှတ်ယူနေတာများလား။ အစစအရာရာ စရိတ်စက တက်လှတဲ့ ဒီခေတ်ကြီးမှာ ယောကျ်ားလေးတွေဟာ အိမ်ထောင်ဖက်ရှာရာမှာ လှတာထက် အစားနည်းတဲ့၊ အသုံးအဖြုန်းနည်းတဲ့ မိန်းကလေး မျိုးကိုတောင် ပိုပြီးဦးစားပေး ရွေးချယ်နေသလိုလို သတင်းကြား ရသည်။ ဒီကောင်မလေးက သူ အစားနည်းတာကို အရည်အချင်း တစ်ရပ်အနေနဲ့များ သိုးသန့်သိစေချင်တာလား။ ဒါမှမဟုတ် သူမရဲ့ထမင်းဟင်းချက် လက်ရာကို ကြွားပြချင်တာလား။

သြော် ...။ ငါလည်း သံသယစိတ်တွေများပြီး ပေါက်ကရတွေ တွေးလွန်းအားကြီးနေပြီ ထင်ပါရဲ့။

"ညည်းဟင်းက ဘာဟင်းလဲ"

"ဝက်သားနဲ့ တညင်းသီးချက်ပြီး ချဉ်ပေါင်နဲ့မျှစ်ဟင်းရည် ငါးပိထောင်းပါ အစ်ကိုကြီး"

"တက်စာတွေချည်းပါလားဟ"

"စားကြည့်ပါ အစ်ကိုကြီးရဲ့၊ ဝက်သားက မအီပါဘူး ပြီးတော့ အစ်ကိုကြီးက တညင်းသီးလည်း ကြိုက်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တညင်းသီးကြိုက်မှန်း ညည်းက ဘယ်လိုလုပ်ပြီးသိသလဲ"

"တလောက ဦးကျော် အလှူမှာ အစ်ကိုကြီး တညင်းသီး သုံးလုံးတောင် တို့စားထားတာ တွေ့ဖူးလို့ပါ"

"ဟော"

ဒီကောင်မလေးတော့ ခက်နေပါပြီ။ လူကိုဒီလောက်တောင် လိုက်ကြည့်ထားသည်ဆိုတော့ သူမဟာ ရိုးမှရိုးရဲ့လား။ သံသယစိတ်က ပိုလို့ပင် ကြီးထွားလာရသည်။

ဒီတစ်ခါတော့ ကိုကိုချစ်ရဲ့သံသယကို မငြိမ်းချမ်းကလည်း ရိပ်မိသွားပုံနှင့် ...

"ဟိုလေ ... ငြိမ်း သတိထားမိတယ်ဆိုတာက ဒီလိုပါ။ ဝိုင်းထဲက တို့စရာ ပန်းကန်မှာ တညင်းသီးနဲ့ သရွားသီး တတွဲ ထည့်ထားတာ တညင်းသီးက ငါးလုံးပဲရှိတယ်။ နှစ် လုံးကတော့ ဘယ်သူတွေ စားသွားမှန်း မသိတော့ဘူး ကျန်တဲ့သုံးလုံးကို ငြိမ်းက ယူစားမယ်လုပ်လိုက်၊ အစ်ကိုကြီးက ယူသွားလိုက်၊ ငြိမ်းက ယူမယ်လုပ်လိုက်၊ အစ်ကိုကြီးက ယူသွားလိုက်ဆိုတော့ အဲဒါကြောင့် မှတ်မိနေတာ"





ကိုကိုချစ် နည်းနည်းရှက်သွားရသည်။ ဒါပေမဲ့လည်း သင်္ကာမကင်းစိတ်ကတော့ လျော့မသွားပါဘူး။ ငါတညင်းသီးကြိုက်တယ်ဆိုတာသိပြီး တညင်းသီးနဲ့ ဝက်သားချက်လာတဲ့နေ့မှာမှ ထမင်းအတင်းလာကျွေးနေတာဟာ မရိုးသားတာရော မဖြစ်နိုင်ဘူးလား။

"စားလိုက်ပါ အစ်ကိုကြီးရဲ့၊ အားမနာပါနဲ့၊ ငြိမ်းပြင်ပေးခဲ့မယ်နော်၊ အစ်ကိုကြီး အလုပ်လုပ်ရင်း ယူစားလို့ရအောင်"

မငြိမ်းချမ်းက သူမရဲ့သုံးဆင့်ချိုင့်လေးကိုဖြုတ်ပြီး တစ်ချိုင့်ချင်းချသည်။ နောက်မှ စိတ်ကူးပေါက်သွားကာ လိုအပ်လျှင် ယူသုံးနိုင်သည့် ပန်းကန်ခွက်ယောက် အကြွမ်းစားတွေတင်ထားသည့်စင်ပေါ်က မယ်လမင်းအညံ့စားပန်းကန်တစ်ချပ် သွားယူကာ ချိုင့်သေးသေးလေးထဲ သိပ်ထိုးထည့်လာသော ထမင်းတွေကို ပန်းကန်ထဲ ပြောင်းထည့်သည်။ ငါးပိထောင်းကို ပန်းကန်ထောင့်မှာ ပုံလျက်သားကလေးနှင့် ဇွန်းတစ်ချောင်းတပ်ကာ ပြန်ယူလာသည်။ သောက်ရေတစ်ခွက်၊ လက်သုတ်ဖို့ တစ်သျှူးစတာတွေ အားလုံး ဘေးမှာအဆင်သင့် ချပေးထားသည်။

ရုတ်တရက်တော့ ကိုကိုချစ် ရင်ထဲမှာ ညှတ်နူး ဆွတ်ပျံ့သွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်သက်မှာ တစ်စုံတစ်ယောက်ရဲ့ ကြင်ကြင်နာနာ ခူးခပ်ပြင်ဆင်ပေးသော ထမင်းပွဲကို မစားခဲ့ဖူးပါ။ အိမ်မှာနေခဲ့တုန်းကလည်း အမေက ထမင်းဟင်းကျက်ပြီဆိုတာနဲ့ မနက်စာ ညစာကို တစ်ဝက်စီခွဲ။ တစ်ဝက်ကို အိုးထဲထားခဲ့ပြီး ကျန်တစ်ဝက်ကို ပန်းကန်ထဲခပ်ထည့်ကာ စားပွဲပေါ်မှာ အုပ်ဆောင်းအုပ်ပြီး တင်ခဲ့လိုက်တာပင်။ ထမင်းကို မိသားစုလက်ဆုံစားဖြစ်သည့်အခါ ရှိသလို တစ်ဦးချင်းစီ စားတော့လည်း ကိုယ့်ကိုယ်တာကို တွက်ချက်ပြီး သင့်သလို ယူစားလိုက်တာပါပဲ။ ကိုယ့်အတွက်ရယ်လို့ ရည်ရွယ်ပြီး ခူးခပ်ပြင်ဆင်ပေးတာရယ်လို့ ရှိမရှိဖူးတာ။ (ထမင်းဆိုင်မှာ ထမင်းပွဲ ပြင်ပေးတာက လွဲရင်ပေါ့။)

မငြိမ်းချမ်းကကျတော့ ကိုယ့်ခင်ပွန်းသည်ကို အိမ်သူသက်ထား ဇနီးမယားတစ်ယောက်က ကြင်ကြင်နာနာ၊ စေတနာပါပါ လုပ်ကိုင်ပေးတာမျိုး။ စိတ်ကူးယဉ်ချင်စရာကောင်းသည့်အဖြစ်ပေပဲ။

အဲ ... မဟုတ်သေးဘူး။ စိတ်ကိုထိန်း၊ စိတ်ကိုထိန်း။ မငြိမ်းချမ်းရဲ့ မည်းကြွတ်ကြွတ် ရုပ်သွင်ကိုလည်း ကြည့်လိုက်ဦး။ ဒါတောင် ရန်ကုန်ရောက်တာကြာလို့ ရုပ်ကလေး နည်းနည်းထွက်လာတာ။ ဒီရုပ်မျိုးကို သူ ဘယ်လိုမှ ခံစားလို့မရတာလည်း အသေအချာ။





ကိုယ် စိတ်ဝင်စားလို့ မရသည့် မိန်းကလေးတစ်ယောက်အပေါ် စိတ်ကူးနဲ့ သာယာနေဖို့ မသင့်ပါဘူးလေ။

ဘာပဲပြောပြော မငြိမ်းချမ်းရဲ့ ဟင်းချက်လက်ရာကတော့ တော်တော်လေးကို ကောင်းတာ။

❤ ❦ ❤



www.burmeseclassic.com

www.burmeseclassic.com



"လူပျိုကြီး ... လူပျိုကြီး ... အဆောင်ရှေ့မှာ ခင်မျှားနဲ့ တွေ့ချင်လို့တဲ့၊ ဧည့်သည်ရောက်နေတယ်"

"ဟော့ကောင် ... ငါ ဒီမှာ ဖက်ကြောတက် ခေါင်းကိုက်ပြီး တင်းနေတယ်နော်၊ သူ့ရ ... ငါ့ကို လာမစနဲ့"

"အဟုတ်ပါဆို၊ အစ်မကြီးက ချောမှချောဗျာ၊ လူပျိုကြီးနဲ့ ဆိုရင်တော့ ဖစ်ဆိုက်ဒ်ပဲ"

"အပိုတွေ လာပြောမနေနဲ့၊ ငါ့ဆီကိုလာတာ မိန်းကလေး ဧည့်သည်ဆိုရင် ဖြစ်နိုင်ချေ ပိုဝေးသွားပြီ"

"တကယ်ပါဆို လူပျိုကြီးကို တမေးတည်းမေးနေတာ"

"ငါ သိပြီ၊ အစတ်လျှော်ကုလားမ ရှန်တီ မဟုတ်လား။ ငါ သူ့ကို လောင်ဒရီကြေး မပေးတာ နှစ်လလောက်ရှိနေလို့ လိုက်ရှာနေတာဖြစ်မှာ၊ မပေးနိုင်သေးဘူးကွာ၊ ထွက်မတွေ့ဘူး"



"အခုလာတာ ကုလားမလေး မဟုတ်ဘူးနော်၊ လူပျိုကြီး အသားလေးက ဖွေးဆွတ်ဖြူဥနေတာပဲ"

"ဒါဆို လမ်းထိပ်အခေါက်ကင်ဆိုင်က အဖောင့်မယားပဲ ဖြစ်မယ်၊ မနေ့ကအပြန် အခေါက်ကင်တစ်ပွဲ အကြွေးဝယ်လာတာကို လိုက်တောင်းတာဖြစ်မှာ၊ အဖောင်တို့ကတော့ အကြွေးဆို မနေဘူး၊ မိတ်ပျက်ခံပြီးတော့ကို လိုက်တောင်းတာပဲ၊ အမြင်ကတ်ထယ်ကွာ၊ မပေးသေးဘူး"

"တရုတ်မကြီးလည်း မဟုတ်ဘူးနော်၊ မာခ်တူးငွေရောင်ကြီးနဲ့၊ ရယ်ဒီမိတ်အင်္ကျီအကောင်းစားနဲ့၊ ဒေါက်ဖိနပ်လှလှကလေးနဲ့ ပုံစံကတော့ ကျွန်တော်တောင် သဘောကျသေး"

"မင်း အလကား ... ဟာ ... ဘာ ... ဘာ ... မာခ်တူး ငွေရောင်၊ ဟုတ်လား"

"ဟုတ်တယ်ဗျ"

"ဒါ ... ဒါဆို ခင်လပြည့်များ ဖြစ်နေမလား"

ကိုကိုချစ်က အခုမှ သတိရကာ ဝေါက်ခနဲထ,ပြီး ပြေးထွက်လာခဲ့တော့သည်။

အဆောင်ခြံဝင်းထိပ်မှာ ကန့်လန့်ဖြတ်ရပ်ထားသော မာခ်တူးကားကြီးဆီးမှာတော့ အလှမယ်လေး ကိုယ်ဟန်ပြသလို ကြော့ကြော့မော့မော့လေး ရပ်နေသည့် ခင်လပြည့်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လပြည့် ... ခင်လပြည့်ရယ် ... ကျွန်တော့်ဆီလိုက်လာတယ် ဟုတ်လား၊ ပင်ပန်းလိုက်တာကျွာ၊ ကုမ္ပဏီကိုလာတွေ့လည်း ရသားနဲ့ ဒီအထိ တကူးတက"

"တကူးတကတော့ မဟုတ်ပါဘူး၊ လမ်းကြုံပါတယ်၊ လပြည့်တို့စက်ရုံကိုသွားရင် ဒီရှေ့ကပဲ ဖြတ်ရတာ၊ ကုမ္ပဏီကို ဖုန်းဆက်လိုက်သေးတယ်၊ ကိုကိုချစ် ဒီနေ့ ခွင့်ယူတယ်ဆိုလို့"

"ဟုတ်တယ်၊ မနေ့က တညှင်းသီးရဖြော် မှုစ်ရယ်၊ ငါးပိထောင်းရယ်စားပြီး ဝက်ကြော်တွေ တက်နေလို့လေ"

"ဟုတ်လား ... နေမကောင်းဘူးလား၊ အားနာစရာတော့ ဖြစ်နေပါပြီ"

"အားမနာနဲ့ ... မနာနဲ့၊ ခင်လပြည့် လာတာ ကျွန်တော့်အတွက် ဆေးပဲ"

"ရှင် ဘာပြောလိုက်တာလဲ"

"ဪ ... ဒီလိုပါ၊ ခင်လပြည့်လာတော့ ကျွန်တော့်အတွက် သင့်တော်မယ့်ဆေးလေး ဘာလေး မေးကြည့်လို့ ရတယ်ပြောတာပါ၊ အဆောင်ကကောင်တွေက အလကားပဲ၊ ဆေးဆိုရင် ငန်းနီကျော်လောက်ပဲ သိကြတာ"





"ဆေးလား ... လပြည့်ကတော့ ခေါင်းကိုက်တာလောက်ဆို ဘိုင်အိုဂျက်ဆစ်ပဲ သောက်လိုက်တာပါပဲ၊ နေဦး၊ အိတ်ထဲတောင် ပါလာသေးလား မသိဘူး"

"ရတယ် ... ရတယ်၊ နာမည်သိရင် အဆောင်က တစ်ယောက်ယောက်ကို မှာလိုက်လို့ ရပါတယ်"

"မဟုတ်တာ မှာမနေပါနဲ့တော့၊ ဒီမှာပါလာသားပဲ၊ ယူထားလိုက်၊ နှစ်လုံးတော့ ဖောက်ပြီးသားဖြစ်နေပြီ၊ ရှစ်လုံးကျန်သေးတယ်၊ တစ်ခါသောက် တစ်လုံးပဲ အစာလေးစားပြီးမှသောက်နော်"

ကြည်နူးစရာ၊ ကြည်နူးစရာ။ ကိုကိုချစ်တို့ ကံဇာတာ နိမ့်လာဘ်ထ,ချင်တာများတော့ နေမကောင်းလို့ အဆောင်မှာခွေနေတာတောင် ကိုယ်တိုင်ကိုယ်ကျ ဆေးလာတိုက်မယ့်သူနဲ့ဘာနဲ့။

"ကိုကိုချစ် ဆေးကတ်ကြီးကိုင်ကြည့်ပြီး ဘယ်လိုဖြစ်နေတာလဲ၊ မသောက်ရဲလို့လား၊ ဒီဆေးက အဝင်မဆိုးပါဘူး ကိုကိုချစ်ရဲ့"

"မဟုတ်ပါဘူး၊ သောက် ... သောက်ရဲပါတယ်"

"ဒါဆို ခဏနေ သောက်လိုက်နော်၊ ဒါနဲ့ မေ့နေလို့၊ ကိုကိုချစ်ကို ဖိတ်စာလာပေးတာ၊ ဒီအပတ်ဆန်းဒေးမှာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မွေးနေ့ပွဲရှိလို့ မွေးနေ့ဆိုပေမယ့် ကလေးတွေလို အပျော်သဘောတော့ မဟုတ်ပါဘူး၊ လုပ်ငန်းဖက်တွေနဲ့ ပိုရင်းနှီးအောင်လို့ အကြောင်းရှာပြီး ပွဲလုပ်ပေးရတာမျိုး ပါ”

“အင်းပေါ့ ... အင်းပေါ့၊ ဟုတ်တာပေါ့”

“အဲဒါ ကိုကိုချစ် ဆက်ဆက်လာခဲ့ရမယ်နော်”

စိတ်ချ။ မလာမှာတော့ မပူနဲ့။ ယောက္ခမလောင်းကြီးရဲ့မွေးနေ့ပွဲကို မတက်ရောက်ဘူးဆိုရင် ကိုကိုချစ်လောက်မိုက်မဲတဲ့သူ ရှိပါတော့မလား။

ဒါဟာ ခင်လပြည့်တို့ အသိုင်းအဝိုင်းထဲ သူ တိုးဝင်ခွင့်ရဖို့ ပထမဆုံး ခြေလှမ်းပဲ။ မွေးနေ့ပွဲကို အစောဆုံးရောက်အောင် သွားရမည်။ နောက်အကျဆုံးမှ ပြန်မည်။ လိုအပ်သမျှကူညီလုပ်ကိုင်ပေးလိုက်ဦးမည်။

ဒါမှ ခင်လပြည့်တို့ အသိုင်းအဝိုင်းက လူတွေက ဒီကောင်လေး ဘာလဲ ညာလဲ စိတ်ဝင်စားလာကြမှာ၊ ဟိုထင် ဒီထင် အတွေးတွေနဲ့ အကဲခတ်ကြ၊ စပ်စုကြ လုပ်လာကြမှာ။

ဟာ ... ဟ။ တွေးရင်းနဲ့တောင် ကြက်သီးဖြန်းဖြန်းထ,သည်။ တချို့စပ်စုပြီး စကားများတတ်သည့် အမျိုးသမီးကြီး





တွေက နှုတ်မဆင်ခြင်ဘဲ ဒီကောင်လေးက ခင်လပြည့် သတို့သားလောင်းလေးလားလို့ မေးတာမျိုးလည်း ကြုံရနိုင်သည်။ တချို့ကတော့ ဒီကောင်လေး မဆိုးဘူး၊ ခင်လပြည့်နဲ့ လိုက်တယ်လို့ တိုက်တွန်းကြတာမျိုးလည်း ရှိနိုင်သည်။

အတွေးနဲ့တင် ကိုကိုချစ် မျက်နှာကြီးက ပြုံးဖြီးဖြီးကြီး ဖြစ်နေသည်။

အခုမှ ဗုဒ္ဓဟူးရှိသေးတာ။ တနင်္ဂနွေနေ့ကို အမြန်ဆုံးရောက်ချင်လှပါပြီကွာ။

ခင်လပြည့် ထွက်သွားတာ တော်တော်လေးကြာသည်အထိ ကိုကိုချစ်က အဆောင်ထဲ ပြန်မဝင်နိုင်သေးဘဲ တမျှော်မျှော်။ ဘာဖြစ်သေးလဲ။ ကိုယ့်ပတ်ဝန်းကျင်က ငနံ၊ ငမွဲ၊ ငစနူတွေဆိုရင် ဒီလိုမျှော်ခွင့်လေးတောင်မှ မရှိတဲ့ဟာ။ မျှော်ရတာတောင် ဂုဏ်ယူချင်စရာ ကောင်းလှပြီ။

“ဗျို့ ... လူပျိုကြီး၊ ဒီတစ်ခါ နောက်တစ်ယောက်ပါလား”

“အေးဗျာ ... ကိုယ်တို့လူပျိုကြီးကတော့ စွံမှစွံဟေ့၊ ဟိုဘက်လမ်းအဆောင်မှာ နေသွားတဲ့ တစ်ယောက်ရယ်၊ တလောက စန္ဒရနက်(စ်)နဲ့ လိုက်ပို့တဲ့ တစ်ယောက်ရယ် အခုလည်း မာ့ခ်တူးကြီးနဲ့”

www.burmeseclassic.com



"ကားကိုပဲ မကြည့်နဲ့လေ၊ လူက ကားထက်တောင်လန်းသေးတယ်၊ တစ်ကိုယ်လုံး ကြည့်ရက်စရာတောင် မရှိဘူး လှထားလိုက်တာ"

"ဟော့ကောင် သစ်မွှေး၊ မင်း ငါ့ကောင်မလေးကို ဘယ်လောက်တောင် ငမ်းကြောထလိုက်သလဲ ... ဟင်"

"ဟာ ... ဟုတ်သွားပြီလား၊ အဲဒီအမျိုးသမီးက လူပျိုကြီးရဲ့ သက်ဆိုင်သူအစစ် ဖြစ်သွားပြီလား"

"ငါ့ကောင်မလေးလို့ ပြောတာ မဟုတ်ပါဘူးကွာ၊ ငါ့ညီ့သည်လို့ ပြောတာပါ၊ ညီ့သည်ကို အားနာစရာကောင်းလို့ပါ"

"ငါတော့ အခုမှ အစက်တွေ့ပြီ သူ့ရေ"

"ဟေ ... ဘာဖြစ်လို့လဲ သစ်မွှေးရ"

"ငါတို့က ကိုကိုချစ်ကြီးကို တစ်သက်လုံး လူပျိုကြီး လူပျိုကြီးနဲ့ပဲ ခေါ်လာကြတာ မဟုတ်လား၊ မကြာခင် သူက မိန်းမရတော့မှာဆိုတော့ ဘယ်လိုဆက်ခေါ်ကြမလဲ"

"အေးကွ၊ လူပျိုကြီးလို့ ခေါ်ရမှလည်း ပါးစပ်ထဲ ခံတွင်းတွေ့တာ"

"မိန်းမနဲ့ လူပျိုကြီးလို့ ခေါ်ကြရင်ကော"





"အေး ... ကောင်းတယ်ကွာ"

အောင်မယ်လေး။ နှစ်ယောက်သား လူရွှင်တော်တွေလိုပဲ အတိုင်အဖောက်နဲ့ ပြောနေလိုက်ကြတာ။

ကိုကိုချစ်မှာတော့ သူတို့တွေ ပြောမှပဲ အကာယ်ဒမီရသည့် သရုပ်ဆောင်တွေ ပြောနေကျ "အကယ်ဒမီရမှ တာဝန်ပိုကြီးလာတယ်"ဆိုသည့် စကားလို ခင်လပြည့်နဲ့ အဆင်ပြေပြီး အိမ်ထောင်သည်ဘဝကို မြန်မြန်မကူးပြောင်းနိုင်မှာကိုပဲ အစိုးရိမ်ပိုနေရပြီ။

မဖြစ်ဘူး။ မြန်မြန်လှုပ်ရှားမှ။ လူငယ်ကျောင်းသားဘဝတုန်းကလို အဝေးက ကြည့်နေရုံနဲ့ ကျေနပ်ခဲ့ရသည့် အဖြစ်မျိုးနဲ့ အဆုံးသတ်မခံနိုင်တော့။

လူပျိုကြီးမှာလည်း သူ့သက်တမ်းနဲ့သူတော့ ရှိသည်။ လူပျိုကြီးသက်တမ်းကို "သံသရာဆွဲဆန့်လို့ ဘယ်လောက်ပင်ရှည်ရှည်"ဆိုတာမျိုး လွှတ်ထားလို့မရ။ သက်တမ်းအိတ်(စ်)ပိုင်ယာမဖြစ်ခင် စားသုံးသူလက်ထဲ အမြန်ရအောင်ပို့မှ။

လာမယ့်တနင်္ဂနွေပွဲကတော့ ကိုကိုချစ်ရဲ့ပွဲ ဖြစ်ရစေပေါ့ကွာ။

www.burmeseclassic.com



"အစ်ကိုကြီး ... ဘယ်လိုဖြစ်တာလဲ၊ နေမကောင်းဘူးလား

ဟင်"

ရုတ်တရက်ကြီး အသံထွက်လာတာမို့ ကိုကိုချစ်မှာ တဆတ်ဆတ်တုန်အောင်ပင် အလန့်တကြား ဖြစ်သွားရသည်။

"လန့်လိုက်တာဟာ၊ အသံမပေး ဘာမပေးနဲ့"

"ဘာလို့ ဒီလောက်လန့်ရတာလဲ၊ ငြိမ်းကဖြင့် ရှေ့မှာရပ်ကြည့်နေတာကြာပြီ၊ အစ်ကိုကြီး ငြိမ်းကို မြင်တယ်ထင်တာပေါ့"

မမြင်ဘူးပေါ့၊ မမြင်ဘူး။ ငြိမ်းကိုတင် မဟုတ်ဘူး ခုနေ ဘော့စ်တစ်ယောက်လုံး ရှေ့မှာလာရပ်နေရင်တောင် မြင်မှာမဟုတ်ဘူး။ ငါက ကိုယ့်အတွေးကမ္ဘာလေးထဲမှာပဲ ကိုယ်နစ်မြုပ်ပျော်ဝင်နေတာ။





ကိုကိုချစ်က စိတ်ထဲကနေ ပြောနေမိသည်။ အခုတလော သူ့အတွေးထဲမှာ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ် ဆိုသလို "ခင်လပြည့် စစ်ဆင်ရေး" တစ်ခုတည်းပဲ ခေါင်းထဲမှာ ရှိတော့သည်။

ကိုကိုချစ် စိတ်ထဲမှာ ခင်လပြည့်ဟာ သူ့ရဲ့ဖူးစာဖက် အစစ်အမှန်ပဲလို့ပဲ ထင်နေသည်။ ဟိုးအရင် မိန်းကလေးတွေနဲ့တုန်းက အဆင်မပြေ ဖြစ်ခဲ့ရတာတွေဟာ ဒီတစ်ယောက်နဲ့ ရေသက်ပန် ပေါင်းဖက်နိုင်ဖို့လို့ပဲ ယူဆသည်။

"အေးကွာ ... ငါ ခုတလော ခေါင်းကိုက်ဇက်ကြောတက်ဖြစ်နေတယ်၊ မင်း တညင်းသီး ဝက်သား၊ မျှစ်ချဉ်ပေါင် ငါးပိအတွဲကိုစားပြီးကတည်းကပဲ"

မငြိမ်းချမ်း မျက်နှာလေး ကွက်ခနဲ ပျက်သွားရှာသည်။ သူမကျွေးတာကိုစားပြီး နေမကောင်း ဖြစ်ရပါတယ်ဆိုတော့လည်း ခမျာလေး စိတ်မကောင်း ဖြစ်ရှာပေမပေါ့။

ကိုကိုချစ်က သနားစိတ်လေး နည်းနည်းဝင်သွားသည်။ လူက အတွေးတစ်ခုထည်းနဲ့ စိတ်ကလေးကြည်ပြီး ပျော်ချောင်းနူးညံ့နေချိန်မို့ သနားစိတ်လေးကလည်း အလွယ်တကူဝင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကသာ သူမအပေါ် ဟိန်းလားဟောက်လား၊ ဆူလား ပူလား လုပ်နေတာ။ သူ့ခမျာတော့ ကိုယ့်အပေါ် အနံ့ အတာခံကာ စေတနာလည်း ကောင်းရှာပေသား။ အလုပ်အကိုင်လေးလည်း လာဘ်မြင်လာကာ နဂိုကြီးစားလိုစိတ် အခံလေးနဲ့ဆိုတော့ တော်တော်လေး တိုးတက်လာပြီ။ ဆူစရာ ပူစရာတောင် သိပ်မလိုတော့။

သို့သော်လည်း ကိုကိုချစ်က သူမကိုဆို ဆူငေါက်မြဲ ပင်။ နိုပ်မြဲပင်။ ဒါဟာလည်း သူမဘက်ကများ ကိုယ့်ကိုစိတ်ဝင်စားနေမလားဆိုပြီး တမင်ဖိထားရတာ။

ကိုယ်များ သိပ်လွန်သွားပြီလားလို့ ပထမဆုံးအကြိမ် အဖြစ်တွေးမိသည်။ သနားစရာကောင်းတဲ့ ကလေးမခမျာ ကိုယ့်အပေါ် စေတနာမှ မပျက်ရှာတာ။

"မင်းဟာင်းတွေကြောင့်လည်း ဟုတ်ချင်မှတော့ ဟုတ်မှာပါ။ ခုတလော အလုပ်တွေများ၊ ကွန်ပျူတာတွေ စွတ်ကြည့်နဲ့ ဆိုတော့ မျက်စိအားနည်းလာလို့လည်း ဖြစ်ချင်ဖြစ်မှာပဲ"

"ငြိမ်း ဖက်ကြောဆွဲပေးရမလားဟင်"

"အာ ... မလုပ်နဲ့ ... မလုပ်နဲ့"





ဘေးလူမြင်လို့ ဘယ်သင့်တော်ပါ့မလဲ။ ဒီကောင်မလေးဟာ ဒီလောက်တောင် မသိတတ်လို့ မဟုတ်ဘဲ တမင်တကာကို ရဲတင်းလွန်းချင်နေတာများလား။ အို ... စေတနာလည်းဖြစ်ချင်ဖြစ်မှာပါ။

"ငြိမ်းမှာ နှာရှူဆေးရှိတယ်၊ အဲဒီအမှုန့်လေး နည်းနည်းလောက် နှာခေါင်းထဲ ထည့်ထားရင် လေးငါးကြိမ်လောက် နှာချေရော၊ ပြီးရင် ခေါင်းထဲပေါ့ပြီး ရှင်းသွားတာ၊ အမေကတော့ သူ ခေါင်းအုံဖက်ကြောတက် ဖြစ်ပြီဆို အဲဒီကတိုးနှာရှူဆေးကိုပဲ ရှူတတ်တာ၊ ယူမလားဟင်"

"နှာချေမယ်ဆိုတော့ လူကြားထဲ ဒုက္ခရောက်နေမှာပေါ့"

"လေးငါးခါ ဆက်တိုက်လောက်ကတော့ ကိစ္စမရှိပါဘူးလေ၊ ပြီးရင် ပြီးသွားတာပဲဟာ"

"အေး ... ဒါဆိုပေးကြည့်စမ်း၊ ငါ့ဖက်ကြောတွေကတော့ တော်တော်တက်နေတာ"

မငြိမ်းချမ်းက ချက်ချင်းပဲ ပြေးထွက်သွားကာ ပြန်ရောက်လာတော့ လက်သန်းတစ်လုံးစာ မရှိတရှိ ဖန်ပုလင်းလေးတစ်လုံး ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းရဲ့အဝမှာ ဆို့ပိတ်ထားသည့် ရာဘာတုံးလေးကို ဆွဲထုတ်လိုက်လျှင် နှာချေဆေးမှုန့်တွေက လက်ထဲကျလာသည်။

"ဟ ... ဟ ... များသွားပြီထင်တယ်၊ လုပ်ပါဦး"

"ရတယ် ... ရတယ်၊ လက်ညှိုးနဲ့ တစ်တို့လောက်တို့ပြီး နှာခေါင်းဝကို ပွတ်လိုက်၊ ကျန်တာတွေ လွှင့်ပစ်လိုက်ပေါ့"

မငြိမ်းချမ်း ညွှန်သည့်အတိုင်းပဲ ကိုကိုချစ်က နှာချေဆေးတစ်တို့ကို နှာခေါင်းဝမှာပွတ်ကာ ကျန်တာတွေကို အမှိုက်ပုံးထဲ ခါချလိုက်ပါသည်။

"ဟ ... ဟ ... ဟတ်ချိုး ... ဟတ် ... ဟတ်ချိုး"

ဆေးထဲမှာတော့ တန်ခိုးပြတာ အမြန်ဆုံးဆေးပါပဲ။ ချက်ချင်းဆိုသလို နှာတွေ တစ္စပ်စွပ် ချေတော့သည်။

မငြိမ်းချမ်းက လေး,ငါးကြိမ်လို့ ပြောထားပေမယ့် ကိုကိုချစ် နှာချေတာက အကြိမ်လေးဆယ်လောက်ရှိပြီ။ ဒါတောင် ရပ်မယ့်ပုံ မရှိသေး။

"နင့် ... နင့်ဆေးမှုန့်က နှာ ... နှာချေလို့ မပြီး ... ဟတ်ချိုး"





သေပါပြီ။ လူဆိုတာ ချက်ချင်း ခေါင်းသေးသွားပြီး နှာခေါင်းကြီး မွတက်လာသလို ခံစားရသည်။ ဆောင့်ဆောင့် ပြီး နှာချေရလွန်းလို့ ရင်ဘတ်တွေရော ဗိုက်တွေရော အောင့် တောင် အောင့်နေပြီ။

"မပြီးသေးဘူးလားဟ၊ ငါ သေတော့မယ်၊ ရင်ဘတ်ထဲလည်း အောင့်လိုက်တာ ... ရှီး ... ဟတ်ချိုး"

"အစ်ကိုကြီးကလည်း ရင်ဘတ်အောင့်နေတာတောင် စကားက ပြောနိုင်သေးတယ်၊ စကားမပြောနဲ့လေ၊ ခဏနေ ကောင်းသွားမှာပေါ့"

ခဏနေရင် ကောင်းမှာလား၊ သေသွားမှာလားလို့တောင် မပြောနိုင်။ အသက်ကောင်းကောင်းရှူချိန်မရဘဲ ဆက်တိုက်ကြီး နှာချေနေရတာ အသက်ရှူပင် မဝသလို ဖြစ်လာပြီ။ နှာရည်တွေကလည်း တုပ်တုပ်ကျ။

ကိုကိုချစ်တို့ ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ။ မငြိမ်းချမ်း ခမျာလည်း ရေပဲပြေးခပ်ရတော့လို၊ ကျောပဲပြေးဖိပေးရမလို၊ ယပ်ပဲခတ်ပေးရမလိုနဲ့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာ ရုံးခန်းတံခါး ဖွင့်လာပြီး ...

"ကိုကိုချစ်ရေ ... အရေးကြီးတဲ့ အကူအညီတစ်ခု တောင်းစရာရှိလို့"

သေပြီဟ။

အတွေ့ချင်ဆုံး လဝန်းမျက်နှာကို တွေ့နေရတာ တောင် သေပါပြီလို့ စိတ်ထဲမှာ ရွတ်မိတဲ့အထိ။ ဟုတ်တယ်လေ။ ကိုယ်မျှော်လင့်နေသူက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မယ်ရောက် လာတော့လည်း ရုပ်ပျက်ဆင်းပျက်၊ သေလုမျောပါး ဖြစ်နေချိန်ကြီး။

"အုံ"

နှာခေါင်းဝကို လိပ်တက်လာသည့် နှာချေချင်စိတ်ကို ကိုကိုချစ်က အခုနနေအောင် မျိုချပစ်လိုက်ရသည်။ မဖြစ်ဘူး။ ခင်လပြည့်ရှေ့မှာ ရုပ်ပျက်ဆင်းပျက်တွေ မဖြစ်စေသင့်ဘူး။ အောင့်အည်းသည်းခံနေမှပဲ ဖြစ်မှာပါ။

"ကိုကိုချစ်ရယ် ... လပြည့်တို့ကလေ သိလား၊ အော်ဒါတွေ အများကြီး ထပ်ရလာတာ၊ နယ်ပို့ရမှာတွေရော ရန်ကုန်ဖြန့်ရမှာတွေရော၊ ကိုယ့်အချိန်ရောက်နေတော့လေ၊ အဲဒါ ကုန်ကြမ်းလည်း ထပ်လိုနေလို့၊ ကိုကိုချစ်တို့ကုမ္ပဏီကပဲ



ထပ်ရောင်းပေးနိုင်ဦးမလား၊ ဒါမှမဟုတ် မှာပေးလို့ရမလား၊ အမြန်ဆုံး လိုချင်လို့ပါ"

"အုံ ... အုံ"

ကိုကိုချစ်မှာ ပါးစပ်ကိုမဖွင့်နိုင်။ ပါးစပ်ကြီးအတင်းပိတ်ကာ တအုံအုံပဲ အသံထွက်နိုင်သည်။

အမှန်တော့ သူ့မှာ ပြန်ပြောစရာတွေက အများကြီး။ ခင်လပြည့် လိုချင်သည့် ဓာတုပစ္စည်းဆိုတာက သူ့လုပ်ပိုင်ခွင့်ထဲမှာမဟုတ်။ သက်အောင်ထင်ကို မေးရဦးမှာ။ ပထမတစ်ခေါက်တုန်းကတော့ သူတို့ကုမ္ပဏီမှာ ပစ္စည်းရောက်ကာစမို့ ရှိမှန်းသေသေချာချာ သိထားလို့။ ဒီတစ်ခါကျတော့ ပစ္စည်းက ရှိမရှိမသေချာ။ တကယ်ဆို သက်အောင်ထင်နဲ့ စကားပြောဆိုဖို့က လိုကိုလိုအပ်တာ။

ကိုကိုချစ်ကလည်း သက်အောင်ထင်နဲ့ တိုက်ရိုက်ကို တွေ့မပေးချင်။ ပထမတစ်ခေါက်တုန်းက ရုတ်တရက်ကြီးဆိုတော့ ဘာမှမစဉ်းစားဘဲ တွေ့ပေးလိုက်မိပေမယ့် သေသေချာချာပြန်တွေးကြည့်လိုက်လျှင် မိန်းမကိစ္စနဲ့ပတ်သက်လို့ ခြေသွက်လက်သွက်၊ နှုတ်သွက်အာသွက်ရှိလှသော သက်အောင်ထင်ကို လူမိုက်ဟာ စိတ်မချစရာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ခင်လပြည့်တို့ရဲ့ အခက်အခဲမှာ ကိုယ်တစ်ယောက်သာ သီးသန့်တစ်ဦးချင်း ကယ်တင်ရှင် ဖြစ်ချင်သည်။ ဟိုလူဒီလူတွေကို ကျေးဇူးရှယ်ယာခွဲမပေးချင်။

"ရမယ် ... ဟုတ်လား၊ အမြန်ဆုံး ရချင်တာနော်၊ ဘယ်နေ့ လာယူရမလဲ"

"ဟို ... မရသေး ... အု ..."

ပါးစပ်က မသဲမကွဲ စကားသံတစ်ခု ထွက်လာပြီးနောက် နှာချေချင်စိတ်က ပြန်ပြီးလုံးဆောင့်လာတာမို့ လူက အုခနဲ အသံထွက်ကာ ပါးစပ်ပိတ်သွားရပြန်သည်။

"မနက်ဖြန် ... ဟုတ်လား၊ ဟယ် ... ဒီလောက်တောင်မြန်တာလား၊ လက်ထဲအဆင်သင့်ရှိနေလို့လားဟင်၊ လပြည့်က ဟိုတစ်ခေါက်ကလို ကိုသက်အောင်ထင်ဆီကိုများ အကူအညီ တောင်းရဦးမှာလားလို့"

"အာ ... မလို ... မတောင်း ... အု"

"ကောင်းရော ကောင်းပါ့မလား၊ ကိုကိုချစ် ပြောတော့ အဲဒါက သူကိုင်တဲ့ပစ္စည်းတွေဆို၊ ကိုယ်က သူ့ကိုမပြောဘဲ သွားယူရင် ဘောင်ကျော်ရာ ရောက်မနေဘူးလား၊ လပြည့်က ကိုကိုချစ်အတွက် ပြောတာပါ၊ တော်ကြာ ဟိုဘက်က



တိုင်လား တောလား လုပ်နေရင် ကိုကိုချစ် အလုပ်မှာ ထိခိုက်နေမှာစိုးလို့"

အောင်မယ်လေးလေး။ ကြည့်နူးလိုက်တာ ကြည်နူးလိုက်တာ။ ခင်လပြည့်က ကိုကိုချစ်ကို စိုးရိမ်စိတ်ပူသတဲ့။ ကိုကိုချစ် အလုပ်မှာ အဆင်မပြေမှာကို တွေးပူပေးတတ်သတဲ့။

ဒါတွေပေါ့။ အချစ်ဆိုတာ။ စိုးရိမ်စိတ်ကစတဲ့ အချစ်ဆိုတာ ဘယ်လောက်ထိအောင် နက်ရှိုင်းသလဲ၊ ဘယ်လောက်ထိအောင် လေးနက်နိုင်မှာသလဲ။ ဒါဟာ ခုခေတ် ခုကြိုက် ခုလိုက် ကောင်လေး ကောင်မလေးတွေရဲ့ ပေါ့တီးပေါ့ဆ စိတ်ကစားမှုနဲ့ မှတာခြားစီ။

အရေးထဲ ကြည်နူးချင်တာတောင် လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး ကြည်နူးခွင့်မရ။ နှာခေါင်းဝအထိ လိပ်ကာလိပ်ကာ တက်လာသည့် နှာချေချင်စိတ်ကို ကြိတ်မှိတ်မျိုချနေရတာနဲ့တင် လူက မအီမလည်၊ ငိုရယ် ငိုရယ်ကြီး ဖြစ်ချင်နေသည်။

ပါးစပ်ကို တင်းတင်းစေ့ထားရတာ ပါးကြီးဖောင်းတက်ပြီး နှာခေါင်းကြီးလည်း ပွနေပါပြီ။ မျက်တောင့်တွေ နီရဲတာ မျက်ရည်တွေပင် ကျလာရပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ်ရင်လည်း ဒီလိုလုပ်လေ၊ ကိုကိုချစ် မိတ်ဆက်ပေးထားလို့ ကိုသက်အောင်ထင်နဲ့လည်း ရင်းနှီးနေပြီပဲ၊ လပြည့်ကိုယ်တိုင်ပဲ သွားတွေ့လိုက်ရမလား၊ ကိုကိုချစ်ကြည့်ရတာ အလုပ်ရှုပ်နေပုံပဲ၊ စကားတောင် သိပ်မပြောနိုင်ဘူး"

"ဟာ ... မဖြစ် ... မသွား ... မသွားနဲ့ ... ဟတ်ချိုး"

ခင်လပြည့် တစ်ယောက်တည်း သက်အောင်ထင်ကို သွားတွေ့တာမျိုးတော့ ဘယ်လိုမှ အဖြစ်မခံနိုင်တာမို့ အလန့်တကြားနဲ့ ကိုယ့်အခြေအနေ ကိုယ်သတိမထားမိနိုင်တော့ဘဲ တားပစ်လိုက်မိတာ။ အချိန်ကြာမြင့်စွာ ထိန်းချုပ်အောင့်အည်းထားရသည့် ဝမ်းခေါင်းထဲက နှာလေထု အစုစုဟာ ပါးစပ်လည်း ဖွင့်လိုက်ရော လွတ်လပ်ရေး ရပြီဆိုသည့် သဘောနဲ့ အလုအယက် နန်ထွက်ကြတော့တာပင်။

ကိုကိုချစ်ရဲ့ နှာချေသံဟာ ဟတ်ချိုးလို့ အကြမ်းဖျင်းမြည်သံစွဲအလက်ာသုံးပြီး ဖော်ပြလိုက်ရတာ။ တကယ်တမ်းတော့ လေအပြည့်တင်းနေသည့် ဘောလုံးကြီးကို ထင်းခုတ်ဓားမနဲ့ ခနဲ ထက်ပိုင်း,ပိုင်းချလိုက်လို့ ထွက်လာသည့် အသံလိုမျိုး ခွမ်ခနဲကို မြည်သွားတာဖြစ်သည်။



အသံတင်လားဆိုတော့ မဟုတ်သေး။ ပါးစပ်ထဲမှာ လေနဲ့အတူ စုဝေးနေသော တံတွေးတွေ၊ အမြှုပ်တွေကလည်း ရေပန်းကြီး ဖွင့်ချလိုက်သလို ရှေ့ကိုအရှိန်နဲ့ ...

"အား"

ခင်လပြည့်ထံမှ အထိတ်တလန့် အော်သံကြီးတစ်ခုကိုယ့်ရှေ့စားပွဲပေါ်က နာဂစ်မုန်တိုင်း တိုက်ခံလိုက်ရသလို လွင့်စင်ထွက်သွားသည့် စက္ကူတွေ၊ လဲပြိုသွားသည့် ဘောလ်ပင်ထည့်ခွက်တွေ အားလုံး ငြိမ်သက်သွားချိန်မှာ ခင်လပြည့်ကို ကြည့်လိုက်တော့ မျက်နှာတစ်ခုလုံး တံတွေးတွေ၊ အမြှုပ်ပူစီဖောင်းတွေ ချွဲကျိကျိအရည်တွေနဲ့ ပြည့်နေတာကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး … အစ်ကိုကြီး၊ ဘာဖြစ်တာလဲဟင်၊ မုံးပေါက်
တာလား"

ခင်လပြည့်က ဘောစင်ဆီပြေးကာ မျက်နှာသစ်ရို့ ပြင်နေချိန်မှာ မငြိမ်းချမ်း ဦးဆောင်သော ဝန်ထမ်းအုပ်စုက ကိုကိုချစ် အခန်းထဲ ပြေးဝင်လာလေသည်။

ကိုကိုချစ် အခန်းထဲ ပလူပျံ ပွစာကြဲနေသော စက္ကူတွေ၊ ဘောလ်ပဲန်တွေ စတာတွေကို တအံ့တဩ ဝိုင်းကြည့်ကာ တစ်ယောက်တစ်ခွန်း ထင်မြင်ချက် ပေးနေကြစဉ်မှာ ကိုကိုချစ်ကတော့ လက်ကျန်ဝဋ်ကြွေးကို ဆပ်နေရသလိုမျိုး နှာတခြိမ်းခြိမ်း ချေနေရသေးလေသည်။

"ဘယ်လိုဖြစ်တာလဲ၊ တစ်ခန်းလုံးလည်းပွလို့၊ ဟိုအစ်မက
ဘာဖြစ်တာလဲဟင်"



ခင်လပြည့် ခမျာတော့ ဘယ်သူ့ကိုမှ ပြန်ပြီးစကား မပြောနိုင်ပါ။ အင်္ကျီရင်ဘတ်တွေ ရေစိုရွှဲကုန်သည်အထိ သူမရဲ့ မျက်နှာနဲ့ လည်ပင်းတွေကို ရေနဲ့အထပ်ထပ် ပွတ်သပ်ဆေးကြောကာ ဆပ်ပြာလည်း အထပ်ထပ်တိုက်လို့မဆုံး။

"အစ်မ … အစ်မ … ဘယ်ထိသွားသေးလဲ၊ သွေးထွက်
သွားတာလားဟင်"

"ဟဲ့ … ဘာဖြစ်လို့ သွေးထွက်ရမှာလဲ"

"မသိဘူးလေ၊ တစ်ခန်းလုံးလည်း ပွစာကြဲပြီး အစ်မက
ဘောစင်မှာ ရေတွေအသည်းအသန် ဆေးနေတော့ …"

"ရေဆေးနေတာက မျက်နှာကို တံတွေးတွေ ချွဲတွေပေကုန်
လို့ဟဲ့၊ သွားပါပြီ၊ ငါ့အင်္ကျီတော့ ပစ်ရပြီထင်တယ်၊
အင်္ကျီရင်ဘတ်တစ်ခုလုံးလည်း ပေကျံရွှဲနစ်နေတာပဲ"

"မျက်နှာကို တံတွေးပေတယ် … ဟုတ်လား။ ဒါဖြင့်
အစ်ကိုကြီးက အစ်မကို တံတွေးငုံပြီး ထွေးပစ်လိုက်တာ
လား၊ ဟုတ်လား၊ အစ်ကိုကြီးတစ်ယောက်ကတော့လေ
ကိုယ့်ဆီလာတဲ့ ကပ်စတမ်မာကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း
ဆက်ဆံစရာလား၊ ကိုယ့်အထက်လူကြီး ဖြစ်ပေမယ့်လည်း
ဒီလိုတရားလက်လွတ် ပြုမူတာမျိုးတော့ ငြိမ်းတို့က ကြည့်
မနေနိုင်ဘူး၊ ဘော့စ်ကို တက်တိုင်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

"အဲ့ား"

အခုမှ နှာချေလို့ ဝသွားပြီမို့ ပတ်ဝန်းကျင်ကို စိုက်နိုင်ပေတော့သော ကိုကိုချစ်က မငြိမ်းချမ်းရဲ့စကားတွေ ကြားလျှင် ဒေါသထွက်လာကာ မငြိမ်းချမ်းအနားသွားပြီး ခေါင်းကို ဒေါက်ခနဲနေအောင် ခေါက်ချပစ်လိုက်တော့သည်။

"အစ်ကိုကြီးကလည်း၊ ငြိမ်းကို ဘာဖြစ်လို့ ခေါင်းခေါက်ရတာလဲ၊ တအားကုန်ကို ခေါက်တာပဲ၊ မီးတောင်ပွင့်သွားလား ထင်ရတယ်"

"ခေါက်တယ်၊ မီးပွင့်ရုံတင် မကဘူး၊ နင့်ရဲ့အထဲမှာ အဆန်မပါတဲ့ ခေါင်းကြီးကို ထက်ခြမ်းကွဲသွားအောင် ပစ်လိုက်ချင်တာ"

"ဘာလို့လဲလို့၊ ငြိမ်း ဘာမှားလို့လဲ"

"ငါက ခင်လပြည့်ကို တံတွေးနဲ့ ထွေးပါ့မလားဟ"

"ဒါဖြင့် အစ်မမျက်နှာမှာ တံတွေးတွေ စဉ်သွားတယ်တာက ..."

"နင့်ကြောင့်ဟဲ့၊ အဲဒါ နင့်ကြောင့်"





"အစ်ကိုကြီး မှားပြီနော်၊ ငြိမ်းက အခုမှ ဒီအခန်းထဲကို ဝင်လာတာ၊ အစ်မမျက်နှာကို တံတွေးနဲ့ထွေးဖို့ နေနေသာသာ အစ်မ အခန်းထဲ ရှိမှန်းတောင် သိတာမဟုတ်ဘူး၊ အစ်ကိုကြီး လုပ်တာပဲ ဖြစ်ရမယ်"

"အေး ... သူ့မျက်နှာကို တံတွေးစဉ်အောင် လုပ်လိုက်မိတာ ငါဆိုတာ မှန်တယ်၊ ငါ နှာချေလိုက်လို့ ဖြစ်သွားတာ၊ ဒီတော့ ငါ့ကို နှာချေအောင်လုပ်တဲ့ နင့်မှာအပြစ်အကြီးဆုံးရှိတယ်၊ နင်ပဲ အဓိကတရားခံ"

"ကဲ ... ကဲ ... တော်ပါတော့၊ ဘယ်သူ့ကိုမှလဲ လွှဲချမနေပါနဲ့တော့၊ ကိုကိုချစ်ကြောင့်ပဲဖြစ်ဖြစ်၊ လပြည့် ဘယ်သူ့ကိုမှ အပြစ်မပြောတော့ဘူး၊ ပြန်ပဲပြန်တော့မယ်၊ လပြည့်ပြောတဲ့ကိစ္စလေးသာ အဆင်ပြေအောင် လုပ်ထားပေးပါ"

ခင်လပြည့်က ဂျုန်း ဂျိန်းနဲ့ ပြန်ထွက်သွားလျှင် ကိုကိုချစ်ကတော့ မငြိမ်းချမ်းကိုသာ မျက်ထောင့်နီကြီးနဲ့ ကြည့်လိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးမှာဝတ်ထားသည့် ပိုးပုဆိုးက ချောကျိကျိနဲ့

ခြေတစ်လှမ်းစီကို တရားမှတ်သလို သတိနဲ့ တစ်လှမ်းချင်းလျှော

နေရသည်။

ဒီပုဆိုးကြီးက ကိုကိုချစ်ရဲ့ပုဆိုး မဟုတ်။ သားကြီး

သူက ရန်ကုန်မှာ အလုပ်သွားလုပ်မည် ဆိုကတည်းက ပွဲလမ်း

သဘင် ကြီးကြီးကျယ်ကျယ်တွေတက်ဖို့ ရှိလာလိမ့်မည်၊ ထိုအခါမှ

ဝတ်သွားနိုင်ဖို့ဆိုပြီး အဖေက ထည့်ပေးလိုက်တာ။

ကိုကိုချစ်ကတော့ ပွဲတက်စရာရှိလျှင် ဆောင်းဘီ

ဝတ်တက်တာမို့ ဒီပုဆိုးကြီးကို တစ်ခါမှ မဝတ်ဖူးပါ။

ဒီတနေ့ပွဲကတော့ လူကြီးသူမတစ်ယောက်ရဲ့ မွေး

နေ့ပွဲမို့ ဆောင်းဘီကြီးတကားကားနဲ့ သွားဖို့ထက် ပုဆိုးဝတ်သွား

တာက ပိုအဆင်ပြေမည်လို့ ကိုကိုချစ်က သတ်မှတ်မိသည်။





လည်ကတုံးအဖြူနဲ့ နံ့သာရောင်တိုက်ပုံကတော့

ကိုကိုချစ် ဘွဲ့ယူကတည်းကဝတ်သည့် ဝတ်စုံ။ ဗိုက်ကလေးထွက်

လာပြီမို့ အင်္ကျီကြယ်သီးနေရာတွေက အကွင်းအကွင်းဟ,ကာ

တိုက်ပုံက ဗိုက်ရှေ့မှာ ဆွဲစေ့ထားလို့ မရတော့လောက်အောင်

ဆားကားနေတာကလွဲလျှင် ဝတ်လို့မဆိုးသေး။

ပုဆိုးကျတော့ ခက်သည်။ ဖေဖေ့ရဲ့ရာနှုန်းပြည့်ပိုး

အစစ် ကြေးနီရောင်ဟာ ဝတ်ရတာ အတော့်ကိုခက်ခဲသည်။

လိုအပ်လျှင်ပတ်ဖို့ ခါးပတ်အဆင်သင့် ထည့်ပေးလိုက်တာ ရှိသော်

လည်း ခါးပတ်ကြီး ပတ်သွားလျှင် အဘိုးကြီးနဲ့ တူနေမှာစိုးတာ

မို့ ကိုကိုချစ်က ပတ်မလာခဲ့။ လမ်းလျှောက်သည့်အခါကျတော့

ဒုက္ခတွေ့ပြီ။ သူ့မှာက အငှားကားနဲ့လာရတာဆိုတော့ အိမ်ရှေ့

ဆင်ဝင်အောက်တည့်တည့်ကြီး ကားရပ်နိုင်းလို့မရ။ ခြံထိပ်လောက်

က ကားရပ်ပြီး ဆင်းလာရသည့်အခါ အတော်ဝေးသောအိမ်အထိ

ရောက်အောင် ဘုန်းကြီးဆွမ်းခံကြွသလိုမျိုး တစ်လှမ်းချင်းလှမ်း

သွားရလေသည်။

“ဟ”

ကိုယ့်ဘာသာ မနည်းလျှောက်နေရချိန်မှာ ကားလမ်း

ခင်းက ဘေးကနေ ပွတ်ဖြတ်သွားတာမို့ ဘေးကိုတိမ်းဖယ်သွား

www.burmeseclassic.com

www.burmeseclassic.com



နေသာသည်။ လူကိုယ်ကို ဟန်ချက်မပျက်အောင် ထိန်းလိုက်နိုင်ပေမယ့် ပုဆိုးဟန်ချက်ပျက်သွားတာက ထိန်းဖို့တော်တော်လေးမလွယ်။ ရွှတ်ခနဲ လျှောကျသွားသည့် ခါးပုံစကို လမ်းတစ်ဝက်မှာ ဖမ်းမိဖို့ရာပင် မနည်းကြိုးစားရသည်။

တော်သေးတာပေါ့။ ခါးအောက်ရောက်စလောက်မှာ ပုဆိုးစကို ဖမ်းမိပေလို့။

ပုဆိုးစ ဖမ်းမိတာတောင် သိပ်မလွယ်ပြန်ချေ။ အိမ်ကမထွက်ခင် နာရီဝက်လောက်ကြာအောင် ဝတ်လိုက်၊ ပြန်ဖြန့်လိုက်၊ ပြန်ဝတ်လိုက်၊ အောက်နားတွေ ပြန်ညှိလိုက်နဲ့ အလုပ်ရှုပ်နေခဲ့ရသော ဒီပုဆိုးဟာ အခုချက်ချင်းလက်ငင်း၊ တစ်မိနစ်၊ နှစ်မိနစ်အကွင်းပြီးအောင် ဝတ်ဖို့ဖြစ်လာသည့်အခါ ဘယ်လိုမှ မလွယ်ကူတော့ချေ။

နိုင်ဖို့သာ အဓိကထားလျက် ခပ်မြန်မြန်ဝတ်ချလိုက်တော့ ပုဆိုးခါးပုံစကြီးက ဥသျှစ်သီးတစ်လုံးစာလောက် ဖောင်းကားကြီးထွားကာ အောက်နားကျတော့စုပြီး အပေါ်ကို ထိုးတက်သွားသည့်ပုံစံ ဖြစ်သွားတော့သည်။

လမ်းလျှောက်ရတာလည်း ခါးပုံစချောက်ကျိကျိအပြင် အောက်နားက တုပ်နေသည့် ဒုက္ခတစ်ခုပါ ပိုလာရသေးသည်။



"သေသာ သေလိုက်ချင်တော့တာပါပဲကွာ"

"ဟောလူ … ခင်ဗျား ဘာပြောတာလဲဗျ"

ရုတ်တရက် ချုံပင်နောက်ကွယ်က ခပ်ဆတ်ဆတ်ထွက်လာသည့် အသံတစ်သံကြောင့် ကိုကိုချစ်က အလန့်တကြားဖြစ်သွားရသည်။

"ဘာလဲဗျ၊ ခင်ဗျားက ကျုပ်အဒေါ်ကို သေသာသေလိုက်ဖို့ ကောင်းပြီဆိုတော့ ဒီအရွယ်ကြီးကျမှ မွေးနေ့လုပ်တာကို လှောင်တဲ့သဘောပေါ့၊ ဟုတ်လား။ ခင်ဗျားဗျာ … ဒီလောက်တောင် အမြင်မကြည်လင်ရင်လည်း ဒီပွဲကိုမလာနဲ့ပေါ့၊ အကျိုးအမြတ်တွက်ပြီး ဟန်ပြတော့လာတယ်၊ ပြီးကျတော့မှ အမနာပ ပြောတယ် ဆိုတာမျိုးကတော့ တရားလွန်လွန်းတယ်"

သေပြီဟ။ ဘယ်လို နားပင်း၊ နားထိုင်း၊ ကိုယ်လိုရာဆွဲတွေးတတ်သည့် တစ်ဖွတ်ထိုး၊ တဖောက်ကန်းကောင်နဲ့တွေ့နေသလဲ မပြောတတ်ပါဘူး။ ကိုယ့်ဘာသာ ပုဆိုးကိစ္စ စိတ်ညစ်ရသည့်ကြားထဲ သင်းကတစ်မျောင့်။

"ခင်ဗျား နားပင်းကိုးကားနဲ့ လျှောက်စွပ်စွဲမနေနဲ့လေ၊ ကျုပ်က အဲဒီလိုပြောတာ မဟုတ်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်ရမှာလဲ၊ ခင်ဗျားပြောနေတာ ကျုပ်အကြားသား ကြီးပဲဟာ၊ ခင်ဗျားပြောတာ မဟုတ်ဘူးလို့တော့ မငြင်းနဲ့နော်၊ ဒီနားမှာ ခင်ဗျားတစ်ယောက်တည်းရှိတာ"

"ဘာလဲဗျ၊ ကျုပ်ပြောတာက ကိုယ့်အမိဗ္ဗာယ်နဲ့ကိုယ်"

"လုံးဝမဟုတ်နိုင်ဘူး၊ ခင်ဗျားက အန်တီမြင့်ကို ကိုယ့်အသက်နဲ့မလိုက် ကဲချင်သေးတယ်ဆိုတဲ့ သဘောပဲပြောတာ"

ဒုက္ခနဲ့ လုလုနဲ့ ထိပ်တိုက်ကို တွေ့နေတော့တာပါလား။ ကိုယ့်ကို အသားလွတ် လာစွပ်စွဲနေသူက မွေးနေ့ရှင် ဒေါ်ခင်လေးမြင့်ရဲ့တူ ဆိုတော့ ကိုယ်က တအားကြီး ရန်လုပ်ပစ်လို့လည်း မရ။ ကောင်းကောင်းမွန်မွန် ဖြေရှင်းလို့ကလည်းမရ။ ပုံစံကြည့်ရတာ သူသိတာ သူ့စိတ်ထဲ ထားမှာမျိုး မဟုတ်ဘဲ သွားကိုတိုင်မည့်ပုံစံမျိုး။

"ဒီမှာ ကိုယ့်လူရာ ခင်ဗျားကလည်း၊ ကျွန်တော်က အန်တီမြင့်ကို ဒီလောက်လေးစားတာ၊ ဒါမျိုးပြောပါ့မလား။ အန်တီမြင့်လို အမျိုးသမီးဟာ အသက်ကြီးလေ တန်ဖိုးကြီးလာလေဆိုတာ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ ပြီးတော့ ဒီမွေးနေ့ဆိုတာကလည်း ပွဲလမ်းလုပ်ချင်တာထက်





မိတ်ဆွေသင်္ဂဟတွေကို ဆုံစေချင်တဲ့ စေတနာဆိုတာ သဘောပေါက်ပြီးသား"

ဟိုလူ တစ်ချက်တော့ ငိုင်သွားသည်။ ကိုကိုချစ်က ငါ့ဒိုင်တွေတော့ အရမ်းဟုတ်သွားပြီဟာဟု ဝမ်းသာအားရတက်နေဆဲ။

"ခင်ဗျား ယောက်ျားတန်မယ့် ပလီသီးချောက်ချက် တယ်ပြောတတ်တာပဲ၊ ဒီလောက် ပလီပလာ ပြောနေတယ်ဆိုကတည်းက ခင်ဗျား မမှန်ကန်ဘူးဆိုတာ ထင်ရှားနေပြီ၊ ဒီတော့ ကျွန်တော်ကလည်း အမှန်တရားဘက်က ရပ်တည်တဲ့အနေနဲ့ ခင်ဗျားရဲ့အကြောင်းကို လူရှေ့မှာ ဖွင့်ချရမှာပဲ"

ဒီလောက်တောင် ဖြစ်လှတာ ...

"ကဲကွာ ... ပြောချင်လည်းပြော၊ ငါဂရုမစိုက်ဘူး"

ကိုကိုချစ်က ဆက်ပဲ ထွက်လာလိုက်တော့သည်။ ဒီကောင်နဲ့ ပြိုင်ပြောနေလို့ကတော့ မိုးပဲချုပ်သွားကာ မွေးနေ့ပွဲသာ သိမ်းသွားမည် ခင်လပြည့်ရှေ့နား ရောက်ခွင့်ကြုံတော့မှာ မဟုတ်တော့။ ဒီလို ငပေငတေ ကလိမ်ခြံရုပ်မျိုးကိုလည်း ခင်လပြည့်တို့က အရေးထားချင်မှ ထားမှာပါ။ အဓိကအရေးကြီးသည်က ခင်လပြည့်တို့ သားအမိရှေ့မှာ မျက်နှာအရင်ရထားဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုချစ်က ခြေလှမ်းကို သွက်လိုက်သည်။ ခြေလှမ်းသွက်သော်လည်း ပုဆိုးက ပြန်တုပ်နေပြန်တာမို့ လူကရှေ့ကို ငိုက်စိုက် ငိုက်စိုက်နဲ့ စက်ရုပ် သံပတ်ပေးထားသလို တောက်ဆတ် တောက်ဆတ်ကြီး ရွေ့လျားသွားတာ ဖြစ်နေသည်။

"အွတ်"

အိမ်ရှေ့ဖိနပ်ချွတ် ရောက်တော့မှ လွတ်ပြီ ကျွတ်ပြီဆိုပြီး ဝမ်းသာအားရ လှမ်းတက်လိုက်တာ ကိုယ့်ရှေ့ကရောက်နှင့်လျက် ဖိနပ်ချွတ်နေသော လူတစ်ယောက်ရဲ့ကျောပြင်ကို ခေါင်းနဲ့ဝင်ဆောင့်မိလျက်သား ဖြစ်သွားတော့သည်။

ဟိုလူ့ထံက အွတ်သံက ခပ်အုပ်အုပ်မို့ တော်တော့သည်။ ကိုကိုချစ်မှာတော့ ကျောပြင်က ဘယ်အရိုးတွေနဲ့ ဆောင့်မိမှန်း မသိဘဲ နာကျင်သွားသော ကိုယ့်နဖူးကို အသာအယာပွတ်သပ်ကာ အသံတော့ မထွက်နိုင်ရှာ။

"ဖြည်းဖြည်းလုပ်ပါဗျ၊ ဟာ ... လူပျိုကြီးပါလား"

"သက်အောင်ထင် ... မင်း ... မင်းက ဒီကို ဘာလာလုပ်တာလဲ"

"ခင်လပြည့်က ဖိတ်လို့ မွေးနေ့ပွဲ လာတာလေ"





ခင်လပြည့်က ဖိတ်တယ်ဆိုပါလား။ သူတို့နှစ်ယောက်က ဘယ်တုန်းကများ ဒီလောက်တောင် ရင်းနှီးသွားရတာပါလိမ့်။

"ဟုတ်ရဲ့လားဗျာ"

"အလို ... ကိုယ့်မွေးနေ့မှာ မိတ်ဆွေအားလုံးဖိတ်တာ ဘာများမဟုတ်စရာရှိသလဲ၊ ဘာလဲ ... ခင်ဗျားက မိတ်ဟောင်း ဆွေဟောင်းမို့ ခင်ဗျားတစ်ယောက်တည်း အဖိတ်ခံရမယ်လို့များ ထင်နေသေးသလား"

"အဲ ... ဒါ ... ဒါပေမဲ့"

ကိုယ့်တစ်ယောက်တည်း ဖိတ်တယ်လို့တော့ ဘယ်ထင်ပါ့မလဲ။ ဒါပေမဲ့ သက်အောင်ထင်လို အနှမှသိရသူ တစ်ယောက်ကို ဖိတ်လိမ့်မယ်လို့လည်း လုံးဝကိုမထင်။ ဒီကောင် သတင်းကြားနဲ့များ မျက်နှာပြောင်တိုက်ပြီး မဖိတ်ဘဲ လာတာလား။

"ဟယ် ... ကိုသက်အောင်ထင်၊ လာ ... လာ ... လပြည့်က လာမှလာပါ့မလားလို့"

"လာရမှာပေါ့ဗျာ၊ ခင်လပြည့် ကိုယ်တိုင် တကူးတကဖိတ်ထားတဲ့ပွဲကို ကျွန်တော်က ဘာဖြစ်လို့ မလာဘဲနေရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... ကိုသက်အောင်ထင်ကတော့ အပြော
ကောင်းပဲ"

အလိုလေးလေးဗျာ။ ခင်လပြည့်တို့များ သက်အောင်ထင့်ကို ပြုံးကာရယ်ကာနဲ့ စကားပြောနေလိုက်တာ ကိုကိုချစ်တစ်ယောက်လုံး ဘေးနားမှာ ရှိနေတာကိုတောင် မတွေ့တော့တဲ့ပုံပါလား။

"ခင်လပြည့်"

ကိုကိုချစ်ရဲ့ ခေါ်သံဟာ တွံတေးသိန်းတန်သီချင်းသံလို ကြေကွဲဆွေးမြည့် နာကျင်ထိရှမှုတွေ အပြည့်နဲ့ တုန်ယင်ဖို့လှိုက်လို့ နေလေသည်။

"ကိုကိုချစ်လည်း လာလေ၊ နှစ်ယောက်တစ်တွဲ ဆိုတော့
စကားပြောဖော် ရတာပေါ့"

ဩော် ...။ ခင်လပြည့်က သူ့ကို မမြင်တာမှမဟုတ်ဘဲ။ မြင်လျက်နဲ့ အရေးသယ်ပြီး နှုတ်ဆက်ခေါ်ငင်မနေတာ။

ကိုယ်ကအလျင်ဦးသူ ဖြစ်ပါလျက် သက်အောင်ထင်နဲ့ ယှဉ်လိုက်တော့ ကပ်ပါးကောင်ကြီးလိုလို၊ အဖော်ပဲ ပါလာတာလိုလိုနှင့် ဘေးက ခပ်ကုပ်ကုပ် လိုက်လာရတာများ ဘယ်လောက်အခံရခက်ချင်စရာ ကောင်းလိုက်သလဲ။



ခင်လပြည့်က သူတို့နှစ်ယောက်ကို ယောက်ျားကြီးသုံးယောက်၊ မိန်းမကြီးနှစ်ယောက် ရှိနှင့်ပြီးသားဝိုင်းမှာ နေရာချပေးသည်။

"မိတ်ဆက်ပေးရဦးမယ်၊ သူတို့က လပြည့်တို့ လိုချင်တဲ့ ဓာတုကုန်ကြမ်းတွေ ရောင်းပေးတဲ့ ဂျီအေအမ်ကုမ္ပဏီက ကိုသက်အောင်ထင်နဲ့ ကိုကိုချစ်ပါ၊ ဒါကတော့ လပြည့်တို့နဲ့ တစ်သက်လုံး တွဲလုပ်လာတဲ့ အထည်အလိပ်လုပ်ငန်းရှင်တွေပဲ၊ ဦးစိုးမင်းနဲ့ ဒေါ်သင်းသင်းရီတဲ့၊ ဒီဘက်က ဦးချန်ထွန်းတဲ့၊ ဒီဘက်က ဦးစုဝမ်နဲ့ ဒေါ်လီလီတဲ့၊ အားလုံးက အထည်အလိပ်လုပ်ငန်း လုပ်ကြတာဆိုတော့ ကိုသက်အောင်ထင်တို့ဆီမှာ အကူအညီလိုတဲ့အခါ လိုလာနိုင်လို့ မိတ်ဆက်ပေးထားတာ"

အောင်မယ်လေး။ ကိုသက်အောင်ထင်တို့ဆီမှာ ... တဲ့ ခင်ဗျ။ ဂျီအေအမ်ကုမ္ပဏီမှာ အလုပ်,လုပ်ပြီး ခင်လပြည့်တို့လိုအပ်တဲ့ ကုန်ကြမ်းတွေကို ရှာပေးနိုင်တဲ့သူဟာ ကိုကိုချစ်မဟုတ်ဘဲ ကိုကိုချစ်ကတစ်ဆင့် မိတ်ဆက်ပေးလို့ သိရသည့် သက်အောင်ထင်တဲ့လား။ ကိုကိုချစ်ကျတော့ လူလယ်ကောင်မှာ မျက်နှာငှက်ယှူဝင်ကြွားခွင့်ရသည့်သူ မဟုတ်တော့ဘူးလား။

www.burmeseclassic.com



လည်ချောင်းထဲလိပ်ပြီး တက်လာသည့် ဝေဒနာ အလုံးအထွေးကြီးကို ကိုကိုချစ်က ဂလုခနဲနေအောင် မျိုချပစ်လိုက်ရသည်။ ဒီအတိုင်း မျိုချလိုက်လို့ လည်ချောင်းထဲ မရှင်းနိုင်သေးတာနဲ့ စားပွဲပေါ်က ရေနွေးကြမ်းကရားထဲကနေ ရေနွေးတစ်ခွက် အမြန်ငှဲ့ပြီး မော့သောက်ချလိုက်ရသည်။

"ဖွီး"

သော်၊ သေပြီ။

ဘာတွေ ဘယ်လိုဖြစ်သွားမှန်းတောင် မသိတော့ပါဘူး။ ပါးစပ်ထဲ၊ လျှာပေါ်တွေမှာ ကျက်ထွက်နေအောင် ပူလာသည့် ခံစားချက်ကြောင့် ဖွီးခနဲ ထွီးခနဲ ယောင်ကမ်းထွေးထုတ်လိုက်မိတာကိုပဲ မှတ်မိတော့သည်။

ကိုယ့်ရှေ့က လူတွေအားလုံးဟာ စားပွဲပေါ် မြွေတစ်ကောင် ပစ်ချခံလိုက်ရသလိုပဲ ဝုန်းဆို တစ်ပြိုင်နက် နောက်သို့ အတူတကွ ဆုတ်လိုက်ကြသည်။

သူတို့ ဘာကိုရှောင်ရှားလိုက်ကြတာလဲ။ ရုတ်တရက် ပူထူသွားသော ခေါင်းနဲ့ ဘာကိုမှ စဉ်းစားမရပေမယ့် ချက်ချင်းပဲ အသိပြန်ဝင်လာတာတော့ သူ့ပါးစပ်ထဲက ထွက်လာသည့်





ရေနွေးတွေကို မထိအောင် ရှောင်လိုက်ကြတာလို့ အသိဝင်လာသည်။

"သွားပါပြီတော်၊ သေပါပြီ၊ သေပါပြီ၊ ဒါပြီးရင် မင်္ဂလာဆောင်တစ်ခု ဆက်သွားရဦးမှာ၊ အားလုံးပျက်စီးကုန်ပါပြီဟဲ့"

ဒေါ်လီလီဆိုသည့် အမျိုးသမီးကြီးရဲ့ မျက်နှာပေါ် ခြယ်သထားသည့် ဆေးရောင်တွေက အကုန်ပျက်၊ သွမ်ရဲ့ရွှေဝါရောင်အပျော့သား အင်္ကျီရင်ဘတ်မှာလည်း ရေတွေစိုစွတ်။ နောက်ဆုံး ကော်တောင့်အောင်တင်ကာ ပုံစံသွင်းထားသည့် ဆံပင်တွေ တောင်မှ ရေတစ်စက်စက်စိုကာ အိကျပုံပျက်ကာစ ပြုလာလေပြီ။

"ဟောကောင် ... မင်း ... မင်း ... ငါ့မိန်းမကို ဘာလုပ်လိုက်တာလဲ၊ မင်းကွာ၊ ဘယ်တုန်းကများ အငြိုးရှိနေတာလဲဟင်"

ဒေါ်လီလီ့ ယောက်ျားကြီးရဲ့ ဖြူဖွေးသော မျက်နှာဟာ သဖန်းသီးအမှည့်လွန်ကြီး တစ်လုံးလို ခရမ်းနီရောင်မှိုင်းမှိုင်းကြီး ဖြစ်လို့နေသည်။ (ဒေါ်လီလီ့ ခများတော့ ဒေါသကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနီချင်လျှင်တောင် နီခွင့်မရပါ။ မျက်ခွံမှာဆိုးထားသည့် အနက်ရောင်ဆေးတွေက တတောက်တောက် စီးကျလာပြီး ပါးပြင်ပေါ်အထိ ဖြတ်ကျလာတာမို့ ဖြူအစ်အစ် ပါးပြင်ကြီးမှာ အနက်စင်းကြောင်း စင်းကြောင်းတွေနဲ့ အင်္ဂလန်က နယူးကာဆယ်ဘောလုံးအသင်းရဲ့ အကျီင်္ဒီဇိုင်း ဖြစ်နေသည်။)

“ကျွန် ... ကျွန်တော် ... မတော်တဆ ...”

“အန်တီ ... ဒီမှာ တစ်သျှူးပါ၊ အန်တီ မှန်ကြည့်ပြီး ပြန်ပြင်ချင်ရင်လည်း လပြည့်အခန်းထဲလိုက်ပြီး ပြင်လို့ရပါတယ်၊ ကိုကိုချစ် မတော်တဆ ဖြစ်သွားတာအတွက် လပြည့်ကပဲ တောင်းပန်ပါတယ်၊ သူက အဲဒီလိုပဲ၊ ကျောင်းတုန်းကတည်းက အလုပ်,လုပ်ရင် မသေမချာ မသပ်မရပ်နဲ့၊ သူ့ကိုတော့ စိတ်ဆိုးမနေပါနဲ့တော့ အန်ကယ်ရယ်၊ သူလည်း တမင်တကာ ရည်ရွယ်ပြီး လုပ်တာမှ မဟုတ်ဘဲ၊ ကိုကိုချစ် ... ရှင် သေချာတောင်းပန်လိုက်လေ၊ အ,ထစ် အ,ထစ် လုပ်မနေနဲ့၊ တကယ်ပဲ စိတ်ကိုညစ်ပါတယ်”

သေပြီ။ သေတာကတော့ သေပြီဆရာပဲ။ ခင်လပြည့်အမေ မွေးနေ့မှာ နေရာဝင်ယူလိုက်မယ်၊ အမှတ်ဝင်ယူလိုက်မယ်





ဆိုပြီး အားခဲထားလေသမျှ မျက်နှာကောင်းမရသည့်အပြင် ရှက်ရှက်သဲသဲ လူပိုင်းကြည့်ခံရစရာအဖြစ်နဲ့ မျက်နှာပျက် အရှက်ရစရာအဖြစ်နဲ့ ဇာတ်သိမ်းရပါပေါ့လား။



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်းချမ်း ... ခဏလာဦး"

ဘယ်လိုမှ တွေးတောအဖြေရှာမရသည့်အဆုံး ကိုကိုချစ်က မငြိမ်းချမ်းကို လှမ်းခေါ်လိုက်ရသည်။

ကွန်ပျူတာတစ်လုံးကို တချောက်ချောက်နှိပ်ပြီး အလုပ်များနေသည့် မငြိမ်းချမ်းကလည်း ကိုကိုချစ် ခေါ်တော့ ဆတ်ခနဲ ထ,ရပ်ကာ ချက်ချင်းအနားရောက်ပြီးသား။

"အစ်ကိုကြီး ဘာနိုင်းစရာ ရှိလို့လဲ၊ ဟိုပရိုဂရမ်ကတော့ ဆွဲလို့မပြီးသေး ..."

"နင့်ကို ငါက ပရိုဂရမ်ကိစ္စ မေးနေလို့လား"

"ဟို ... မေးတော့မှာလားလို့ပါ"

"မမေးသေးဘူး၊ ငါက အဲဒီထက်အရေးကြီးတာ မေးမလို့"

"နယ်ကပစ္စည်းအမှာတက်တဲ့ စာရင်းတွေလားဟင်၊ အဲဒါတွေက မေသွယ် ကိုင်တာဆိုတော့ ..."





"ဟ ... စကားတောင် ဆုံးအောင်မပြောရသေးဘူး၊ ကိုယ်ထင်ရာ စွတ်ပြောနေပြန်ပြီ၊ ဒီမှာ ငါ အခုမေးမှာ အလုပ်ကိစ္စနဲ့ မဆိုင်ဘူး၊ နင်လည်း ကြိုတင်မှန်းဆဖို့ ကြံမနေနဲ့၊ မေးတာကိုမဲ ဖြေဖို့ကြိုးစား"

"ဟုတ် ... ဟုတ်ကဲ့"

"မိန်းကလေးတစ်ယောက်ကို တောင်းပန်တဲ့အနေနဲ့ လက်ဆောင်တစ်ခု ပေးမယ်ဆိုရင် ဘယ်ဟာက အကောင်းဆုံးလဲ"

"စိန်လက်စွပ်"

မငြိမ်းချမ်းက မဆိုင်းမတွ ချက်ချင်းကြီး ဖြေချလိုက်တာမို့ ကိုကိုချစ် မျက်လုံးပြူးသွားရသည်။

"ဘာကြီး"

"စိန်လက်စွပ်လေ"

"နင်က ဒီလောက်မြန်မြန်ဆန်ဆန် ဘာလို့ဖြေရတာလဲ"

"ထပ်စဉ်းစားနေစရာ မလိုလောက်အောင် သေချာနေလို့ပါ"

"အောင်မယ်လေး ... ကြောက်စရာပါလား၊ နင့်ကိုယူကြိုက်တဲ့ကောင်ကတော့ သူဌေးသားမှ ဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ ကျွန်မတစ်ယောက်တည်းတင် မကဘူး၊ မိန်းကလေးအများစုဟာ လက်ဝတ်ရတနာကိုတော့ အမက်ဆေ ဆုံးပေါ့၊ အထူးသဖြင့်တော့ စိန်ထည်ကိုပေါ့၊ ကိုယ်နဲ့မနီး စပ်လို့ မမှန်းဘူး၊ မတောင့်တဘူး ဆိုရင်တောင် ဘယ် ကောင်မလေးကိုပဲ ကောက်မေးမေး စိန်ကို အလိုချင်ဆုံး လို့ပဲဖြေမှာ၊ ဒီတော့ စိတ်ဆိုးနေလို့ တောင်းပန်တယ်ဆို ရင် တခြားပစ္စည်းတွေကမှ သူ့အကြိုက် ကိုယ့်အကြိုက် ကွဲပြားဦးမယ်၊ စိန်ကတော့ အားလုံးအတူ ကြိုက်ကြတာနဲ့ စိန်နဲ့ချော့ရင် အကျေနပ်ဆုံးဖြစ်မှာလို့ ပြောတာ"

"နင်ပြောတာ ဟုတ်တော့ ဟုတ်သလိုပဲ၊ ဒါပေမဲ့ ငါ့လို ကောင်က မိန်းကလေးတစ်ယောက်ကို စိန်တော့ပေးနိုင်မ လားဟ၊ သူခိုးတွေ မှန်ဖြတ်တဲ့စိန်တောင် မတတ်နိုင်ဘူး"

"ဒါဆိုလည်း အစကတည်းက ပြောရောပေါ့၊ ဈေးလည်း ပေါ့ရမယ်၊ မိန်းကလေးကြိုက်တာလည်း ဖြစ်ရမယ်လို့"

ဒီကောင်မလေးကတော့လေ။ အမြင်ကတ်စရာ ကော် တော်ကောင်းသည်။ သူ့စိတ်ထဲ သိနေလည်း ပါးစပ်က ဒီလော ပြောင်ပြောင်တင်းတင်းကြီး မပြောပါနဲ့လား။ တစ်ဖက်သား မျက်နှာအထားရခက်အောင်။





"အပေါ်စားလက်ဆောင်ကို ဟုတ်ထိအောင် ပေးချင်တယ် ဆိုရင်တော့ ကိုယ်လက်ဆောင်ပေးမယ့် မိန်းကလေးက ဘယ်လိုလူစားမျိုးလဲ ဆိုတာ အရင်ဆုံးသိအောင် လုပ်ရ မယ်"

"မငြိမ်းချမ်း ... နင် ရောက်ကာစကနဲ့မတူဘူး၊ တော်တော် လေကြီးလေကျယ်နိုင်ပြီး စကားကြီးစကားကျယ်တွေ ပြော တတ်လာပြီ"

"ကုမ္ပဏီမှာ အလုပ်,လုပ်တယ် ဆိုတာ ဒီအတိုင်းပဲလေ၊ စကားကြီးစကားကျယ်တွေ ပြောနိုင်မှ ကိုယ့်ကို လူအထင် ကြီးမှာ၊ လူအထင်ကြီးမှ နေရာရမှာ"

ဘယ်ဆိုးလို့လဲ။ သင်းတောင် အလုပ်ဝင်တာ ငါးလ ခြောက်လပဲ ရှိသေးသည် ပညာတွေ တော်တော်တတ်နေပြီ။ ရောက်ကာစက ကုပ်ချိုချို၊ တုန်ယင်ယင်နဲ့ လူကြောက်တတ်သည့် ပုံမှ မဟုတ်တော့။

အလုပ်မှာ တိုးတက်လာတာကတော့ ကောင်းပါရဲ့။ သောရာကို ခံပြောတာက မကောင်းတာ။ ပညာလေး တတ်လာတာ နဲ့ သူ့ကိုယ်သူ ဆရာမကြီးလိုလို ဘာလိုလို။

www.burmeseclassic.com



"ကဲပါကွာ၊ မင်းရဲ့ပညာခန်းတွေလည်း သိပ်ပြမနေပါနဲ့၊ ငါ တောင်းပန်ချင်တဲ့ မိန်းကလေးက ခင်လပြည့်ကွာ၊ သူ့အမေမွေးနေ့တုန်းက ငါလုပ်လို့ ရတ်ရတ်သဲသဲ ဖြစ်သွားတာကို သူ စိတ်ဆိုးနေမယ် ထင်တယ်၊ ငါ သူ့ကို ကျေနပ်အောင် သေချာမတောင်းပန်ရသေးလို့"

"မခင်လပြည့် ... သူက သိပ်ပြီး စိတ်ကူးယဉ်ဆန်တဲ့ပုံ မပေါက်တော့ ပန်းပေးပြီး တောင်းပန်လို့ မရလောက်ဘူး၊ အသက်က သိပ်မငယ်တော့ဘူးဆိုတော့ ကောင်မလေးငယ်ငယ်လေးတွေလို မွေးပွရုပ်ကလေးတွေပေးလို့လည်း ကျေနပ်မှာ မဟုတ်ဘူး၊ ဖန်စီပစ္စည်းတွေလည်း စိတ်ဝင်စားတဲ့ပုံ မပေါ်ဘူး၊ စာအုပ်တွေ ဘာတွေရော ဖတ်လားဟင်၊ ကြည့်ရတာ စီးပွားရေးသမားဆိုတော့ စာဖတ်ချိန် သီချင်းနားထောင်ချိန်လည်း သိပ်ရှိမယ် မထင်ပါဘူး၊ သူ့ရွှေမကြိုက်အဝတ်အစားပေးတော့လည်း သူဝတ်တဲ့ အကောင်းစားတွေဝယ်ဖို့ သိပ်မလွယ်ဘူး၊ အင်း ... ခက်လိုက်တာ၊ သူကြိုက်တဲ့ အစားအသောက်ရော ဘာရှိလဲ"

"ခင်လပြည့် ကြိုက်တာ ကျောင်းတုန်းကတော့ ဖရုံရွှေရောင် တအားစားတာ တွေ့ဖူးတယ်၊ ပြီးတော့ ကျောက်ကျော





ထည့်တဲ့ ပင်ပွားသီတယ် မဟုတ်လား အဲဒါကြိုက်တယ်၊ ပြီးတော့ မုန့်ဟင်းခါးစားရင် ငှက်ပျောအူကို တောင်းပြီးတော့ကိုစားတာ"

"ဖွတ် ... ဖွတ်ပဲ အစ်ကိုကြီးရယ်၊ မိန်းကလေးကို တောင်းပန်မယ့် အစားအသောက် ဆိုတာမျိုးက ဒံပေါက်တို့၊ ဘဲကင် ကြက်ကင်တို့၊ ဟမ်ဘာဂါတို့၊ ကိတ်မုန့်တို့၊ ရှုလွတ် ပြောရင်းနဲ့ စားတောင်စားချင်လာပြီ"

"ငါသိသလောက် ခင်လပြည့်က အစားနည်းတယ်၊ ဘာမှလဲ မယ်မယ်ရရ မကြိုက်တတ်ဘူး၊ အဲ ... အသီးအနှံတွေတော့ စားတာများတယ်၊ ကြိုက်မကြိုက်တော့ မသိဘူး၊ သူ့အသားအရေ လှအောင်တဲ့"

"အိုကေ ... အဲဒါ ကောင်းတယ်၊ အင်းလျားလမ်းက သစ်သီးဆိုင်ကိုသွား၊ အရည်ရွှမ်းတဲ့အသီးတွေ များများဝယ်၊ လက်ဆောင်သာ သွားပေးပေတော့"

❤ ❦ ❤

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြိုက်ရွေးဝယ်လာသော စိန်တစ်လုံးသရက်သီးကြီးတွေကို တစ်ခေါက်ပြန်ငုံ့ကြည့်လိုက်သည်။ ဝင်းမှည့်လုံးဖောင်းပြီး အနံ့လေးကိုက သင်းပျံ့မွှေးကြိုင်နေတာ။ အရောင်ကလည်း ဝါနနအသွေးနဲ့ အမြင်နဲ့တင် အသားလေး နူးညံ့ချိုအီနေမည်မှန်းတာ သိနိုင်သည်။

တကယ်တော့ ကိုကိုချစ်က သရက်သီးဆို ရှင်ကျွဲကြိုက်တာ။ အရသာက အချိုစစ်စစ် မဟုတ်ဘဲ ချဉ်ချဉ်ကလေး စွက်ထားတာမျိုး။ စိန်တစ်လုံးကျတော့ သကြားချိုသလို စက်ခဲယိုချိုတာ။ အချဉ်အရသာ လုံးဝမရှိဘဲကိုချိုတာ။ အဲဒါမျိုး ကိုယ်တိုင်စားဖို့တော့ မကြိုက်။

သို့သော် လက်ဆောင်ပေးဖို့ကျတော့ အမြင်ရော အရသာရော၊ စိန်တစ်လုံးက မျက်နှာပန်းလှသည်။ အဲဒါကြောင့် စိန်တစ်လုံးတွေပဲ အိတ်နှစ်လုံးနဲ့အပြည့် ဝယ်ချလာတာ။



တန်ဖိုးကလည်း နည်းနည်းနောနော မဟုတ်။ ဈေးမသွားခင်က ဖောင်းကားနေသည့် ကိုကိုချစ်ရဲ့ ခေါက်ပိုက်ဆံအိတ်ကလေးဟာ သရက်သီးဝယ်ပြီး ပြန်လည်းထွက်လာရော ပါးပါးချပ်ချပ်ကလေးသာ ကျန်တော့သည်။

အို ...။ ဘာပဲဖြစ်ဖြစ် ခင်လပြည့် စိတ်ကျေနပ်မယ်ဆိုင် ရင်းရတာ တန်ပါတယ်။

ကိုကိုချစ်က ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ကာ ခင်လပြည့်တို့အိမ်ရှေ့ ခြံတံခါးက ခေါင်းလောင်းလေးကို လှမ်းတီးလိုက်ပါသည်။

“ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ဦး”

အိမ်ဖော်ကောင်မလေး ပြေးထွက်လာကာ တံခါးဖွင့်မပေးသေးဘဲ အရင်မေးသည်။ ကိုကိုချစ် လက်ထဲက သရက်သီးအိတ်တွေကိုလည်း ငုံ့တကြည့်ကြည့်။

ကြည့်စေရမယ်လေ။ ကိုကိုချစ်က ရှယ်အလုံးတွေကိုပဲ ရွေးလာတာ။ သရက်သီးတွေဟာ မြင်သူတိုင်း မလိုချင်ဘဲ မနေနိုင်လောက်အောင် အရောင်အဆင်း၊ ပုံသဏ္ဍာန်၊ အနံ့အသားနဲ့ ပြည့်စုံလှတာ။ ဘယ်သူ စိတ်မဝင်စားပဲ နေနိုင်မလဲ။

“ခင်လပြည့် ရှိလား”

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ မမကြီးရော မေမေကြီးရော ဘဘကြီးရော အားလုံး အိမ်မှာရှိတယ်"

ကိုကိုချစ် နည်းနည်းတော့ တွန့်သွားသည်။ သူတွေ့ချင်တာက ခင်လပြည့် တစ်ယောက်တည်း။ အခု ဘာလို့များ တစ်အိမ်သားလုံး ရှိနေရတာလဲ။

ရုံးဝန်ထမ်းဖြစ်သည့် ခင်လပြည့်အဖေက မနက်ရှစ်နာရီလောက်ကတည်းက အိမ်ကထွက်ပြီ။ ခင်လပြည့် အမေကတော့ လှိုင်သာယာမှာရှိသည့် အထည်စက်ရုံကို မနက်ကိုးနာရီလောက် ထွက်သွားသည်။ ခင်လပြည့်ကတော့ လိုအပ်တာတွေ စီစဉ်ပြီး မနက်စာစားပြီးချိန်လောက်မှ မိုလ်ချုပ်ဈေး၊ ယုဇနပလာဇာနဲ့ ရူပါမားကက်တွေမှာရှိသည့် သူမတို့ရဲ့အထည်ဆိုင်တွေကို လှည့်ပတ်စစ်ဆေးမည်။

ဒီအကြောင်းတွေကို ကြိုတင်သိထားသည့် ကိုကိုချစ်က ခင်လပြည့်အဖေနဲ့အမေ အပြင်ထွက်သွားလောက်သည့်အချိန်လောက်ကို မှန်းပြီးရောက်အောင်လာခဲ့တာ။ ခုတော့ လူကြီးနှစ်ယောက်စလုံး အိမ်မှာရှိနေတယ် ဆိုပါလား။

"ဟုတ်လား၊ ဒါပေမဲ့ ကျွန်တော်က ခင်လပြည့်နဲ့ပဲ တွေ့ချင်တာ၊ သူ့ကို သွားပြောပေးလို့ ရမလား မသိဘူး"





ကောင်မလေးက ခဏတော့ တွေတွေဝေဝေ စဉ်းစားသည့်ပုံလေး ဖြစ်နေသည်။ ဧည့်သည်တစ်ယောက်က တွေ့ချင်ပါတယ်လို့ ခွင့်တောင်းတာကို ဒီလောက်ကြီး စဉ်းစားနေရစရာ ဘာအကြောင်းများ ရှိသလဲဆိုတာ ကိုကိုချစ်က နားမလည်နိုင်တော့။

"အင်း … မေးတော့ မေးကြည့်ပေးမယ်လေ၊ ထွက်တွေ့နိုင်မလားဆိုတာ၊ မမကြီးက နေမကောင်း ဖြစ်နေတာ"

"ဟုတ်လား၊ အဲဒါကြောင့် အန်တီနဲ့ အန်ကယ်လည်း အလုပ်မသွားဘဲ ဝိုင်းပြုစုနေရတာလား၊ ဟုတ်လား"

"မဟုတ်ဘူးရှင့်၊ ဘဘကြီးနဲ့ မေမေကြီးလည်း နေမကောင်းဖြစ်နေကြတာ"

"ဟေ … ဘယ်လို၊ သုံးယောက်စလုံးလား"

"ဟုတ်ကဲ့ … တစ်မိသားစုလုံးပဲ"

မြတ်စွာဘုရား။ ပြဿနာပါလား။ သူလာတာအချိန်မဟုတ်ဘူးနဲ့တူတယ်။ တစ်အိမ်လုံး နေမကောင်းဖြစ်နေကြသည့် အချိန်မှာ စိတ်ဆိုးစရာကိစ္စကို တောင်းပန်ဖို့ လာမိတယ်ဆိုတော့ မှားများမှားသွားပြီလား။

"အေးခင် … အိမ်ရှေ့ကဧည့်သည်လား၊ ခေါ်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမကြီး"

ကိုကိုချစ်က ဝင်ခွင့်ဆက်တောင်းရကောင်းနိုး၊ လှည့်ပြန်သွားရကောင်းနိုး ချီတုံချတုံ ဖြစ်နေစဉ်မှာ အိမ်ထဲကခေါ်သံကြားလိုက်ရသည်။

"မမကြီး ထွက်လာပြီ၊ ဦး ဝင်သွားလို့ ရပါတယ်"

ကိုကိုချစ်မှာ အိမ်ထဲဝင်ခွင့် ရသာရလိုက်သော်လည်း မအီမလည်ကြီး။

"ခင်လပြည့် နေမကောင်းဘူးဆို"

အမှန်တော့ မေးနေစရာတောင်မလို။ ခင်လပြည့်မျက်နှာဟာ အဝေးက လှမ်းကြည့်လိုက်တာနဲ့ နေမကောင်းမှန်းသိပ်သိသာသည်။ မျက်တွင်းကြီးတွေက ယောက်ပက် ချိုင့်ဝင်နေကာ မျက်ကွင်းတွေက ညိုနေသည်။ မျက်နှာမျာ ရွှေးစေးတွေဖြန်ကာ နှုတ်ခမ်းတွေက ဖြူဖပ်ဖြူရော်နဲ့ ခြောက်သွေ့နေသည်။ အသားအရေတွေတောင် ခြောက်ခန်းကာ လူက ချက်ချင်းချုံးချလိုက်သလို ပိန်ကျသွားသည်။

ရုတ်တရက် ဒီလောက်ကြီး ပြောင်းလဲသွားရလောက်အောင် ဘာရောဂါများပါလိမ့်။ ကေန္ဒ အေအိုင်ဒီအက်(စ်)များဖြစ်နေမလား။





"ဟုတ်တယ်၊ ကိုကိုချစ် ဘယ်ကလှည့်လာတာလဲ၊ လာ ... အထဲဝင်ထိုင်လေ"

"တမင်ပဲ ခင်လပြည့်ဆီ ဝင်လာခဲ့တာ၊ သရက်သီးတွေ တွေ့တော့လေ၊ ခင်လပြည့်က အသီးအနှံကြိုက်တတ်တာ သတိရပြီး စားစေချင်တာနဲ့"

ကိုကိုချစ်က လက်ထဲက သရက်သီးအိတ်ကြီးနှစ်လုံးကို စားပွဲပေါ်တင်လိုက်သည်။ ခင်လပြည့်က သရက်သီးတွေကို တစ်လှည့်၊ ကိုကိုချစ်ကိုတစ်လှည့်ကြည့်ကာ ကြောင်အမ်းအမ်းကလေး ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာ ...

"ဟော့လူ ... ခင်ဗျား ဒါ ဘာလာလုပ်တာလဲဗျ၊ ဟင် ... ကြည့်စမ်း၊ သရက်သီးတွေ တစ်ပုံတစ်ခေါင်းကြီးပါလား၊ ခင်ဗျား ကျုပ်အဒေါ်မိသားစုကို လာပြီးသေကြောင်းကြံတာလား၊ ဟုတ်လား"

"ဗျာ"

အံ့ဩစရာ။ ခင်လပြည့်အမေ မွေးနေ့တုန်းက သူ့ကို အသားလွတ်ကြီး လာရန်လုပ်သွားသည့်လူပဲ၊ အခုလည်းအိမ်တွင်းခန်းထဲက ရုတ်တရက် ထွက်ချလာကာ ကြီးကျယ်ကြောက်မွှယ်ကောင်းလှသော စွပ်စွဲချက်ကြီးကို လုပ်နေပါရောလား။

www.burmeseclassic.com



"အခုမှ ရှုးချင်ယောင်ဆောင်မနေနဲ့၊ မင်း ငါ့ညီမတွေ ငါ့အဒေါ်တွေအပေါ်မှာ ဘာအငြိုးများရှိသလဲဟင်၊ ဒါကြောင့် အစတည်းက မင်းကိုမသင်္ကာတာ၊ လပြည့် ... ညည်းက ကိုကို ပြောတော့ မယုံဘူး၊ အခုလက်တွေ့ကြုံပြီ မဟုတ်လားဟင်"

ပြောသည့်သူကသာ ဒေါနဲ့မောနဲ့ ဆက်တိုက်ပြောနေသည် ကိုကိုချစ်ကတော့ ဘာမှကို နားမလည်နိုင်တော့ပါဘူး။

ဟိုနေ့တုန်းကတော့ ကိုကိုချစ်ရဲ့စကားတစ်ခွန်းကို သူ့ဘာသာ နားကြားလွဲသွားတယ်ဆိုလည်း ထားပါတော့။ ဒီနေ့ကတော့ ဘာမှကို မပြောရသေး။ ခင်လပြည့်အတွက် သရက်သီး လာပေးတာလို့ပဲ ပြောရသေးသည်။ ဒီလောက် ကြီးကြီးမားမား စွပ်စွဲရလောက်အောင် ဘာစကားမှ အမှားမပါသေးတာ သေချာသည်။

"ဒီ ... ဒီမှာ ... ခင်ဗျား ဘာတွေပြောနေသလဲဆိုတာ ကျုပ်တော့ လုံးဝနားမလည်တော့ဘူးနော်၊ ဘာကိစ္စ သေကြောင်းကြံတာတွေ ဘာတွေ အထိ ကြီးကြီးကျယ်ကျယ် စွပ်စွဲစရာရှိသလဲ၊ ဟိုတစ်နေ့က ကျုပ် ပြဿနာဖြစ်အောင်



လုပ်ခဲ့မိလို့ ဒီနေ့ လာတောင်းပန်တာ၊ ဘာစကားမှတောင် မစ,ရသေးဘူး၊ ခင်ဗျား ရောက်လာတာနော်"

"စကားများများ ပြောစရာမလိုဘူး၊ ခင်ဗျားမှာ ကောင်းတဲ့ အကြံအစည် ရှိတယ်ဆိုတာ ဒီပစ္စည်းတွေက သက်သေခံနေတယ်"

"ဘာတွေလဲ၊ ဒါက သရက်သီးတွေပါ၊ စိန်တစ်လုံး အစစ်တွေ၊ ဘာမှ မကောင်းတဲ့ အကြံအစည် ဖြစ်စရာ မရှိဘူး"

"အပေါ်ယံကြည့်ရင်တော့ စိန်တစ်လုံး သရက်သီးပေါ့၊ ဒါပေမဲ့ တစ်အိမ်လုံး သေလုမြောပါး ဝမ်းလျှောနေကြတဲ့ မိသားစုကို ဒါတွေလာပေးတာဟာ ရောဂါပိုဆိုးအောင်လုပ်ရာ မရောက်ဘူးလား၊ မသေ,သေအောင် သတ်တာပဲမဟုတ်လား"

"ဗျာ"

"ဗျာမနေနဲ့၊ ခင်ဗျား ကျုပ်အဒေါ်မိသားတစ်စုလုံး ဝမ်းပျက်ဝမ်းလျှောဖြစ်ပြီး သေလုမြောပါး ဝေဒနာဆိုးနေတယ်ဆိုတာ သတင်းကြားလို့ ဒါတွေ အချိန်မီ လာပေးတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့လူ ... ဟော့လူ၊ ခင်လပြည့်တို့ ဝမ်းလျှော့ပြီး အရှမ်းဝေဒနာဆိုးနေတာ ကျုပ် လုံးဝမသိဘူး၊ တကယ် ပြောတာပါ လပြည့်ရယ်၊ ကိုယ် လုံးဝမသိရတာ အမှန်ပါ၊ ကိုယ်က လပြည့်ကို တောင်းပန်ချင်တဲ့ဓာနဲ့ မျက်နှာလုပ် လို့ရအောင် လက်ဆောင်ဝယ်လာဖို့ စဉ်းစားတာပါ၊ ခင် လပြည့်က အသီးအနံ့ကြိုက်တယ် ဆိုတာ သိထားတော့ ရာသီစာ သရက်သီးလေးတွေများ ဝယ်ပေးရင် ကြိုက်မ လားထင်မိလို့"

ပြောရင်း ပြောရင်း ဆက်မပြောချင်လောက်အောင် ရင်ထဲဆို့လာသည်။

ကိုယ့်ရဲ့ကုသိုလ်ကံဟာ ဘယ်လောက်တောင်များ ဆိုးလိုက်သလဲ။ ကိုယ့်ကောင်မလေးကို လက်ဆောင်ပေးပြီးတော့ ချော့ချင်လို့ သရက်သီးဝယ်လာကာမှ တစ်အိမ်လုံး အသည်းအသန် ဝမ်းလျှောပြီး သေကောင်ပေါင်းလဲ ဖြစ်နေသည့်အချိန်နဲ့မှ သွား တိုက်ဆိုင်နေပါသတဲ့။

ပိုပြီးအခြေအနေ ဆိုးချင်တော့ ကိုယ့်အပေါ် အဆိုး မြင်နှင့်နေသူက ရောက်နေခဲ့ပြီး ဝှးဝှးဝါးဝါးနဲ့ ဝင်စွပ်စွဲတော့တာ ဝင်၊ ခင်လပြည့် တစ်ယောက်တည်းဆို တွေးမိကောင်းမှ တွေးမိ



မည့်ဖြစ်သော အတွေးဆိုးတွေဟာ ခုတော့ အသည်းထဲ တန်းခနဲ နှစ်ဝင်စွဲထင်သွားလောက်ပြီ။

"ခင်ဗျားပြောတဲ့အတိုင်း မသိလို့ မှားမိတယ်ပဲ ထားပါတော့၊ ဒီလောက် တိုက်ဆိုင်အောင် ဖြစ်လာတယ်ဆိုကတည်းက ခင်ဗျားနဲ့ ကျွန်တော့်အဒေါ်တွေ ကျွန်တော့်ညီမတွေ ကံ မစပ်ဘူးဆိုတာ သိသာထင်ရှားနေပြီ၊ ခင်ဗျားဟာ ဒီမိသားစု ကို အန္တရာယ်ပေးနိုင်တဲ့သူဆိုတာ သိသာနေပြီ၊ ဒီတော့ ခင်ဗျားပြန်တာ အကောင်းဆုံးပဲ၊ နောက်လည်း တတ်နိုင် သမျှ ကင်းကင်းနေစမ်းဗျာ"

"လပြည့်"

ကိုကိုချစ်က နောက်ဆုံးအကြိမ်အဖြစ် ခင်လပြည့် ဆီ အကူအညီ တောင်းသလို လှမ်းကြည့်လိုက်မိပါသေးသည်။

"ကဲပါ ကိုကိုချစ်ရယ်၊ လောလောဆယ်တော့ ကျွန်မ အစ်ကို ပြောသလို ပြန်သာပြန်လိုက်ပါတော့၊ လပြည့်လည်း သိပ်အားနည်းနေတော့ စကားက များများမပြောနိုင်သေး လို့ပါ"

"အင်းလေ ... ဒါဆိုလည်း ကိုယ် ပြန်ပါတော့မယ်"

"ဟော့လူ ... ခင်ဗျားအသီးကြီးတွေ ပြန်ယူသွားဦးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ယူမယ် ... ယူမယ်၊ စိတ်သာချ"

ကိုကိုချစ်က သရက်သီးထုပ်ကြီးကို ဓောင့်ခနဲ ကောက်ယူကာ ရုပ်ပျက်ဆင်းပျက် တပ်ဆုတ်ထွက်ခွာလာခဲ့ရ တော့သည်။

❤ ❦ ❤



"စားလို့ကောင်းလိုက်တဲ့ သရက်သီးဗျာ၊ ဒီလောက်ချိုတဲ့ နူးညံ့တဲ့အသီးမျိုး မစားဖူးသေးဘူး၊ လူပျိုကြီး ကျန်းမာပါ စေ၊ ချမ်းသာပါစေဗျာ" ခုလို ဒါနပြုရတဲ့အတွက်"

ဆုတောင်းသူတွေက တောင်းကြပေမယ့် ကိုကိုချစ် ကမျာတော့ လည်ချောင်းထဲ နင်နေသည့် အလုံးကြီးကို မျိုလို့မကျနိုင်။

ဘာတတ်နိုင်မှာလဲ။ ဝယ်ထားပြီးသား သရက်သီး တွေကို ဆိုင်သွားသွင်းလို့မှ မရတော့တာ။ ဒီတော့ တစ်အိတ်ကို ရုံးကလူတွေကျွေးဖို့ ချန်ထားပြီး တစ်အိတ်ကို အဆောင်ကလူတွေ ကို ချကျွေးလိုက်ရတော့တာပေါ့။

"လူပျိုကြီး ... ခင်ဗျား ယတြာတွေ ဘာတွေများ ချေတာ လားဗျ ... ဟင်၊ ခင်ဗျားရဲ့ပင်ကိုသဘာဝအရတော့ ဒီ လောက် အစားအသောက်များများ တစ်ခါမှ မကျွေးဖူးသေး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မင်းထွန်း၊ မင်းကစားလည်းစားသေးတယ်၊ ငါ့ကို လည်း ပုတ်ခတ်ပြောသေးတယ်၊ မင်း မကျေနပ်ရင်မစားနဲ့ပေါ့ကွ"

"ဟာ ... မဟုတ်ပါဘူး၊ ကျွန်တော်က အကြောင်းရင်းကို တွေးကြည့်တဲ့ သဘောပေါ့၊ မကျေနပ်တာတော့ မရှိပါဘူး"

"ဖြစ်တော့ ဖြစ်လောက်တယ်နော၊ ဒီနှစ်ထဲ ဝါမဝင်ခင် အဖွဲ့ထုတ်ချင်လို့များ ယတြာချေတာလား မသိဘူး၊ လူပျိုကြီးတွေက ယတြာဆို ယုံတတ်တယ်ဗျ"

"သစ်မွေး ... မင်းကလူပျိုကြီးတွေ၊ လူပျိုကြီးတွေနဲ့ ခပ်လုံးရှည်နဲ့ သိမ်းယမ်းတဲ့စကားမျိုး မပြောပါနဲ့ကွ၊ မင်းဆိုလိုတာက လူပျိုကြီး ဖြစ်တာနဲ့ပဲ အူကြောင်ကြောင်ပေါက်တောက်တောက် စိတ်ကူးမျိုး ရှိလာရမယ်ပေါ့ ... ဟုတ်လား။ မင်းတို့ကောင်တွေရော အူကြောင်ကြောင်တွေ မလုပ်ကြဘူးလား၊ အိမ်ထောင်သည် ကလေးဆယ်ယောက် အဖေရော ကြောင်တွေ မရှိတော့ဘူးလား၊ လူပျိုကြီးဆိုတာ နိမ်စရာ လူတန်းစားတစ်ရပ်လို့ မင်းတို့ ထင်နေသလားကိုတော့ ငါ လုံးဝသည်းမခံနိုင်ဘူးကွ"





"အလကား စ,တာပါ လူပျိုကြီးရာ၊ ခင်ဗျားက လူပျိုကြီးတွေဆိုပြီး အစုပြနာမ်နဲ့ ပြောတာမျိုးကို စိတ်တိုတတ်မှန်း သိလို့ တမင်စတာပါ၊ စိတ်မဆိုးပါနဲ့"

"တော်ပြီကွ၊ မင်း ငါကျွေးတဲ့သရက်သီးလည်း စားသေးတယ်၊ ငါ့လည်း စော်ကားသေးတယ်၊ မင်းလက်ထဲကဇွန်းကို ချထားလိုက်၊ ထပ်မစားနဲ့တော့"

"လူပျိုကြီးကလည်း ကျွေးပြီးမှ ပြန်ပိတ်ပင်ရင် ယတြာပျက်သွားလိမ့်မယ်နော၊ မကြောက်ဘူးလား"

ဒီကောင်တွေကတော့ ဆိုလေ ကဲလေ ဆိုတာမျိုး ဖြစ်နေပါပြီကော။ ကိုကိုချစ်ကိုဆို သူတို့ထက် အသက်ကြီးသူ၊ ရာထူးအလုပ်အကိုင် ခန့်ခန့်ထည်ထည်ရှိသူ တစ်ယောက်ရယ်လို့ လေးစားအရာထားမှုကိုမရှိ။ ကိုကိုချစ် ဘယ်လောက်ပဲ စိတ်ဆိုးနေပါစေ သူတို့ကတော့ ပြောရဲဆိုရဲ ရှိနေသည်သာ။

"ဒါနဲ့ဟိုနေ့က ခင်ဗျားဆီကို အစ်မကြီး ချောချောတစ်ယောက် လာသွားသေးတယ်ဆို၊ ဘယ်လိုလဲ၊ ဒီအဆောင်က ပြောင်းဖို့နီးစပ်ပြီလား"

"ဒီတစ်ခါတော့ တော်တော်နီးစပ်ပြီ ထင်တယ်၊ မိန်းကလေးကိုယ်တိုင်က လိုက်လာတာဆိုတော့ တို့လူပျိုကြီးကံဇာတာက အရှိန်းမြင့်လာတဲ့ သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ … လူပျိုကြီးကျွေးတဲ့ သရက်သီးစားပြီးမှတော့ ကျွန်တော်တို့ကလည်း သူ့အတွက် ဗိုင်းဆုတောင်းပေးရမှာပေါ့"

"ဆုတောင်းပေးနေစရာ မလိုဘူးဟေ့၊ ငါတို့ အစ်ကိုကြီးက ရုပ်ပါရော ပညာရော အလုပ်အကိုင်ရော အားလုံးပြည့်စုံပြီးသား၊ လူပျိုကြီးဆိုတဲ့ဂုဏ်ကို မက်လွန်းလို့သာ အိမ်ထောင်ပြုဖို့ ဇွတ်အတင်း ရှောင်တိမ်းနေတာ၊ သူသာလိုချင်ရင် သူ့နောက်လိုက်မယ့် မိန်းမတွေမှ အများကြီး၊ အဆောင်တိုင်ရာရောက်တောင် လိုက်လာကြရတာ မဟုတ်လား"

ကိုကိုချစ်မှာ သူတို့မမြင်အောင် တိတ်တိတ်လေး အံကြိတ်လို့ပဲ နေရလေသည်။ သင်းတို့က လူပျိုကြီးဆိုတာကို လှောင်စရာကြီးလို့ မြင်နေကြတာ။ ကိုယ်က ဒါကို ဆတ်ဆတ်ထိမခံ ဖြစ်နေလျှင် ပိုလို့တောင် ရယ်လို့ ဟားလို့ ကောင်းနေကြဦးမည်။ ဒီတော့ ခပ်တည်တည်နေနိုင်ပါမှ။

❤ ✿ ❤



မငြိမ်းချမ်းရဲ့ လက်တစ်ဖက်က သရက်သီးပန်းကန်ဆီ လက်လှမ်းလိုက်တာ တွေ့လိုက်တာနဲ့ …

"ဟေ့ … အဲဒီသရက်သီး နင် မစားနဲ့"

ကိုကိုချစ် အသံကြီးက မိုးခြိမ်းသလို ထွက်လာတာ၊ *တွတ်တွတ် စကားတွေများပြီး စားကောင်းသောက်ကောင်း*နေကြသော တစ်အုပ်စုလုံးက အလန့်တကြား လှည့်ကြည့်လာကြသည်။

မငြိမ်းချမ်း ကိုယ်တိုင်လည်း ဘယ်လိုမှ နားမလည်နိုင်စွာ သူ့ဆရာသမားကို မျက်လုံးပြူးလေးနဲ့ ကြည့်နေမိလေသည်။

"အစ်ကိုကြီး … ငြိမ်းကို ပြောတာလား"

"အဟုတ်ပေါ့၊ နင့်ကိုမပြောလို့ ဘယ်သူ့ကို ပြောရမလဲ"

"ငြိမ်းက ဘာဖြစ်လို့ မစားရမှာလဲ၊ မတည့်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ထပ်မေးမနေနဲ့၊ နင် စားကိုမစားရဘူး"

"မဟုတ်သေးပါဘူး၊ ငြိမ်းက ဘာအပြစ်လုပ်ထားမိလို့ အစ်ကိုကြီးက စိတ်ဆိုးနေရတာလဲ၊ တစ်နေ့ကညနေအထိက အကောင်း၊ မနေ့က အစ်ကိုကြီးနားရက်၊ ဒီနေ့မနက်လည်း ဘာစကားမှတောင် မပြောရသေးဘူး"

"အေး ... စကားသာ မပြောရသေးတာ၊ ငါ့စိတ်ထဲမှာ နင့်ကို နှပ်နှပ်စဥ်းပစ်ချင်နေတာဟော့"

"ရှင် ... ဘာဖြစ်လို့"

"အကြံကောင်းတွေ ထွက်လွန်းလို့၊ နင်လိုမိန်းမကိုများ ကုမ္ပဏီမှာ အကြံပေးခန့်လိုက်ရင်တော့ ဒီကုမ္ပဏီကြီး ဝက်ဝက်ကွဲ အောင်မြင်သွားမှာပဲ"

"ငြိမ်းက အကြံပေးလည်း ဟုတ်မှမဟုတ်တာ၊ ကုမ္ပဏီမှာ အောက်ခြေရာထူး၊ သေးသေးကလေးပဲဟာ၊ ငြိမ်းကြောင့်တော့ ကုမ္ပဏီကြီး ဘာမှဖြစ်မသွားနိုင်ပါဘူး"

"တော် ... တော် ... ငါ့ကို တစ်ခွန်းမခံ ပြန်ပြောမနေနဲ့၊ နင့်ကြောင့် ... နင့်ကြောင့် ငါ ဒုက္ခရောက်ရတာ၊ နင့်အကြံပေးကောင်းလို့"





ကိုကိုချစ် အသံက ခပ်တုန်တုန်ပင် ဖြစ်လာသည်။ အများရှေ့မှာ မသင့်တော် ဖြစ်တော့မှာကို ကြိုမြင်လိုက်သည့် မငြိမ်းချမ်းက ကိုကိုချစ် ရုံးခန်းထဲ အရင်ပြေးဝင်နှင့်ရပါသည်။

"နင့်အကြံတွေလေ၊ ခင်လပြည့်ကို ချော့ချင်ရင် အသီးအနှံလက်ဆောင်ပေးဆိုလို့ ငါက ဒီစိန်တစ်လုံး သရက်သီးတွေဝယ်ပြီး သွားပေးတာ၊ ဟိုက တစ်အိမ်လုံး ဝမ်းလျှောပြီး မြော့မြော့ပဲ ကျန်တဲ့အချိန် ဖြစ်နေပါရောလား၊ ငါ့ကိုလည်း သူတို့မိသားစုကို တမင်သက်သက် လာလုပ်ကြံတာပါဆိုပြီး စွပ်စွဲလိုက်တာ တအားပဲ"

မငြိမ်းချမ်းက မျက်တောင်လေး ပုဟ်ခတ် ပုတ်ခတ်နှင့် မသိနားမလည်သည့် ရုပ်ကလေး ဖြစ်နေကာ ...

"ဒီလောက်ကြီးအထိတော့ စွပ်စွဲစရာ အကြောင်းမရှိပါဘူး၊ ကိုယ်က မသိလို့ သွားပေးမိတာပဲ၊ မစားချင် မစားဘဲ နေလို့ရတဲ့ဟာ၊ အဲဒီ မခင်လပြည့်တို့က လွန်တာပေါ့၊ ပြီးတော့ အစ်ကိုကြီးကို ငြိမ်း အကြံပေးတုန်းက အသီးအနှံလို့ပဲ ပြောတာနော်၊ အရည်ရွှမ်းတဲ့ အသီးလို့တောင် ထည့်မပြောမိသေးတယ်၊ ပန်းသစ်တော်တို့၊ ဂရိတ်ဖရုတ်တို့၊ ကီလိုသချွတ်သီးတို့၊ ဟိုးဒယားပန်းသီးတို့၊ နဂါးမောက်သီး၊ သစ္စားရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရာဝယ်လို့ရရဲ့သားနဲ့ အစ်ကိုကြီးက သရက်သီးမှ သွားဝယ်မိတာ ငြိမ်းနဲ့မဆိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် နင်က စပေးတဲ့အကြံပဲ၊ နင် ငြိုဟ်မွှေတာ၊ ငါ့ရဲ့ရည်မှန်းချက်တွေကို နင် ဖျက်ဆီးတာ"

မငြိမ်းချမ်း မျက်နှာက သိသိသာသာ ပျက်ယွင်းသွားသည်။ ကိုကိုချစ်ကလည်း ကုလားမနိုင် ရနိုင်မဲဆိုသလို ခင်လပြည့်ဆီမှာ အပြောအဆို ခံလာရသမျှ ထွက်ပေါက်အဖြစ်နဲ့ ပေါက်ကွဲပစ်တာ။ သူတစ်ဖက်သားကို ထိခိုက်နစ်နာအောင်၊ စိတ်ဒုက္ခရာရအောင် လုပ်ပစ်လိုက်ချင်သည့်ဆန္ဒ ရှိလို့တော့ မဟုတ်ပါ။

"ငြိမ်းကို မတရား မစွပ်စွဲပါနဲ့၊ အစ်ကိုကြီးကို ငြိမ်းက ကိုယ့်အထက်လူကြီးလိုတောင် မကဘူး၊ ကိုယ့်အစ်ကိုတစ်ယောက်လိုပါ သဘောထားတာ၊ အဖေ့ဆီ စာရေးရင်တောင် အစ်ကိုကြီး ဘယ်လောက် စိတ်ကောင်းရှိကြောင်း၊ ငြိမ်းကို ဘယ်လောက် စောင့်ရှောက်ကြောင်း အမြဲထည့်ရေးတာ၊ လူတွေက အစ်ကိုကြီးကို လှောင်ချင်ရင် အတင်းပြောချင်ရင်တောင် ငြိမ်းက ကာကွယ်ပေးတာ၊ အခုတော့ ငြိမ်းထားတဲ့ သံယောဇဉ်တွေ စေတနာတွေ အလကားပဲ"





မငြိမ်းချမ်းက ပြောရင်း ပြောရင်း ငိုသံပါလာကာ မျက်ရည်လေးလည်း ဝဲတဲ ဝဲတဲ ဖြစ်လာသည်။

ကိုကိုချစ်ကတော့ ခဏအတွင်းမှာ သူ ဘာတွေဖြစ်သွားပါလိမ့်လို့ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ဘဲ ငိုင်တွေတွေ ကျန်ရစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရုံးခန်းထဲ ခင်လပြည့် လှမ်းဝင်လာတာကို တွေ့လိုက်ရတာဟာ အလင်းရောင်တန်းတွေ ခန္ဓာကိုယ်က ဖြာထွက်နေသည့် နတ်သမီးလေး ဝင်လာသလိုပဲ ကိုကိုချစ်က ခံစားမိလိုက်သည်။

"လပြည့် ... ခင်လပြည့်၊ ကိုယ့်ဆီ လာသေးတယ်၊ ဟုတ်လား၊ ကိုယ့်ကို စိတ်မဆိုးဘူးပေါ့နော်"

ပြောလည်းပြော ခင်လပြည့် မျက်နှာထားကိုလည်း အကဲခတ် ကြည့်ရသေးသည်။

ခင်လပြည့်ရဲ့မျက်နှာက ခပ်ကြည်ကြည်၊ ခပ်ရှင်းရှင်း၊ ခပ်အေးအေး ဆိုတော့ သူမတို့မိသားစုကို သေကြောင်းကြံစည်မှုနဲ့ တရားစွဲဖို့လာတာတော့ မဟုတ်နိုင်ဘူးထင်သည်။

"လပြည့်တို့က လူကြီးတွေ ဖြစ်နေပါပြီ ကိုကိုချစ်ရယ်၊ ကလေးကလားကိစ္စတွေနဲ့ တစ်ယောက်ကို တစ်ယောက် ငြိုငြင်ရမယ့်သူတွေမှ မဟုတ်တော့တာ"





"ဟုတ်တာပေါ့၊ သိပ်မှန်တာပဲ၊ လပြည့်မှာ အခုလို ကြည်လင်တဲ့အမြင်ရှိတာ ကိုယ်သိပ်ဝမ်းသာတာပဲ၊ လပြည့်အစ်ကိုက ကိုယ့်ကို လျှောက်ပြောနေတော့ လပြည့်တို့ သူ့စကားကို နားယောင်သွားမှာ စိုးတာနဲ့ ကိုယ့်မှာ နေမထိထိုင်မသာ ဖြစ်နေရတာ"

ခင်လပြည့်က ဖွဖွလေးပြုံးသည်။ သူမရဲ့အပြုံးက ကိုကိုချစ် ရင်ကို အေးချမ်းသွားစေလိုက်တာများ။

"ကိုလေးက ဒီလိုပါပဲ၊ သူ့စိတ်ကိုက တစ်မျိုးဖြစ်နေတာလေ၊ နည်းနည်းဂေါက်ကြောင် ဖြစ်နေတယ် ပြောရမလား၊ သူ့စကားကိုတော့ လပြည့်တို့က အမှန်ရယ်လို့ သိပ်မယူကြပါဘူး"

"အောင်မယ်လေး ... ဒီလိုလားဗျာ၊ ကျွန်တော့်မှာတော့ အန်တီနဲ့ ခင်လပြည့်က ကိုယ့်တူ၊ ကိုယ့်အစ်ကိုဆိုပြီး ပြောသမျှ ယုံတော့မယ်မှတ်ပြီး စိတ်တွေပူနေလိုက်ရတာ၊ တော်သေးတာပေါ့၊ တော်သေးတာပေါ့"

"အဲဒီလို တွေးမိတာကိုက ရှင်လည်းကြောင်တာ"

ဟုတ်ပါတယ်လေ။ ခင်လပြည့်ရဲ့ ကိုယ့်အပေါ်ထားတဲ့ ယုံကြည်မှုနဲ့ သံယောဇဉ်ကို အထင်သေးမိတာကိုက ကိုယ့်အမှားပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ခင်လပြည့်ဟာ ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်ဖြစ် ကိုယ့်ဘက်က ရပ်တည်ပေးလိမ့်မည်၊ ကိုယ့်အပေါ် ယုံကြည်မှုအပြည့်အဝ ရှိလိမ့်မည်လို့ပဲ အခိုင်အမာ ယူဆထားရမှာ။

"ကျွန်တော်ကိုက မှားတာပါ ခင်လပြည့်ရယ်၊ တကယ်ဆို ကျွန်တော်နဲ့ ခင်လပြည့်တို့က ငယ်ပေါင်းတွေ၊ တက္ကသိုလ်ထဲက တစ်ယောက်အကြောင်း တစ်ယောက်သိလာတဲ့သူတွေ၊ ဘယ်သူကမှ ခင်လပြည့်နဲ့ ကျွန်တော့်ကြားမှာ ခင်ပြီး သွေးခွဲလို့ မရဘူးဆိုတာ ဒီလောက်တောင်ကြီး ထင်ရှား သိသာနေတဲ့ဟာ"

"အင်းပါ ... အင်းပါ"

အခြေအနေကတော့ တော်တော်ကောင်းနေပြီ။ ယောကောင် ကိုကိုချစ်။ မင်း စွန့်စားပြီး ခြေတစ်လှမ်းတိုးလိုက်။ ခင်လပြည့်ကို ပြောစရာရှိတယ်ဆိုပြီး တစ်နေရာရာမှာ ချိန်းလိုက်။ ကိုယ်ပြောမယ့်စကားဟာ ဘယ်လိုစကားမျိုးလဲဆိုတာ ခင်လပြည့်လို ပါးနပ်ထက်မြက်တဲ့ မိန်းကလေးမျိုးက သိမှာပဲ။ သိရက်နဲ့လာပါမယ်လို့ ကတိပြုတယ်ဆိုရင်တော့ မင်းပိုင်ပြီ။ ငါးဆယ်မှာ နှန်းတော့ သေချာပြီ။

"ဒါနဲ့ ခင်လပြည့်ကိုလေ ... ဟို ..."





ကိုကိုချစ် စကားတောင် စရသေးခင် ရှုံးခန်းတံခါး ပွင့်လာကာ ...

"ခင်ရယ် ... စောင့်လိုက်ရတာကွာ၊ ခင်က ခဏလေးဝင်နှုတ်ဆက်ရုံပါလို့ ပြောသွားပြီး"

အလို ...။ သက်အောင်ထင်ပါလား။ ခင်တွေ ဘာတွေနဲ့ ဘယ်သူ့ကို ပြောနေတာလဲ။ ငါ့ကိုတော့ မဟုတ်လောက်ဘူး ထင်ပါရဲ့။ ဒီကောင်ဟာ မိန်းမရှုပ်တာ ပွေတာသာရှိတာ ယောက်ျားချင်း ဆိုတာမျိုးတော့ မဖြစ်လောက်ပါဘူး။

"ပြီးတော့မှာပါ၊ ဒီမှာ ကိုကိုချစ်က စကားပြောကောင်းနေသေးတာနဲ့ ချိန်းထားတဲ့ အချိန်ကလည်း လိုပါသေးတယ်လေ"

"ကိုကိုချစ်တော့ နားမလည်နိုင် ဖြစ်နေတယ်ထင်တယ်၊ ဒီလိုဗျ ကိုကိုချစ်ရ၊ ခင်ဗျားကောင်းမှုကြောင့်လို့ပဲ ပြောရမလား၊ ခင်ဗျား မိတ်ဆက်ပေးလို့ ခင်နဲ့ ကျွန်တော် သိသွားကြရာက အခု ချစ်သူတွေဖြစ်ပြီး မကြာခင် လက်ထပ်ကြဖို့ စီစဉ်နေတာလေ၊ ဒီနေ့ ဟိုတယ်မှာ ဒိတ်သွားယူဖို့ စီစဉ်ထားကြတာ၊ ခင်က ခင်ဗျားကို ဝင်နှုတ်ဆက်ချင်တယ် ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လျက်သားကနေ အတောင့်သားကြီး နောက်ဘက်ကို ပက်လက်ပစ်လဲကျသွားလိုက်ချင်တော့တာပါပဲ။

မျက်နှာကြီးက နံပြားဖိုထဲ ထိုးထည့်ခံလိုက်ရသလို ကြွပ်ကြွပ်ကြီး ပူနေသည်။ သက်အောင်ထင်နဲ့ ခင်လပြည့်၊ ခင်လပြည့်နဲ့ သက်အောင်ထင် ... သူတို့နှစ်ယောက်က ...

"တကယ်တော့ ခင်ဗျားကြောင့် ကျွန်တော်တို့ ဖူးစာဆုံရတာပါပဲ၊ ခင်ရေ ... ကိုကိုချစ်ကို ကိုယ်တို့တစ်ရက်လောက်ခေါ်ပြီး ဆပ်ပလိုင်း လုပ်ရအောင်"

"ကို့သဘောပဲလေ၊ ခင်တို့ကတော့ မိတ်ဆွေရင်းချာတွေဆိုတော့ အားနာစရာ မရှိပါဘူး"

တော်ပါပြီ ... တော်ပါပြီ။ မိတ်ဆွေရင်းချာတဲ့။

ဒီလိုသတ်မှတ်ချက်ကြီးနဲ့ပဲ ပြီးဆုံးသွားရတာတွေဟာ ဘယ်လိုက်တရားကြောင့်ပါလဲ။

ခင်လပြည့်ဟာ ကိုကိုချစ်ရဲ့ နောက်ဆုံးပစ်မှတ်လောက်ပဲ ဖြစ်နိုင်သည်။ အခုတော့ ဒီနောက်ဆုံးပစ်မှတ်ကလေးဟာလည်း ကိုယ့်နောက်ကလိုက်ပြီးမှ ကိုယ့်ကိုကျော်တက်သွားသည့်သူနောက် ပါသွားရပြီဆိုတော့ ကိုကိုချစ်ဘဝ နိဂုံးအဆုံးသတ်ဟာ ...။

❤ ❤





ခုတလော ကိုကိုချစ် တစ်ယောက် ငိုင်တွေတွေကြီး ဖြစ်နေမိသည်။ ရုံးမှာဆိုလည်း အလုပ်တွေကို ပုံမှန်လုပ်ကိုင်နေရပေမယ့် တက်တက်ကြွကြွ၊ စိတ်ပါလက်ပါမရှိ။

အဆောင်မှာလည်း အားလပ်ချိန်တွေ လက်ဖက်ရည်ဆိုင် ထွက်ထိုင်တာတို့၊ အုပ်စုဖွဲ့စကား ပြောတာတို့၊ ဘောလုံးပွဲကြည့်တာတို့ မလုပ်ဖြစ်ဘဲ အခန်းအောင်းကာ တစ်ယောက်တည်း ငေါင်းစင်းစင်း ဖြစ်လို့နေသည်။

အဆောင်သားတွေက လူပျိုကြီး ဘာဖြစ်တယ် ညာဖြစ်တယ် စ,ကြနောက်ကြလျှင်လည်း ပြန်ပြောဖို့နေနေသာသာ ပါးစပ်ပိတ်ကာ ကိုယ့်ပဲ မပြောသလိုလို၊ ကြားပဲ မကြားလိုက်သလိုလို နေ,နေတော့သည်။

ဒီနေ့ဆိုရင်ပဲကြည့်၊ အဆောင်ရှင်က အလှူလုပ်ရှ၍ မုန့်ဟင်းခါးချက်ဖို့ ပဲစွည်းတွေ ဝယ်လာသည့်အထဲမှာ ငှက်

www.burmeseclassic.com



ပျော်တုံး တစ်တုံးလည်း ပါလာသည်။ ညလည်းကျရော ဘယ်သကောင့်သားရဲ့လက်ချက်လည်း မသိဘဲ ထိုငှက်ပျော်တုံးဟာ ကိုကိုချစ်ရဲ့ခုတင်ပေါ်မှာ စောင်ခြုံလျက်သား ရောက်နေသည်။

အရင်ကဆို ဒီလိုစ,ပုံမျိုးနဲ့ အဆောင်ခေါင်မိုးတောင် ပွင့်ထွက်သွားဦးမည်။ ခုတော့ ကိုကိုချစ်ထံက ဘာသံမှထွက်မလာ။ တိတ်တိတ်ဆိတ်ဆိတ်ပင် ငှက်ပျောတုံးကို သူ့နေရာ သူရောက်အောင် ပြန်ထားလိုက်သည်။

လူပျိုကြီးမို့ ငှက်ပျောတုံးဖက်ပြီး သေရမယ်ဆိုသည့် နောက်ပြောင်မှုဟာ ရှိနေပြီဖြစ်ပေမယ့် ကိုကိုချစ် ဘယ်လိုမှ သည်းမခံတတ်သော နောက်ပြောင်မှုမျိုးပင်။ ဘာလို့လဲ၊ ဒီဘဝမှာ မိန်းမ,မလိုချင်လို့ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေသွားသည့် သူမျိုးကို အတင်း ငှက်ပျောတုံး ထည့်ပေးလိုက်တော့ သူတို့ ယတြာသာ တကယ်စွမ်းတယ်ဆိုလျှင် နောင်ဘဝကျ အဲဒီလူဟာ မလိုချင်ဘဲနဲ့ အိမ်ထောင်ကျရရောပေါ့။ ဒါမျိုးကောင်းသလား။ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို လေးစားသင့်တယ်၊ သူ့ဆန္ဒကို မနှောင့်ယှက်သင့်ဘူး စသဖြင့် စုံတကောဇွေအောင် ပြောတတ်သည့်သူ။ အခုတော့ ငှက်ပျောတုံးကိုတောင် ဥပေက္ခာပြုနိုင်ပြီဆိုတော့ တရားပဲ ရသွားတာလား၊ စိတ်ဓာတ်ပဲ ကျလွန်းသွားတာလား။





အဆောင်က ချာတိတ်အုပ်စုအတွက်ကတော့ ကိုကိုချစ်ရဲ့ အနေအထိုင်ကို စောင့်ကြည့် ဝေဖန်၊ အတင်းပြောချင်စရာ ဖြစ်နေသည်။

လောကကြီးက သူ့အပေါ် ဘယ်လိုပဲ သဘောထားထား ကိုကိုချစ်ကတော့ အရင်လို ဂရုမစိုက်တော့ပေ။ သူ့ဘဝသူ စိတ်လည်းနာသည်။ သူ့အချစ်ရေး ကံခေသည့်အဖြစ်ကို ဘယ်သူ့ရှေ့မှာမှလည်း ပြန်မပြောရဲ၊ ရင်ထဲ ကျိတ်ခံစားနေရတာအတွက်လည်း မရိုးနိုင်ဘဲ အနေရ အထိုင်ရခက်ကာ ငုံးဆူလှမသိ ဖြစ်နေသည်။

"လူပျိုကြီး ဦးချစ် ... ဦးချစ် ဧည့်သည်လာတယ်ဗျို့"

ဧည့်သည် ... ဟုတ်ပါရဲ့။ မြို့က ဆွေမျိုးနီးစပ်တော်သည့် ဘုန်းဘုန်းတစ်ပါး ရန်ကုန်ကို [illegible]သာရင်း ကြုံလို့ဝင်လာမယ်ပြောထားတာပဲ။

"အေး ... ငါ လာမယ်၊ နေရာကောင်းကောင်း ပေးထားလိုက်ကွာ၊ ဘုရားခန်းရှေ့ကခုံမှာ ထားပေးလိုက်၊ [illegible]ဝတ်လည်း ပေးထားလိုက်ဦး၊ သောက်ရေတစ်ခွက်လောက်လည်း ကပ်ပေးထားပါ၊ ငါ အခုဆို ရေချိုးနေတာမို့ပြီးသေးလို့ လက်စသတ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို သောက်ရေကပ်ပြီး ခြေသုတ်ဝတ် ပေးထားရမှာလဲဗျ"

"ငါ့ညှိသည်ကိုဟော့"

"လူပိန်ကြီး ... ခင်ဗျားတော့ အချစ်ရေး အဆင်မပြေတာနဲ့ ဂေါက်ကြောင် ဖြစ်နေပြီထင်တယ်၊ ခမဲတော့ လိုနေပါပြီး အဆောင်က ထမင်းချက် အဒေါ်ကြီးဆီက အထက်ဆင်စ တစ်စ ကျွန်တော် တောင်းပေးမယ်၊ ခေါင်းအုံးအောက်မှာ ထားအိပ်၊ အဲဒါဆို အဆင်ပြေနိုင်တယ်"

"ကျော်စိုး ... မင်း ဒါဘာစကားပြောတာလဲ"

"ခင်ဗျားညှိသည် ကောင်မလေးကို သောက်ရေကပ်တို့ ခြေသုတ်ဝတ် ပေးတို့ ပြောနေလို့လေ"

"ဘာ ... ဧည့်သည်က ဘယ်သူ"

"ကောင်မလေးတစ်ယောက်ပါဆို၊ ကျွန်တော်တို့အရွယ် လောက်ပဲရှိမယ်၊ အရင်ကောင်မလေးတွေလောက်တော့ မလှဘူး၊ အသားမည်းမည်း၊ ပိန်ခြောက်ခြောက်နဲ့"

"ဟုတ်ရဲ့လားကွာ၊ မင်း ငါ့ကို နောက်နေတာလား"

"မယုံလည်း သွားကြည့်ပေါ့ဗျာ"

"ငါ့ဆီလာတာ ငါ့ဘကြီးဘုန်းကြီး မဟုတ်ဘူးလား"



"ဘုန်းကြီးနဲ့ တူရအောင် ကောင်မလေးက ခေါင်းတုံးလည်း တုံးမထားဘူး၊ အဝါရောင်တွေ အညိုရောင်တွေလည်း ဝတ်မထားပါဘူးဗျာ"

ဒါဆိုရင်တော့ မိန်းကလေး ဖြစ်တာ သေချာနေပြီ။ ဘယ်သူလဲ။ ဒီကောင်တွေ အဝတ်လျှော်ကုလားမတို့၊ လမ်းထိပ် ထမင်းဆိုင်က ကောင်မလေးတို့ကိုများ နောက်ပြောင်နေတာလား။

မထူးပါဘူးလေ။ ထွက်ကြည့်လိုက်တာပဲ ကောင်းပါတယ်။

ကိုကိုချစ်က ထိုင်ရာက ပျင်းရိပျင်းတွဲထ,ကာ ဧည့်ခန်းထဲ ထွက်လာလိုက်တော့ ...

"မငြိမ်းချမ်း"

ထင်ကို မထင်လိုက်ပါဘူးဗျာ။ ဒီကလေးမက ပိုင်နိုင်ပိုင်နင်းနဲ့ သူ့အဆောင်အထိများ လိုက်လာရတယ်လို့။

"ဘာကိစ္စလဲ"

ကိုကိုချစ် အသံက ခပ်မာမာ ဖြစ်နေသည်။ မငြိမ်းချမ်းကိုမို့လို့ တမင်တကာ မာထားတာတော့ မဟုတ်။ ပင်ကိုစိတ်ရင်း အခံကိုက ကြည်ကြည်လင်လင် မရှိတာမို့ သူ့အသံက မာဆတ်ဆတ် ဖြစ်နေခဲ့တာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းချမ်းကတော့ သူမ လိုက်လာတာကို မကြိုက်လို့ပဲ လေသံကြီး မာထားတာလို့ ထင်ကာ စိတ်မကောင်း ဖြစ်သွားရှာသည်။

"ဒီလိုပါ ... ယောက် အမျိုးတစ်ယောက် အလည်လာလို့ အမေထည့်ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေ လာပေးတာပါ"

"ဟာ ... ငါ့ကို ဘာမှလာပေးမနေနဲ့၊ နင့်အမေပေးတာ ကိုယ့်ဘာသာစားလေ"

"မဟုတ်ဘူး၊ အစ်ကိုကြီးအတွက် သတ်သတ်ထည့်ပေးလိုက်တာတွေပါ၊ ရောက်ရောက်ချင်း သေချာသွားပေးလိုက်ပါ ဆိုလို့ ချက်ချင်းထွက်လာကာ လျှော်စရာအဝတ်တွေတောင် ရေစိမ်ပြီး ဒီအတိုင်း ထားခဲ့ရတယ်"

"အဲဒီလောက် မလိုပါဘူးဟာ"

"ဒီမှာ ငါးပိကြော်တို့၊ ငါးခြောက်ဆီစိမ်တို့၊ ဒါက ငါးဥကြော်တင်တယ်၊ စာကပ်ထားတယ် အရင်စားပါတဲ့၊ ဒီမှာလည်း ပုစွန်ဆီ"

"များတယ် ... များတယ်၊ နင် တစ်ဝက်ပြန်ယူသွား"

"ငြိမ်းဖို့လည်း ပါတယ်၊ တစ်စုံစာ ဆင်တူပဲ၊ ငြိမ်းလည်း တစ်ယောက်တည်းစာဆိုတော့ ပိုမစားနိုင်ဘူး၊ ဒါတွေက



ရေခဲသေတ္တာထဲ ထည့်မထားရင် ကြာကြာမှ အထားခံတာ၊ ပိုယူထားလို့ အလကားပဲ၊ အမေ သိရင်လည်း ဆူမှာ"

"အေးပါ ... ဒါဆိုလည်း ယူထားပါမယ်၊ ဒီလောက်အရေးပေါ်ကြီးတော့ လိုက်လာစရာ မလိုပါဘူး၊ ရုံးရောက်မှပေးလည်း ရသားနဲ့"

"ရုံးမှာဆို လူတွေက ဟိုထင် ဒီထင်နဲ့ ပြောစရာဖြစ်မယ် အစ်ကိုကြီးရဲ့၊ ခုတောင် မစန္ဒာတို့ မအေးအေးတို့ အုပ်စုတွေက ကွယ်ရာမှာ ဟိုပြော ဒီပြောနဲ့"

"ဘာပြောတယ်၊ သူတို့တွေက ဟိုပြော ဒီပြော၊ ပြောရအောင် ငါတို့က ဘာအနေအထိုင် မှားလို့လဲ"

"ဒါတော့ မသိဘူးရှင့်"

"မသိဘူး လုပ်မနေနဲ့၊ ငါ့ဘက်က လုံးဝအနေမှန်တာ၊ သူတို့ ထင်စရာဖြစ်ရင် နင့်ကြောင့်ပဲ၊ နင် အနေအထိုင်မတတ်တာ၊ အခုလိုမျိုးပေါ့၊ ဟိုပေး ဒီပေး ပေးတာ၊ ထမင်းချိုင့်ပိုထည့်လာတာ၊ ကော်ဖီဖျော်ပေးတာ၊ ငါ နင့်ကို ခိုင်းတာလည်း မဟုတ်ဘူး၊ သူများအထင်ခံရစရာတွေတော့ လာမလုပ်နဲ့၊ ငါ လူပြောမခံနိုင်ဘူး"

"အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းချမ်းက မထင်မှတ်ဘဲ အဆူပူခံလိုက်ရတာမို့ အသံလေးတော့င် တဆတ်ဆတ် တုန်သွားရသည်။

"ငြိမ်းက အစ်ကိုကြီးကို ကိုယ့်ကျေးဇူးရှင်လို ဆရာသမားလို သဘောထားတာပါ၊ ငြိမ်း လုပ်ပေးသမျှဟာ ညီမတစ်ယောက်ရဲ့ စေတနာမျိုးပါ၊ ဒါကို သူများအထင်လွဲတာ လူ့သဘာဝမို့ ငြိမ်း ခံနိုင်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီး အထင်မလွဲသင့်ဘူး၊ ငြိမ်းကို ဘယ်လိုမိန်းမစားလဲဆိုတာ အစ်ကိုကြီး ခုလောက်ရှိ သိဖို့ကောင်းပါပြီ"

ကိုကိုချစ်က ဘာမှပြန်မပြောနိုင်။ သူ အမှတ်မထင် ပြောလိုက်မိသည့် စကားတွေဟာ မငြိမ်းချမ်းကို ဒီလောက်ကြီး ထိခိုက်သွားစေမည်လို့ မထင်ခဲ့မိ။

သူ သိပ်လွန်သွားပြီလား။ ပြန်တွေးကြည့်ရသလောက်တော့ မငြိမ်းချမ်းဟာ ဣန္ဒြေရှိသည့် မိန်းကလေး၊ သူ့အပေါ်လည်း ရိုသေလေးစားရှာသည့် ဝန်ထမ်းကလေး။ သူ့စကားတွေဟာ မငြိမ်းချမ်းရဲ့သိက္ခာကို ထိပါးစော်ကားရာ ရောက်သွားပြီ။

တောင်းပန်မယ်လို့ စိတ်ကူးရလိုက်သည့် အချိန်မှာပဲ မငြိမ်းချမ်းက ထွက်သွားနှင့်ပြီ။



●

လစ်ဟာနေသည့် မငြိမ်းချမ်းရဲ့ထိုင်ခုံကိုကြည့်ပြီး ကိုကိုချစ် ရင်ထဲမှာလည်း ဟာတာတာလိုလို။

မငြိမ်းချမ်း အလုပ်ကိုမလာတာ နှစ်ရက်ရှိသွားပြီ။ အရေးကြီးကိစ္စရှိတယ်ဆိုပြီး ခွင့်သုံးရက်စာ လာတင်သွားသည်လို့ စာရေးလေး မောင်အောင်ကြည်က ပြောသွားသည်။

ဒီနေ့မှ နှစ်ရက်ပဲ ရှိသေးတာ။ သူ ဘာဖြစ်လို့ နှုတ်ထဲ မနေတတ် မထိုင်တတ်ကြီးလို ဖြစ်နေရတာပါလိမ့်။

မငြိမ်းချမ်း မရှိပေမယ့် သူ့မနေရာကို ကောင်လေးတစ်ယောက် အစားဝင်ပါသည်။ အဲဒီကောင်လေးက သိပ်မကြာသေးခင်ကပဲ အလုပ်သင်အဖြစ်နဲ့ဝင်လာတာ။ ကုမ္ပဏီမှာ ဟိုနေရာလို ဟိုနေရာဝင်၊ ဒီနေရာလို ဒီနေရာဝင်နဲ့ ဂျိုကာဝင်လုပ်ရင်း အလုပ်သင်နေတာ။ မငြိမ်းချမ်း နေရာကို အစားဝင်တာဆိုပေမယ့် မငြိမ်းချမ်းထက် သွက်လက်ကျွမ်းကျင်ပါသည်။ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



တာလည်း ယဉ်ကျေးပြီး အလိုက်သိတတ်တာမို့ အလုပ်ထဲမှာ အခက်အခဲတွေ့တာမျိုးတော့ မရှိ။

ဒါပေမဲ့ ဘာကြောင့် မငြိမ်းချမ်းနဲ့ မတူရပါသနည်း။

ထမင်းစားချိန်မှာ ရုံးခန်းထဲ ချိုင့်ဖွင့်မစားဘဲ အောက်က ထမင်းဆိုင်မှာ သွားစားတတ်လို့လား၊ သနပ်ခါးနံ့၊ အုန်းဆီနံ့ မသင်းပျံ့ဘဲ ရေမွှေးနံ့ ဘော်ဒီစပရေးနံ့ တသင်းသင်း ထွက်နေလို့လား၊ နေ့လယ်မှာ အခန်းထဲ အဆင်သင့်ရှိသည့် ကော်ဖီထုပ်၊ နို့ဆီ၊ သကြားပုလင်း ရေနွေးတွေနဲ့ ကိုယ်တိုင် ကော်ဖီဖျော်မပေးဘဲ ဆိုင်က လက်ဖက်ရည်ပဲ ဆင်းဝယ်ပေးတတ်လို့လား၊ အသံစာစာနဲ့ တညီညီ နားငြီးအောင် မပြောတတ်လို့ပဲလား။

မတူ ... ဘာဆိုဘာမှမတူ။ မငြိမ်းချမ်းရဲ့စားပွဲမှာ လူတစ်ယောက် ထိုင်နေပေမယ့် ဘယ်သူမှမရှိတဲ့ ဟင်းလင်းလွတ်နေသလိုလို ထင်မိသည်။

လူသစ်ကောင်လေးရဲ့အသံကို ကြားနေရပေမယ့် ဘာသံမှ မကြားရသလို ထင်မိသည်။

နောက်ဆုံး ကောင်လေးရဲ့ ရှင်းလင်းသပ်ရပ် တိကျသော လက်ရေးကိုတောင် ဘဝင်မတွေ့နိုင်ဘဲ သူ အမြဲတမ်းစိတ်ညစ်စွာ ဆုပ်ပွနေခဲ့ရသည့် မငြိမ်းချမ်းရဲ့ ပဲပင်ပေါက် မင်သုတ်ပြီး





စာရွက်ပေါ် ဖြတ်ဆွဲထားသည့် စုတ်စုတ်ပြတ်ပြတ် လက်ရေးကိုပဲ တမ်းတနေမိတော့တာ။

သူ တစ်ခုခုတော့ ဖြစ်နေပြီ။ ဘာများဖြစ်နေပါသလဲ။

ထိုမေးခွန်းကို နှစ်ရက်လုံးလုံး ကိုကိုချစ်က ထပ်ခါတလဲလဲ မေးနေမိသည်။ သို့သော် အဖြေကမထွက်။ ဘယ်ထွက်ပါ့မလဲ။ မေးခွန်းထုတ်သည့်သူက ကိုယ်ပဲဖြစ်ပေမယ့် မေးခွန်းထုတ်သူကိုယ်တိုင် မသိသည့် မေးခွန်းမျိုးကို ထုတ်မိတာဆိုတော့ အဖြေထွက်ဖို့ရာလည်း မျှော်လင့်ချက်က နည်းလှသည်။

လွန်လွန်ကျွံကျွံတွေ ပြောလိုက်မိလို့ပဲလား။ သနားအားနာစိတ်နဲ့ စိတ်မကောင်းဖြစ်ကာ သတိရနေမိခြင်းလား။

ဒါဆိုလည်း ရုံးဘေးနားက နာမည်ကျော် လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ထက် မငြိမ်းချမ်းရဲ့ အပြစ်ဖျော်ထားသည့် ကော်ဖီကို ပိုပြီးတမ်းတမိတာကရော။

ဆရာ လက်ဖက်သုပ်ကလေး ဂျင်းသုပ်ကလေး စားပါဦးဆိုပြီး ပလတ်စတစ်ဘူးလေး လာထိုးပေးတတ်သည့် အပြုအမူလေးကို သတိတရ ရှိမိတာကရော။

မငြိမ်းချမ်းရဲ့ခြေသံဟာ မြေကြီးပေါ် ကြွလျှောက်သည့်အသံမျိုး မဟုတ်ဘဲ ဖိနပ်ပြတ်လို့ လျှပ်တိုက်လျှောက်ရသည့်

www.burmeseclassic.com



တရှုပ်ရှုပ် အသံမျိုးလို့ ဘာကြောင့်များ တခုတ်တရ တွေးနေမိသေးတာလဲ။

အဆောင်က ကောင်တွေ ပြောသလို ခမဲများလို့နေပြီလား။ မငြိမ်းချမ်းလို မိန်းကလေးကို သတိတရ တမ်းတမဆုံးဖြစ်နေတဲ့ ကိုကိုချစ်ရဲ့စိတ်ကရော ပုံမှန်ဟုတ်ပါသေးရဲ့လား။

အလုပ်ထဲမှာ တကျိတ်ကျိတ် ဆွေးနေရသည့် အတွေးက အဆောင်ရောက်တော့လည်း မပြီးဆုံး။

မူယာကြော့၊ သမုဒ္ဒရာ၊ ခင်လပြည့်။ သူတို့သုံးယောက်တုန်းကလည်း ကိုကိုချစ် ရင်ထဲမှာစွဲပြီး အတွေးထဲနေရာယူနေကြတာပါပဲ။ ဒါပေမဲ့ ရင်ထဲ ကျဉ်တင်တင်၊ အောင့်မျက်မျက်နဲ့ ဆူးစူးဝင်နေသလိုမျိုး ခံစားချက်နဲ့ အချိန်ပြည့် သတိရနေမိတာမျိုးတော့ မဟုတ်ချေ။

စွဲလမ်းမှုနဲ့ အချစ်ဆိုတာ တူမလိုလိုနဲ့ ကွဲပြားသည့် ခေါင်းစဉ်တွေပဲလား။

အဲ ... ဒါဆို ရှေ့မိန်းကလေးတွေအပေါ် ထားမိသည့် စိတ်ထားက စွဲလမ်းမှုသက်သက်ပဲဖြစ်ပြီး မငြိမ်းချမ်းအပေါ် ထားသည့် သဘောထားကတော့ ...

အချစ် ...။



အိပ်နေရာကနေ ဝုန်းခနဲ ထထိုင်မိသည်အထိ လှုပ်ရှားပေါက်ကွဲသွားရသည်။

မငြိမ်းချမ်းနဲ့ အချစ်ဆိုတာ သူ ဘယ်တုန်းကမှ ရောထွေးတွဲစပ်ပြီး မတွေးကြည့်ဖူးပါလား။

တွေးကြည့်လိုက်မိတော့ ကိုကိုချစ် တစ်ကိုယ်လုံးက သွေးတွေကို ဒယ်အိုးထဲထည့်ပြီး မီးမျှဉ်းမျှဉ်းနဲ့ တဖြည်းဖြည်း အပူတိုက်နေသလို ပူနွေးဆူပွက်လာရသည်။

အချစ်ဆိုတဲ့အကြောင်း သူ သေသေချာချာ မတွေးကြည့်ဖူးပါ။ မိန်းကလေးတစ်ယောက်ရဲ့ အလှအပကို သဘောကျသည်။ သူမရဲ့လှုပ်ရှားမှုလေးတွေကို ရင်ခုန်သည်။ သူမရဲ့သာယာသည့် စကားသံလေးတွေကို နားထောင်ရင်း ကြည်နူးသည်။ သူမရဲ့အရည်အချင်းတွေကို အလေးထားသည်။ ဒါနဲ့ပဲ သူမဟာ ကိုကိုချစ်ရဲ့ စိတ်ကူးယဉ်မင်းသမီး ဖြစ်လာခဲ့တော့တာ။

မငြိမ်းချမ်းကျတော့ ဒီလိုမဟုတ်။ ရုပ်ရည်၊ အသံ၊ အပြုအမူ၊ အရည်အချင်း ဘာဆို ဘာမှ အမှတ်ပေးစရာမရှိ။ ကိုကိုချစ် ခေါင်းထဲမှာလည်း သူမကို မိန်းကလေးတစ်ယောက်ရယ်လို့ အသိအမှတ်ပြု တွေ့ပေးတာမျိုး မရှိခဲ့ဖူးပါ။

www.burmeseclassic.com

www.burmeseclassic.com



တွေးမယ့်တွေးမိတော့လည်း ရုတ်တရက်ကြီး။ သစ်ဆွေးတုံးတစ်တုံးကနေ မှိုတစ်ပွင့် ချက်ချင်းပေါက်လာသလိုမျိုး။

အချစ်ဆိုတာ ဒါမျိုးလား။ ရင်ထဲ မသိမသာ ကိန်းအောင်းနေပြီးမှ ရုတ်တရက် ချက်ချင်းကြီး သိသာထင်ရှားလာတတ်တာမျိုးလား။

ဒါမှမဟုတ် မငြိမ်းချမ်းဟာ အိမ်ရှင် မသိအောင် အိမ်ထဲ တိတ်တိတ်လေး နိုးဝင်တတ်သည့် သူခိုးတစ်ယောက်လို သူ့ရင်ထဲ အသာလေး နိုးဝင်နေရာယူထားခဲ့တာ ကြာပဲကြာခဲ့ပြီလား။

သေသာသေလိုက်ပါတော့ ကိုကိုချစ်ရယ်။ လူပျိုကြီးဘဝနဲ့ တစ်သက်လုံး နေလာပြီး ချစ်မှချစ်သွားတော့လည်း မငြိမ်းချမ်းတဲ့လား။

အသိစိတ်က ထိုခံစားချက်ကို ငြင်းပယ်ချင်သည်။ မသိစိတ်က ကြုံကြုံခံ တွန်းလှန်ထားသည်။ မငြိမ်းချမ်းဟာ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ်၊ သူ့စိတ်က နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ သူမကို ချစ်မိပြီဆိုလျှင် ထိုစိတ်ကို ဘယ်လိုမှ ပြောင်းပစ်လို့ မရတော့။





ကဲ ... ဒီလိုမှတော့ မထူးတော့ပါဘူးကွာ။ မငြိမ်းချမ်းကို ချစ်မိမှတော့ ပွင့်ပွင့် လင်းလင်းပဲ ဖွင့်ဟဝန်ခံလိုက်ရုံပေါ့။ ကိုကိုချစ်တို့ အသက်အရွယ်ဆိုတာ ဟိုဟိုဒီဒီ စဉ်းစားချင့်ချိန်နေတိုင်း ကောင်းတဲ့အရွယ် မဟုတ်တော့ဘူး။ အသက်ဆိုတာ ပုပ်သိုးသွားတတ်တဲ့အရာ မဟုတ်ပေမယ့် အိုမင်းရင့်ရော်လာတတ်တဲ့အရာလေ။ အသက်လေးဆယ်ကျော်မှ ရည်းစားတွေထား၊ အိမ်ထောင်တွေပြု လုပ်ရမှာက ရှက်စရာကြီး။

အားတင်းလိုက်စမ်း ကိုကိုချစ်ရေ။ အရင် သုံးယောက်တုန်းက မသေချာ မရေရာမှုတွေနဲ့ စိုးတထိတ်ထိတ် တွန့်ဆုတ်ခဲ့ရတာ။ မငြိမ်းချမ်းကတော့ ကိုယ့်အတွက်သက်သက် လူဖြစ်လာရသည့် မိန်းကလေးလို့တောင် ပြောလို့ရသည်။ ကိုကိုချစ်ကမှ မကြိုက်လျှင် သူမကို ကြိုက်မည့်သူ မရှိ၊ ကိုကိုချစ် အပေါ်မှာလည်း ကြင်နာမြတ်နိုး အားကိုးတွယ်တာနေသည့်သူ။ ကိုယ့်ဘက်က လုံးဝ လုံးဝ အပိုင်။

ကြာပါတယ်ကွာ ... မြန်မြန်လာ ... အဲလေ ... ယောင်လို့။ ကြာပါတယ်။ မနက်ဖြန်မနက် မိုးလင်းတာနဲ့ နှင်းဆီပန်းအဖြူလှလှ ဆယ်ပွင့်လောက်ဝယ်ပြီး မငြိမ်းချမ်းဆီ



www.burmeseclassic.com

www.burmeseclassic.com



တန်းသွားလိုက်တော့မယ်။ တွေ့တာနဲ့ နင့်ကို ငါချစ်နေတာယ်ဆိုပြီး အမြန်ဆုံး ဖွင့်ပြောလိုက်တော့မယ်။ အိုကွာ ... မထူးပါဘူး။ တစ်ခါတည်း လက်ထပ်ခွင့်တောင်းရုံမကဘူး အမြန်ဆုံး ရုံးတက် လက်မှတ်ထိုးပြီး လက်ထပ်ပစ်လိုက်တာပဲ ကောင်းတယ်။



အငှားကားဆရာကို နှစ်ထောင်ကြီးများတောင် ပေးလိုက်ရသည့်အတွက် နည်းနည်းတော့ နမြောတသ ဖြစ်သွားမိသား။

ပုံမှန်အတိုင်းကတော့ ရုံးသွားလျှင် ရုံးကား၊ ဟိုဟိုဒီဒီ အပြင်သွားလျှင် လိုင်းကား၊ အနီးအနားကိုတော့ ခြေလျင်ပဲ သွားနေကျပါ။

ဒီခရီးကတော့ ကိုယ့်နှလုံးသားရေးအတွက် အရေးကြီးသည့် ခရီးလေ။ လိုင်းကားကြီး တိုးစီးသွားဖို့ မသင့်တော်ပါဘူး။ ပြီးတော့ လက်ထဲမှာ နှင်းဆီပန်းဆယ်ပွင့်ကို ဖဲကြိုးနဲ့စည်းထားသည့် ပန်းစည်းကြီးနဲ့။ လိုင်းကားသာ တိုးစီးလိုက်လို့ကတော့ ပန်းစည်းကနေ အရိုးတံတွေပဲကျန်မည်။

ဒါနဲ့ပဲ ကုန်ကုန်ခန်းခန်းဆိုပြီး ငွေနှစ်ထောင်အကုန်ခံကာ အငှားကားနဲ့ ခန့်ခန့်ညားညား သွားလိုက်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းချမ်း ဗိုက်နေသည်ဆိုတဲ့ အဆောင်ရှေ့ရောက်လို့ ကားရပ်လိုက်တာနဲ့ ကိုကိုချစ် ရင်တွေလည်း တဒိတ်ဒိတ်ခုန်လာပါလေရော။

ဒါဟာ ကိုကိုချစ် ဘဝအတွက် အရေးအကြီးဆုံးနေ့လေ။ ပြောသာ ပြောရတယ် ကိုကိုချစ် တစ်သက်မှာ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ သေသေချာချာ ဖွင့်ပြောရမှာ၊ ဒီတစ်ကြိမ် ပထမဆုံးပဲ။ နောက်ဆုံးအကြိမ်လည်း ဖြစ်နိုင်သည်။ နောက်ဆုံးအကြိမ်ရယ်တော့ မဟုတ်ပါဘူးကွာ၊ ပွဲသိမ်းတာပါ။ ကိုကိုချစ်ဆိုတဲ့ နာမည်ရှေ့က "လူပျိုကြီး"ဆိုတဲ့ ဂုဏ်ပုဒ်ကို တစ်ခါတည်း ဖယ်ရှားပစ်မယ့် ပွဲသိမ်းနေ့ပါ။

ပြောသာပြောရ ခြေဖျားလက်ဖျားတွေအေးပြီး ဒူးတွေတဆတ်ဆတ် တုန်လာရသည်။ ငါ့နှယ်နော်။ ဒီလိုကောင်မလေးအတွက်နဲ့များ ဒီလိုဖြစ်နေရတယ်လို့။ မငြိမ်းချမ်း ဆိုတာ ကိုကိုချစ်က ဘယ်အချိန်ထ,ပြောပြော ခေါင်းညိတ်ပြီးသားဆိုတဲ့ အထဲက ဖြစ်နေမှာ။ ဘာမှကြောက်နေစရာ၊ စိုးရိမ်နေစရာ မလိုပါဘူး။

ကိုကိုချစ်က ကိုယ့်စိတ်ကိုယ် အမျိုးမျိုး အားပေးကာ အဆောင်ထဲ လှမ်းဝင်လိုက်သည်။





ကံကောင်းထောက်မချင်လို့လား၊ ဖူးစာဆုံချင်တယ်လို့ပဲ ပြောရမလား။ ကိုကိုချစ်လည်း အဆောင်ဘက် ခြေဦးလှည့်လိုက်ရော မငြိမ်းချမ်းလည်း အဆောင်ထဲက ထွက်လာပါလေရော။

"အစ်ကိုကြီး"

မငြိမ်းချမ်းလို့ပဲ ခေါ်နေကျအတိုင်း ခေါ်ရမလား၊ ငြိမ်းလို့ပဲ ခေါ်လိုက်ရကောင်းမလား။

"ငြိမ်း ... ငြိမ်း"

စိတ်ထဲ မရွံ့မရဲနဲ့မို့ ခေါ်သံက ပလုံးပထွေး။

"အစ်ကိုကြီးက ငြိမ်းဆီ လာတာလား၊ တိုက်ဆိုင်လိုက်တာ"

ဘာများ တိုက်ဆိုင်တာလဲ။ မငြိမ်းချမ်းက သူ့ကို သတိရတဲ့အချိန်နဲ့များ တိုက်ဆိုင်နေတာလား။

"ငြိမ်းက ခုပဲ အပြင်ထွက်တော့မှာ"

"ဟုတ်လား ... ရုံးပြန်တက်မလို့လား"

"ရုံးက သုံးရက်ခွင့်ယူထားတာ၊ ဒီနေ့ တစ်ရက်ကျန်သေးတယ်လေ၊ အခုက မြို့ထဲသွားမလို့ပါ၊ အတော်ပဲ၊ အစ်ကိုကြီးနဲ့ ပေးတွေ့ချင်တာ၊ အချိန်မရှိလို့ ဒီတစ်ခေါက်တော့ မတွေ့ပေးနိုင်တော့ဘူး ထင်လို့"



www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းချမ်း ဘာကို ဆိုလိုတာလဲ၊ တွေးလို့မရ ရှိနေသေးချိန်မှာပဲ အဆောင်ထဲကနေ အသားညိုညို၊ ပိန်ညှော်ညှော်နဲ့ လူငယ်တစ်ယောက် ထွက်လာလေသည်။

"ကိုမိုး ... ခဏလာပါဦး"

ကောင်လေးက ပညာသိပ်မတတ်သော လက်လုပ်လက်စားလေးတစ်ယောက်ရဲ့ ခပ်ကုပ်ကုပ်၊ ရိုရိုကျိုးကျိုးပုံနဲ့ အနားကပ်လာသည်။

"ဒါ ငြိမ်း ပြောပြောနေတဲ့ အစ်ကိုကြီး ကိုကိုချစ် ဆိုတာလေ၊ ငြိမ်းကို အလုပ်ထဲမှာ စောင့်ရှောက်ပေးနေတဲ့ ဆရာပေါ့"

"ဟုတ်ကဲ့၊ ငြိမ်းက အစ်ကိုကြီးအကြောင်း စာထဲမှာ ခဏခဏ ထည့်ရေးပါတယ်ခင်ဗျ၊ လူချင်းတွေ့တော့လည်း အစ်ကိုကြီး အကြောင်းပဲ ပြောနေတာ၊ ကျွန်တော်က သတင်းကြားနဲ့ လေးစားနေတာပါ"

မြို့သားအချင်းချင်း မိတ်ဆက်ပေးခံရသည့်အခါ ဟန်ပါပါနဲ့ လက်ဆွဲနှုတ်ဆက်ကြတာမျိုး မဟုတ်ဘဲ ရိုရိုသေသေ လက်အုပ်ကလေးချီကာ ကိုယ်ကလေးကိုကျုံ့ပြီး နှုတ်ဆက်ပုံလေးကဖြင့် သနားစရာ။





ဒီကောင်လေးက မငြိမ်းချမ်းရဲ့အစ်ကိုလား၊ မောင်လား၊ ဒါမှမဟုတ် သူငယ်ချင်းလား မသိ။ ပုံစံလေးကတော့ ခပ်နုံနုံ တောသားဟန် အပြည့်ပဲ။

"အစ်ကိုကြီး ... သူက ကိုမိုးအေးတဲ့၊ ငြိမ်းတို့ မြို့ကပါ၊ အရင်ကတော့ အိမ်နီးနားချင်း၊ ငယ်သူငယ်ချင်းလည်းဖြစ်၊ နှစ်အိမ်တစ်အိမ်လည်း ရင်းနှီးကြပြီ၊ လူကြီးတွေက ရည်စားထားကြတာ၊ ကိုမိုးကလည်း ငြိမ်းကို လက်ထပ်ခွင့်တောင်းထားတာလေ၊ ဒီတစ်ခေါက်တော့ ငြိမ်းကလည်း သူ့ကို လက်ခံလိုက်ပြီ၊ ဒီနှစ် မိုးကုန် စပါးပေါ်ချိန်ကျရင်တော့ ငြိမ်းတို့ လက်ထပ်ကြတော့မယ်လို့ စဉ်းစားထားကြတာ"

"ဘာ ... ဘာ"

ကြားလိုက်ရသည့် စကားတွေကို ဟုတ်မဟုတ်ရဲ့လားလို့ ပြန်လည်ဆန်းစစ်နေရသည်။ ကြုံခဲ့ရသည့် အလွဲတွေများလွန်းအားကြီးလို့ ဒီတစ်ခါလည်း ထင်ယောင်ထင်မှားများဖြစ်နေလေသလား။

"ကန်တော့ပါ အစ်ကိုကြီး၊ ငြိမ်းကလည်းကွာ၊ လူကြီးကို ဘာတွေသွားပြောနေတာလဲ၊ ဒီလိုပါ၊ ကျွန်တော်က အစ်ကိုကြီးညီမကို မိသားဖသားပီပီ ထိမ်းမြားချင်လို့ပါ၊ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီမှာလည်း တစ်ခါတည်း ခွင့်တောင်းပါတယ်၊ ကျွန်တော် သူ့ကို တစ်သက်လုံး စိတ်ချမ်းသာအောင် စောင့်ရှောက်သွားမှာပါ"

"အင်း ... အင်း"

ဘာများ ထပ်ပြောစရာ ရှိဦးမှာလဲ။ ဒီစကားနှစ်ခွန်းတောင်မှ ကိုကိုချစ် လည်ချောင်းထဲက မနည်းဖျစ်ညှစ်ထုတ်ယူရတာ။

"အစ်ကိုကြီးလက်ထဲက နှင်းဆီပန်းတွေပါလား၊ လှလိုက်တာ၊ ဘာလုပ်ဖို့လဲဟင်"

"ဟို ... ဟို ... ဘုရားပန်းကပ်ဖို့ ဝယ်လာတာပါ"

"ဪ ... သာဓုပါ အစ်ကိုကြီး၊ သာဓု ... သာဓု"

မငြိမ်းချမ်းရဲ့ သာဓုခေါ်သံဟာ လှောင်ပြောင်သရော်သံများ စွက်နေလေသလား။ သူမရဲ့ ရီးသားတည်ငြိမ်သော မျက်နှာလေးပေါ်မှာရော "ရှင်ကြီး ဘာတတ်နိုင်သေးသလဲ"ဆိုသည့် ခနဲ့ချင်သည့် သဘောများ ပါဝင်နေမလားလို့ ကိုကိုချစ်က သံသယဖြစ်စွာ စစ်ဆေးကြည့်နေမိသေးသည်။

အို ... ဘာများထူးတော့မှာလဲ။ မငြိမ်းချမ်းလို မိန်းကလေးကိုတောင် မပိုင်ဆိုင်နိုင်တဲ့ကောင် အရှက်ကွဲတော့ရော ဘာထူးသေးလဲ။ ဒီလောက်တောင် ဖူးစာရေးနဲ့ ပတ်သက်ပြီး



ဆက်တိုက် အလွဲကြီး လွဲလာတဲ့ကောင် သေလိုက်ဖို့သာ ကောင်းတော့တာ။

"ကိုယ်ပြန်လိုက်ဦးမယ်၊ မောင်မိုးအေးလည်း ပြန်မယ်နော်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် နောက်တစ်ခါလာတော့မှ အစ်ကိုကြီးကို သတ်သတ် လာကန်တော့ပါဦးမယ်ခင်ဗျာ"

တမင်တကာ လုပ်နေတာလား၊ သူ့သဘာဝပဲလားတော့ မသိ။ မောင်မိုးအေးကလည်း တရားလွန်ကို ရိုသေပြနေတော့တာ။

သူတို့တွေကိုကြည့်ပြီး ကိုကိုချစ်ကတော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံနိုင်တော့။ အမြန်ဆုံးပဲ လှည့်ထွက်လာရတော့သည်။

လမ်းပေါ်ရောက်တော့မှ စိတ်ထဲ ပေါ့သွားကာ အသက်ရှူရတာ ဝဝလင်လင် ရှိလာသလို ခံစားရသည်။

အဆုံးမဲ့ကျယ်ပြန့်လှတဲ့ အိုကောင်းကင်။ သင်ကောင်းကင်ရဲ့အောက်မှာ မှိန်ရှိနေထိုင်ကြတဲ့ လူသားသန်းထောင်ပေါင်းများစွာထဲမှာ ကိုကိုချစ် တစ်ယောက်ကိုမှ ကွက်ပြီး ကျီစယ်လိုတဲ့သဘောနဲ့ ချစ်ခြင်းတရားနဲ့ လွဲချော်စွာ ရှင်သန်ကြီးပြင်းနေစေခဲ့တာဟာ ဘာအကြောင်းကြောင့်ပါလဲ။

www.burmeseclassic.com



တကယ်လို့ ဒါဟာ ရေးဘဝက ဝဋ်ကြွေးကြောင့် ဆိုရင်တော့ သီချင်းထဲကလို ဒီဘဝ ဒီမျှနဲ့ပဲ ပြီးပါစေတော့လို့ ဆုတောင်းချင်ပါရဲ့။

သိပ်မကြာခင်မှာတော့ ရွှေတိဂုံဘုရားရဲ့ တနင်္လာနံထောင့်မှာ နှင်းဆီပန်းအဖြူတစ်စည်းကို ကိုင်ကာ အရှိန်ကြာမြင့်စွာ ဘုရားဝတ်ပြု ဆုတောင်းနေသော ကိုကိုချစ်ကို တွေ့ရလေတော့သည်။

**ခင်ဦးခင်ခင်**

**(ဆေးတက္ကသိုလ်)**

**9:35 PM**

**28-5-2010**

**FRIDAY.**

BURMESE CLASSIC

www.burmeseclassic.com